www.burmeseclassic.com

# ကံချွန်၏ ဝိုင်ဝိုင်း

(မန္တလေး)

## ရယ်စရာ ပြုံးစရာ ကြင်နာစရာ

(ဝတ္ထုတိုများ)



CARTOON:KAN CHUN
DESIGN:KO KO MYINT

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတိုစုစည်းမှု

# ကံချွန်

## စိန်စိန်ဦး (မန္တလေး)

# ရယ်စရာပြုံးစရာ ကြည်နူးစရာ

(ဝတ္ထုတိုများ)

စိန်စိန်ဦး စာအုပ်တိုက်
တိုက် ၁၊ အခန်း အက်(စ)/၄
၅၁ အိမ်ရာစခန်း၊ မဟာဗန္ဓုလလမ်း
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် [၁၀၅ /၉၇(၃)]
မျက်နှာဖုံးခွင့်ပြုချက် [၁၈၂ /၉၇(၄)]
ပုံနှိပ်ခြင်း ၁၉၉၇၊ ဇွန်လ၊ ပထမအကြိမ်
အုပ်ရေ ၅၀၀

မျက်နှာဖုံးပန်းချီနှင့်ဒီဇိုင်း ကာတွန်းကံချွန်
ဒီဇိုင်းကိုကိုမြင့်
မျက်နှာဖုံးကာလာခွဲ အလ်ဖာ

ထုတ်ဝေသူ ဦးမောင်ဟန် (၀၈၇၆) ကမ္ဘာလုံးစာပေ
၂၅၉၊ ၃၀၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ရွှေ(၀၂၀၇၉) သုခပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း(အထက်လမ်း)
ရန်ကုန်မြို့။

စာအုပ်ချုပ် ကိုမြင့်

စာစီ ခေတ် ကွန်ပျူတာ

အတွင်းဖလင် ဓင်ဦးနှင့်ညီများ

တန်ဖိုး ၇၀၀

# မာတိကာ

| | | |
|---|---|---|
| | စာရေးသူ၏အမှာစာ | ၅ |
| | [ကံချွန်၏ရယ်စရာ၊ ပြုံးစရာဝတ္ထုတိုများ] | |
| ၁။ | မေတ္တာတရားခွင် | ၆ |
| ၂။ | ဆင်ဆယ်တန် | ၁၂ |
| ၃။ | တက်တူ | ၁၈ |
| ၄။ | လူ့စိတ် | ၂၆ |
| ၅။ | မှန်းချက်နှင့်နမ်းထွက် | ၃၂ |
| ၆။ | ပေတံ | ၃၈ |
| ၇။ | မြင်တတ်ရင် ရေးစရာရှည်းပဲ | ၄၂ |
| ၈။ | မိုးခါးရေ | ၄၈ |
| ၉။ | သူ့အကြောင်းကိုယ့်အကြောင်း | ၆၀ |
| ၁၀။ | ဗေဒင်ဆရာအတွက်မှားလို့ | ၆၈ |
| ၁၁။ | အရေးယူလို့မရပါ | ၇၆ |
| ၁၂။ | ကြားဖြတ်အမှာစာ | ၈၁ |
| ၁၃။ | ရှေရှည်ဝင်းသည် | ၈၄ |
| ၁၄။ | ကြက်တက်ရှူးတတ်တယ် | ၉၆ |
| ၁၅။ | စားရက်ကြ်တော့ | ၁၀၆ |
| ၁၆။ | အသစ်ရဲ့အစ (အမှာစာ) | ၁၂၂ |
| | မောင်သစ်လွင်(လူထု) | |

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

[ စိန်စိန်ဦး(မန္တလေး)၏ ကြည်နူးစရာဝတ္ထုတိုများ ]


၁၇။ ရေစဲရေ ၁၂၈

၁၈။ အဝယ်တော် ၁၃၈

၁၉။ ဒေါ်ဖိ ၁၄၆

၂၀။ ရဟတ်ပေါ်ကလူ ၁၅၄

၂၁။ လောင်စာ ၁၆၂

၂၂။ သတိတွေရနေတယ် ၁၇၂




ရယ်စရာ

ပြုံးစရာ

ကြည်နူးစရာ...ဆိုတာ...

(စာရေးသူ၏အမှာ)

လူဆိုတော့ ခံစားမှုအမျိုးမျိုး ရှိတာပေါ့။ ရယ်ချင်တဲ့အခါ မပြုံးချင်တဲ့အခါ။ မရယ်မပြုံးပေမယ့် စိတ်ထဲမှာ ကြည်နူးသွားတဲ့အခါ။ အဲသလို ခံစား ရတဲ့ အချိန်တွေမှာ ရေးထားတဲ့ စာတွေ စုထုတ်လို့ ဒီစာအုပ်ကို ရယ်စရာ ပြုံးစရာ ကြည်နူးစရာလို့ အမည်ပေးလိုက်ရတာပါ။

လွမ်းတဲ့ ဆွေးတဲ့ ကြေကွဲတဲ့အခါတွေမှာတော့ ကျွန်တော် စာမရေးဘူး။ အဲသလို ခံစားမှုကို ရင်ထဲမှာ ကြာရှည် လက်ခံမထားဘူး။ စိတ်မချမ်းမြေ့စရာကို တစိမ့်စိမ့် မခံစားစေချင်သလို သူများကိုလည်း အဲသလို ခံစားမှုမျိုး မပေးချင်ပါဘူး။ ဒါကြောင့် မရေးတာပါ။

* * *

ဒီစာအုပ်မှာ ကျွန်တော်ရေးတဲ့ ဝတ္ထုတို ၁၄ ပုဒ်။ စိန်စိန်ဦး(မန္တလေး) ရေးတဲ့ ဝတ္ထုတို ၆ ပုဒ် ပါဝင်ပါတယ်။ စိန်စိန်ဦး(မန္တလေး)ဆိုတာ ကျွန်တော့် သမီးပါ။ ကျွန်တော် သူ့ကို စာရေးဆရာမ ဖြစ်စေချင်တာပေါ့။ ဒါပေမယ့် အဲဒီ ဝတ္ထုတို ၆ ပုဒ်ရေးပြီး လုံးဝ ဝတ္ထုတို မရေးတော့ပါဘူး။ အဲဒီဝတ္ထုတွေက လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ရေးခဲ့တာတွေပါ။ တချို့ဝတ္ထုတိုတွေက မဂ္ဂဇင်းတိုက် လေးငါးတိုက် ပြောင်းပြီး ရှစ်နှစ် ကိုးနှစ်နေမှ မြို့တော်မဂ္ဂဇင်းမှာ ပါခဲ့ပါတယ်။

သူ့ဝတ္ထုတိုလေးတွေချည်း စုထုတ်ပေးချင်တာ။ နောက်ထပ် ဝတ္ထုတို မရေးတော့လို့ သမီးရဲ့ ဝတ္ထုတိုလေးတွေ အမှတ်တရလည်း ဖြစ်စေချင်တာရယ်။ ပြန်ပြီးများ ဝတ္ထုတိုရေးချင်စိတ် ပေါ်လေမလားဆိုတဲ့ မျှော်လင့်ချက်ရယ်နဲ့ ဒီစာအုပ် ထုတ်ဖြစ်တာပါ။

*ဖခင်တစ်ယောက်ရဲ့ ဆန္ဒပါလေ။*


**ကံချွန်**



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာတရားခွင်





ကိုသစ္စာ ရေနွေးငှဲ့နေချိန်မှာပင် မဖော့က ခြေဖျားထောက်၍ အသာ လျှောက်ဝင်လာသည်။ နေခင်းကြောင်တောင် ဘယ့်နှယ် သူခိုးသွား သွားနေပါလိမ့်လို့ ရူးစမ်းသောအကြည့်နှင့် ကိုသစ္စာက ကြည့်လိုက်ပြီး–

"မင်းက လေ့ကျင့်နေတာလား။ မကောင်းပါဘူးကွာ။ ဆရာမဏီ ငါးပါးထဲမှာ အဒိန္နာဒါနာ ပါတယ်ကွ။ တရားဥပဒေ အရလဲ ခိုးတာကို တိုင်သူရှိရင် ဖမ်းတယ်။ ဥပဒေပုဒ်မ..."

"ဒီမယ်"

အနားရောက်လာသော မဖော့က လေအသံတိုးတိုးနှင့် ဟန့်တားလိုက်သည်။

"ဘာလဲ"

"တော်ထင်ရာ ပြောမနဲ့။ ဟိုဘက်တိုက်က သားအမိ ဒီဘက်မှာ လူတွေမရှိဘူးမှတ်လို့ ရန်ဖြစ်နေကြတယ်"

"မင်းက ဘယ်လိုလုပ် သိတာလဲ"

"သူတို့ချင်း ပြောတာလေ။ ဘေးလူတွေကြားသွားပါမယ် တဲ့။ သမီးက အဲဒါအမေက ဒီအချိန် အိပ်နေကြတယ်တဲ့ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေတယ်မှတ်ပြီး ပြောနေကြတာ။ အဲဒါကြောင့် တော့်ကို တိုးတိုးတိတ်တိတ် လာခေါ်တာ။ လာ မီးဖိုခန်းထဲက လိုက်ပြီး နားထောင်လှည့်"

"ဟာ...နားမထောင်ချင်ပါဘူး။ ရန်ဖြစ်တာပဲ"

"တော်ဘာသိလို့လဲ။ သမီးကရှေ့နေ။ အမေက တရားသူကြီးဟောင်း"

"ဘာနဲ့ဘာပဲဖြစ်ဖြစ် စိတ်ချင်းမတိုက်ဆိုင်ရင် အခန့်မသင့်ရင် ဖြစ်မှာပေါ့ဟ"

"တော်ဟာလေ စာရေးဆရာဆိုပြီး ဘာမှ လေ့လာချင်စိတ်မရှိဘူး...လာ"

မဖော့က ပြောပြောဆိုဆို ကိုသစ္စာအား စွပ်ကျယ်လည်ပင်းပေါက်မှ ဆွဲကာ ခေါ်သွားသောကြောင့် မီးဖိုခန်းထဲသို့ ယက်ကန်ယက်ကန်နှင့် ပါသွားရလေတော့သတည်း။

* * *

"အမေရယ် အိမ်ထောင်တစ်ခု တည်ထောင်တဲ့ဆီမှာ..."

"တော်...ချစ်ချင်းမေတ္တာ ပါတာတွေ မပါတာတွေ ပြောမနေနဲ့။ ငါလဲ ညည်းအဖေယူတုန်းက ချစ်တာမဟုတ်ဘူး။ လူကြီးတွေ စီမံရာနာခံခဲ့တာ။ အဲဒါကြောင့် ညည်းတို့လူလိုသူလိုဖြစ်နေတာ။ ငါသာ ငါချစ်တဲ့သူကို ယူခဲ့ရင် ဒီအချိန် ညည်းတို့ အကြော်လည်ရောင်းနေရပြီ"

"မဟုတ်ဘူးမေမေ...သမီးပြောချင်တာက သမီးချစ်တဲ့လူ။ ပြီးတော့ မေမေတို့ပါ လက်ခံနိုင်မယ့်လူဆိုရင်..."

"ဒေါ်ခင်စန္ဒာ ရှေ့နေကြီး ဒါ ရုံးမဟုတ်ဘူး။ စကားတတ်တိုင်း ကိုယ်ဖြစ်ချင်တာ ဖြစ်ရအောင် လှည့်ပတ်ပြောဖို့ မကြိုးစားပါနဲ့"

"မေမေရယ် ကိုယ်ဖြစ်ချင်တာဖြစ်ရအောင် လှည့်ပတ်ပြောတာ မဟုတ်ပါဘူး။ ဖြစ်သင့်တာဖြစ်ရအောင် သမီးက ပြောပြနေ





ဘာပါ။ သမီး အမှုလက်ခံရင်တောင် ကိုယ်မှန်တယ်လို့ ယုံကြည်တဲ့ဘက်က လိုက်တာပါ။ အမှုသဘော မေးသေးတာပါ"

"ဒါ အမှုဖြစ်နေတာ မဟုတ်ဘူး။ သမီးရှေ့နေကြီးကို ဆင်စီးပြီး မြင်းရံစေချင်လို့ ဆရာဝန်ကြီးနဲ့ ပေးစားဖို့ စီစဉ်တာ။ အဲဒါ ငါ မှားသလား"

"မှားတော့မမှားပါဘူး မေမေရယ်။ မေမေသင့်တော်မယ်ထင်လို့ ရွေးချယ်ထားတဲ့ လူထက် သာတဲ့သူဟာ သမီးချစ်သူအဖြစ် အဆင်သင့်ရှိနေရင်ကော"

"သမီး"

"ပြောပါ မေမေ"

"အမှုတစ်ခုကို အမိန့်ချတော့မယ်ဆိုမှ သက်သေတစ်ယောက် ခေါ်ပါရစေဦး။ တင်ပြီးသား လျှောက်လဲချက် ပြင်ပါရစေဦးဆိုလို့ ဖြစ်မယ်တဲ့လား"

"သမီးကလဲ ပြန်မေးပါရစေ မေမေ"

"မေးပါ မေးပါ"

"တစ်ခါမှ ရုံးချိန်မခေါ်ဘဲ အရှုံးအနိုင်ဆုံးဖြတ်တဲ့ အမှုရယ်လို့ သမီး မတွေ့ဖူးဘူး။ မေမေများ တွေ့ဖူးသလား"

* * *

ကိုသစ္စာမှာ နားထောင်ရင်း စိတ်ဝင်စားနေပြီ။ သူတို့ပြဿနာ မည်သို့ ဆုံးဖြတ်မည်ကို သိချင်နေသည်။ တရားသူကြီးနှင့် ရှေ့နေမို့ ရက်ချိန်းပေးလျှင်တော့ ကောင်းခန်းရောက်မှ ရပ်သွားသည့် အခန်းဆက်ဝတ္ထုဖတ်ရသလို ဖြစ်တော့မည်။ ထိုစဉ် အသွားကြီးအသံက ပေါ်လာသည်။

* * *

"ဒါ တရားရုံးမဟုတ်ဘူး"

"တရားရုံးမဟုတ်ပေမယ့် တရားမျှတမှုဆိုတာ ရှိနေရာတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိသင့်တာပေါ့ မေမေ။ ခု မေမေတို့ စီစဉ်ပုံက တစ်ဖက်သတ် ကျူလွန်းနေတယ်။ သမီးရဲ့သဘောထားကို လုံးဝ မမေးဘူး။ အဲဒါ မေမေတို့ရဲ့ အမှားပဲ”

“အံမယ်မယ်...မေမေတို့ရဲ့ အမှားတဲ့။ အမှားဆိုတာ ဘာလဲ။ အမှန်ဆိုတာဘာလဲ။ မုဆိုးကသမင်ကို မြားနဲ့ပစ်တိုက်တာ နောက်ချာဖောက်ပြီး နားရွက်မှန်သွားတယ်ဆိုတာကို မှားတယ်လို့ ပြောမလား။ ဟင်းဟင်း...နားရွက်အယားဖျောက်နေတုန်း ပစ်လိုက်တာလေ။ အမှန်တရားဆိုတာ ယုတ္တိရှိဖို့ပဲ လိုတယ်။ ယုတ္တိရှိရင် အများက လက်ခံမှာပဲ။ အများက လက်ခံရင် မှန်လို့ပေါ့။ ကဲ- သမီး ဒီအရပ်ထဲ လိုက်မေးကြည့်စမ်း။ မေမေ စီစဉ်တာကို မသင့်တော်ပါဘူးလို့ ပြောမယ့်လူ ရှိသလားလို့”

“ဟုတ်ပါတယ် မေမေ။ မေမေ စီစဉ်တာကို မသင့်တော်ပါဘူးလို့ ပြောမယ့်လူမရှိသလို သမီးက ကုမ္ပဏီကြီးတစ်ခု ညွှန်ကြားရေးမှူးနဲ့ လက်ထပ်မယ်ဆိုရင် ‘ပိုကောင်းတာပေါ့’လို့ ပြောကြမှာကိုရော မေမေ မတွေးမိဘူးလား”

“ဒေါ်ခင်စန္ဒာ ရှေ့နေကြီး”

အဘွားကြီးအသံတွင် ဒေါသံလေး စွပ်ပါလာပြီး-

“အမေက လက်နဲ့ရေးတာကို သမီးက ခြေနဲ့ဖျက်ဖို့ မကြိုးစားပါနဲ့။ အဖြူကိုအမည်း။ အမည်းကိုအဖြူဖြစ်အောင် လျှောက်လဲတတ်တဲ့ စကားပရိယာယ်ကို တရားရုံးရောက်မှ သုံးပါ။ ဒါ ရုံးမဟုတ်ဘူး။ အမေရဲ့ စေတနာကို စော်ကားဖို့အတွက် စကားလုံးတွေ ဘယ်လောက်လှလှ။ နံပါတ်ဖိုးမှုကို လွတ်အောင်လျှောက်လဲသလို ဖြစ်တော့မှာပေါ့”

အသံများ ခဏမျှ တိတ်ဆိတ်သွားသည်။ ပြီးမှ-

“အမေ”

“ဘာလဲ”





“အမေဘာလို့ ခုကိစ္စမှာ အတင်းအကျပ် စီစဉ်နေတာလဲ ဟင်...”

“အမေ အမှန်အတိုင်း ပြောရမလား”

“သိချင်တယ် အမေ”

“ဒေါက်တာထွန်းရှိန်ခေါင်ဟာ သမီးကို နှစ်သက်နေတယ်လေ။ သူ ဘယ်လောက်ထိ နှစ်သက်သလဲဆိုရင် ပြီးခဲ့တဲ့လက မေမေ ဝယ်လိုက်တဲ့ ကိုးကကြီးကားဟာ ဒေါက်တာထွန်းရှိန်ခေါင်ရဲ့ ငွေနဲ့ ဝယ်လိုက်တာပေါ့။ သမီး ဆိုင်ကယ်စီးနေတာ မကြည့်ရက်ဘူး အန္တရာယ်များတယ်ဆိုပြီး ဝယ်ပေးတာလေ”

“ဟင်းဟင်းဟင်းဟင်း”

ဒေါ်ခင်စန္ဒာ၏ ရယ်သံမှာ နှုတ်ခမ်းမဟဘဲ ရယ်လိုက်မှန်း သိသာနေသည်။

“မေမေဘာလို့ ဒေါက်တာထွန်းရှိန်ခေါင်နဲ့သမီးကို သဘောတူလိုက်တယ်ဆိုတာ သမီး နားလည်သွားပါပြီ မေမေ။ သမီးကြိုသိရင်တော့ စကားတစ်ခွန်း ပြောမိမှာ သေချာတယ်။ မေမေ မဆုံးဖြတ်ခင်က ဆိုရင်ပေါ့လေ”

“သမီးက ဘာပြောမှာလဲ”

“ဒါ ရုံးမဟုတ်ဘူး မေမေလို့”

* * *

ကိုသစ္စာသည် အိမ်ရှေ့ဖက်ခန်း[illegible]အားပါးတရပြုံးပြီး ထွက်လာသည်။ သူ့အတွက် ဝတ္ထုတစ်ပုဒ် ရလိုက်လေပြီ။ စာရေးစားပွဲမှာထိုင်ကာ သူရေးမည့် ဝတ္ထုအတွက် ခေါင်းစီးတပ်လိုက်သည်။

“ဒါ ရုံးမဟုတ်ဘူး”

မှတ်ချက်။ တရားသူကြီးဟောင်းဟု ရေးဖွဲ့ထား၍ ယနေ့တရားသူကြီးနှင့် မဆိုင်ပါ။

ကံချွန်


❑



www.burmeseclassic.com

www.burmeseclassic.com

# ဆင်ဆယ်တန်



## ဆင်ဆယ်တန်

"ကိုသစ္စာ"

"ဘာလဲ"

"တော့်ဆီ ဆင်ဆယ်တန် မရှိဘူးလား"

"ဘာ ဆင်ဆယ်တန်လဲ"

"ဆင်ရုပ်နဲ့ တစ်ဆယ်တန်အပြာလေးတော်"

"မရှိဘူး။ မင်းက ဘာလုပ်မလို့လဲ"

"အဲဒီအပေါ် အင်းရေးပြီး ဆောင်ထားရင် ငွေမပြတ် ...ဘူး"

"ရှုးပါကွာ"

ကိုသစ္စာ၏ မှတ်ချက်ကြောင့် မဖော့က မျက်စောင်းကို ...င်းပါရမ်း၍ ထိုးလိုက်သည်။

"လူဆိုတာ ကိုယ့်အားကိုယ်ကိုးရတယ်ကွ"

"ကျုပ်အားကျုပ်ကိုးလို့ ထမင်းစားနေရတာပေါ့။ တော့်သာ ...ကိုးမိရင် ငါးပါးသီလမယူဘဲ ဥပုသ်စောင့်နေရတာ ကြာပြီ။ ...ဘက ကျောင်းတွေဖွင့်တော့ တော့်အားကိုးမရလို့ ဆင်ဆယ်တန် ...ကိုးမလို့ အဲဒါ ဘာဖြစ်လဲ"

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မဖော့၏ စကားကြောင့် ကိုသစ္စာ ငြိမ်သွားသည်။ ရှေ့ဆက်တိုးပါက သူ့သာနာဖွယ်ရှိသောကြောင့် ငြိမ်လိုက်ရခြင်း ဖြစ်ပါသည်။ မဖော့က ဆေးပေါ့လိပ်ကို နှစ်ဖွာသုံးဖွာ ဖွာလိုက်ပြီးမှ–

"တော့်ဆီစာတိုက်က စာမူခလာတယ်မဟုတ်လား"

"လာလို့ မင်းကို လေးရာပေးလိုက်တာလေ"

"အဲဒါက ကြွေးဆပ်လိုက်လို့ကုန်ပြီ။ တော်သုံးဖို့ ယူထားတဲ့ တစ်ရာရှိသေးတယ် မဟုတ်လား"

ကိုသစ္စာ မျက်လုံးအပြူးသားနှင့် ကြည့်လိုက်သည်။

"အဲဒီထဲက ကျုပ်ကို ငါးဆယ်ပေး"

"ဘာလုပ်မလို့လဲ"

"ပေးမှာသာ ပေးစမ်းပါတော်"

သို့နှင့် မဖော့သည် ကိုသစ္စာထံမှ ငွေငါးဆယ်ကိုယူကာ ထွက်သွားတော့သည်။

ကွမ်းတစ်ရာညက်ခန့်အကြာတွင် ဆင်ဆယ်တန်နှင့်အတူ မဖော့ ပြန်ရောက်လာသည်။

"ဒီမယ် ရခဲ့ပြီ"

"ဘယ်က ရတာလဲ"

"ဈေးကောက် ကိုစံပြူးဆီက တစ်ရွက် ငါးဆယ်နဲ့ ဝယ်လာတာ"

"ဟော့..."

ကိုသစ္စာမှာ ဟော့...မှတစ်ပါး အခြားပြောရန်မရှိ၍ "ဟော့" ဟုသော အသံကိုပြုပြီးနောက် ရပ်သွားသည်။

ကိုစံပြူးဆီမှာက ဆင်ဆယ်တန်နှစ်ရွက် ရှိတယ်လေ။ အဲဒါ တောင်းပန်ပြီး တစ်ရွက်ဝယ်လာတာ။ ဒီမယ် တော့်မျက်လုံးကြီးက မင်း အ,ရန်ကောဆိုပြီး ကြည့်နေတာမဟုတ်လား။ ကျုပ် လည်လို့ ငါးဆယ်နဲ့ ရခဲ့တာနော်။ ဟိုအရက်သမား ဖိုးတေဆီက ဆင်ဆယ်တန်





ဆိုရင် စိန်ပွဲစား ဒေါ်မမလေးက သုံးရာပေးဝယ် သွားတာ"

"ဩော်...မင်းထက် အ,တဲ့လူ ရှိသေးသကိုး"

"ဒီမယ် ကိုသစ္စာ"

"ပြော"

"မနော်ဟာရီလမ်းက ဒေါက်တာစိန်အေးတို့။ ဈေးထောင့်က ရှေ့နေမ ဒေါ်ယုယုတို့ရော အ,တာပဲလား"

"ဘာဆိုင်လို့လဲ"

"သွားကြည့်စမ်း သူတို့တိုက်အဝင်ဝမှာ ဆင်ဆယ်တန်ကို တွဲလောင်းတွဲလောင်းနဲ့ ပလတ်စတစ်လောင်းပြီး ဆွဲထားတာ"

"သွားကြည့်မနေနဲ့ ဟုတ်တယ်"

မဖော့ဘက်မှ ထောက်ခံရင်း ဝင်လာသူက မောင်မြေဖွား ဖြစ်ပါသည်။

"ကျွန်တော့်တောင်မှ အမေက ဆင်ဆယ်တန် ရှာပေးပါဆိုလို့ ရှာပေးခဲ့ရပြီ"

"နေပါဦး အဲဒီ ဆင်ဆယ်တန် ဖက်တ်လမ်းက ဘယ်က စပေါ်လာတာလဲ"

"ကျွန်တော်တို့အိမ် သယ်လာတာကတော့ ကိုချစ်စရာပဲ"

ကိုချစ်စရာမှာ မန္တလေးမှ လူရှင်တော် စာရေးဆရာ ကိုချစ်စရာ ဖြစ်ပါသည်။

"ကိုချစ်စရာ ပြောတာကတော့ အင်း ရေးပေးတာက 'ဘဘ'တဲ့။ မုတ်ဆိတ်မွေးဖြူဖြူရှည်ရှည်နဲ့ အသက်ခုနစ်ဆယ်ကျော်လောက် ရှိပြီပြောတာပဲ"

"ကိုချစ်စရာကရော ယုံသတဲ့လား"

"သူကတော့ အရင်က ဖဲရှုံးပြီဆို အကုန်ပြောင်တာ။ ခုတော့ အနည်းဆုံး အဲဒီတစ်ရွက်ဖြစ်ဖြစ် ကျန်နေရစ်လို့ ငွေမပြတ်ဘူးဆိုတာတော့ မှန်တယ်လို့ ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်မြေဖွားက ပြုံးစိစိနှင့် ပြောသည်။ မဖော့က မျက်စောင်းထိုးပြီး ထိုင်နေရာမှ ထထွက်သွားသည်။

ကိုသစ္စာသည် သူ့အိတ်ထဲမှ လက်ကျန် ငွေငါးဆယ်အတွက် ရင်တမမ ဖြစ်နေရပါသည်။ မနေ့က မဖော့လက်မှာ ဆင်ဆယ်တန် ရောက်နေပြီ။ ဒီနေ့ အင်းရေးရန် ဘာဘာဆီသွားမည်ဟု ဆိုသည်။ ဘာဘာဆီသွားရန် စရိတ်က လိုသေးသည်။ ကိုသစ္စာမှာ ဆင်ဆယ်တန် ကြောင့် တော်တော် စိတ်ညစ်ညူးနေရသည်။

ကိုးနာရီထိုးပြီ။ ခုထိတော့ မဖော့ သူ့ဆီ စရိတ်မတောင်းသေး။ မဖော့သည် ကရေ့လေးတွေကို ကျောင်းပို့ပြီးကတည်းက သူ၏ တစ်ထည်တည်းသော အကောင်းဆုံးဟု သတ်မှတ်ထားသည့် ပါတိတ်လုံချည်ကို ထုတ်ဝတ်သည်။ အင်္ကျီလဲသည်။ သနပ်ခါးလိမ်းသည်။ သွားရန် ပြင်ပြီးပြီ။ ကိုသစ္စာ မသိမသာ အကဲခတ်ပြီး ခေါင်းကိုင့်ကာ စိတ်မဝင်စားဘဲ စာအုပ်တစ်အုပ်ကို ဖတ်နေသည်။

"တီ...တီ"

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် ကိုသစ္စာ လှမ်းကြည့်လိုက်သည်။ မန်နေဂျာတစ်ယောက်၏ ဇနီးကို တွေ့ရသည်။ မဟာသိပ္ပံဘွဲ့ရပြီးသား။

"လာပြီ လာပြီ"

မဖော့က အသံပေးရင်း ထရပ်သည်။ ကိုသစ္စာ သူ့မျက်လုံးသူ ပွတ်ကြည့်သည်။ အမြင် မမှားပါ။ မဖော့ ကားပေါ်တက်နေစဉ်–

"နေရာတော့ မဖော့သိတယ်နော်"

"သိပါတယ်"

"မဖော့က ကံကောင်းတာ။ ကျွန်မ နှစ်ရာတောင် ပေးလိုက်ရတယ်။ ရတာကတော့ အသစ်ကလေးကို ရတာပါ"

ကံချွန်

ရွှေအမြုတေ၊ စက်တင်ဘာလ၊ ၁၉၉၆။


❑

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# တက်တူ



## တက်တူ

ကိုသစ္စာ တော်တော် အံ့သြသည်။ တက်တူက မြန်မာ့လက်ဝှေ့ပွဲတွင် ထိုးသတ်သည့်အကြောင်း ပြောစဉ်က မယုံခဲ့။ ယခုမူ ကြော်ငြာကားမှ ၁၀ ချီ အထူးစိန်ခေါ်ပွဲတွင် ရိုးမတောကြောင်နှင့် မြို့သစ် တက်တူတို့ ထိုးသတ်မည့်အကြောင်း ကြော်ငြာနေ၍ အံ့သြမိသည်။

တက်တူမှာ ငယ်စဉ်ကတည်းက အရိုက်အနှက်ခံ၍ ကြီးပြင်းခဲ့သူ။ သိတတ်စကတည်းက ရန်ဖြစ်ပြီဆိုလျှင် ခံရသူမှာ တက်တူ။ သူ၏ ဥပမိရုပ်ကြောင့် သူ့ခိုးထင်ခံရကာ ပွဲအပြန်မှာ ဝိုင်းအရိုက်ခံခဲ့ရဖူးသည်။ တုတ်မျိုးစုံ အရွယ်မျိုးစုံနှင့် ဝိုင်းရိုက်ကြရာ ခေါင်းတစ်ခုလုံး သြဇာသီးလိုဖြစ်နေသည့် အဖုတွေနှင့် ပြည့်နေသည်။ ပေါက်တော့မပေါက် အံ့သြဖို့ ကောင်းသည်။ မျက်နှာတစ်ခုလုံးလည်း အိုးမည်းသုတ်ထားသလား ထင်ရသည်။ တက်တူ သက်တမ်းတစ်လျှောက်တွင် တက်တူက ရိုက်ခဲ့သည် ထိုးခဲ့သည်ဟူ၍ မကြားစဖူး။

ထို့ကြောင်း ယခု တက်တူ လက်ဝှေ့ထိုးမည်ဆိုသောအခါ

www.burmeseclassic.com



မြို့သစ်၏ ရပ်ကွက်ကြီး(၄) တစ်ခုလုံး အထူးအဆန်း ဖြစ်နေသည်။ ကြော်ငြာကားမှ လှည့်အော်သွားပြီးချိန်မှာပင် လမ်းထိပ်လက်ဖက်ရည်ဆိုင်ထဲမှာ တက်တူ့အထိုးခံရသေးသည်။ မင်းကို ဒီလိုထိုးတော့ ဘယ်လိုရှောင်မလဲဟု မေးမေးထိုးထိုး ထိုးလိုက်ရာ တက်တူ ဖင်ထိုင်လဲသွားကြောင်း မဖော့က သတင်းပေး၍ ကိုသစ္စာ သိလိုက်ရသည်။ မည်သို့ဆိုစေ ထိုနေ့ညက လက်ဝှေ့ရုံတွင် ရုံပြည့်ရုံလျှံ အားပေးမှုကို ရသွားလေသည်။

ကိုသစ္စာသည်ပင် မကြည့်စဖူး နှစ်ရာတန်းမှ သွားရောက်ကြည့်ဖြစ်သည်။

ပွဲစသည်နှင့် သုံးချိစိန်ခေါ်ပွဲလေး ကြားဆိုင်းလေများ ထိုးသတ်သည်။ နောက်တော့ ငါးချိစိန်ခေါ်ပွဲ သုံးဆိုင်း ထိုးသတ်ကြပြန်သည်။ နောက် ခုနစ်ချိ ,ခုနစ်ချိပွဲများ၏ အထိုးအသတ်အကန်အကြောက်များသည်ပင် အတော် ပြင်းထန်နေသည်။ ထိုခုနစ်ချိပွဲလောက်မှာ ဝင်ထိုးလျှင်ပင် တက်တူမလွယ်ဟု ကိုသစ္စာတွေးနေမိသည်။ စကားတစ်ခွန်းပြောရန်ကိုပင် မျက်လုံးကြီးပြူးပါးစပ်ဟောင်းလောင်းနှင့်ဖွင့်၍ တော်တော်နှင့် ပြောမထွက်တတ်သော တက်တူ။ သူ ဘယ်လိုလုပ်ပြီးများ ရိုးမတောကြောင်နှင့် ထိုးပါမည်နည်းဟု စဉ်းစားမိသည်။

ရိုးမတောကြောင်မှာ အရှောင်အတိမ်း အထိုးအသတ်ကောင်းသည်။ သွက်လက်သည်။ လူငယ်ဖြစ်သည်။ နာမည်အကြီးဆုံးမဟုတ်သော်လည်း အလည်အလတ်တော့ ရှိသည်။ ခုနစ်ချိပွဲနှစ်ဆိုင်းထိုးအပြီးမှာ ကြေညာသူက "အများ မျှော်လင့်နေတဲ့ . . ." ဆိုသော စကားစလိုက်သည်နှင့် "ဟေးကနဲ အော်သံ ဟိန်းထွက်သွားသည်။ အစီအစဉ် ကြေညာသူ၏ စကားသံကိုပင် ဆက်မကြားရတော့။ စင်ပေါ်သို့ တက်တူ တက်လာသောအခါ "တက်တူကွ . . .မြို့သစ်သားကွ"ဟု အော်ဟစ်ကြသည်မှာ အဆက်မပြတ်။





တက်တူအား စင်ထောင့်မှ အကြံပေးနေသည်မှာ ဘကြီးဖိုးလူ။ ဘကြီးဖိုးလူ မြန်မာ့လက်ဝှေ့ထိုးဖူးသည်ဟု ဆိုသည်။ ယခုမှ သူလက်ဝှေ့ထိုးဖူးမှန်း သူ ပြော၍ သိကြခြင်းပါ။ သူ့ကို အားလုံးက အနှိပ်ဆရာကြီးဟုပင် သိထားကြသည်။ တက်တူမှာ ဘကြီးဖိုးလူ၏ တပည့်တော့ မဟုတ်ပါ။ တက်တူ လက်ဝှေ့ထိုးမည်ဟု ကြားကာမှ "ကျိုးကန်းနေရင် ဒုက္ခပါပဲကွာ"ဟု ပြောကာ တက်တူကိုခေါ် သင်ရသမျှသင် ပြောသင့်တာ ပြောပြနှင့် စင်ထောင့်ထိ ပါလာခြင်း ဖြစ်ပါသည်။ ရိုးမတောကြောင်မှာ တက်တူကို ဘာမှန်းညာမှန်းမသိဘဲ လန့်နေသလိုလို။

**ပထမအချီ စလွတ်ပေးလိုက်သည်။**

တက်တူ ပါးစပ်ဟောင်းလောင်းနှင့် ကြည့်နေစဉ်မှာပင် တောကြောင်၏ ဘယ်ညာလက်သီးများက တက်တူ မျက်နှာပေါ် ကျလာပြီး တစ်ဆက်တည်းမှာပင် ညာတံတောင်နှင့် နားထင်ကို ရိုက်ချလိုက်ရာ တက်တူ ပစ်လဲသွားလေသည်။ တက်တူ ပြန်ရပ်သည်။ ဒိုင်လူကြီးများက ရိုးမတောကြောင်နှင့် မျက်နှာချင်းဆိုင်ပေးပြီး လွတ်ပေးလိုက်ပြန်သည်။ လွတ်ပေးလိုက်သည်နှင့် တောကြောင်၏ ညာဖြောင့်လက်သီးက တက်တူ၏ မေးရိုးပေါ် ရောက်လာသည်။ တက်တူသည် နောက်ယိုင်သွားပြီးမှ တောကြောင်၏ ရင်ဝဆီသို့ ခေါင်းနှင့်ဝင်ဆောင့်လိုက်ရာ တောကြောင်၏ လက်သီးများ တက်တူမျက်နှာကို ထိုးကာကာနေရင်းမှ ဖင်ထိုင်လဲကျသွားလေသည်။ ပရိသတ်၏ လက်ခုပ်သံ အားပေးသံများက ဆူညံသွားသည်။ တောကြောင် အတော့်ကို အားယူ၍ ထရပြီး အချိန်စေ့သွားသည်။

**ဒုတိယအချီ**

ဘကြီးဖိုးလူသည် တက်တူကို နှိပ်နယ်ပေးပြီး စကားတွေလည်း တတွတ်တွတ်နှင့် ပြောနေသည်။ တက်တူကလည်း ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တညိတ်ညိတ်နှင့် အချိန်စေ့၍ ရင်ဆိုင်ရသောအခါ တက်တူ လှမ်းထိုးလိုက်သည်။ တောကြောင်က အသာရှောင်ပြီး ညာခြေနှင့် တံခေါက်ကွေးကို ပတ်ကန်ကာ တက်တူယိုင်အသွားမှာ ခေါင်းကို ကိုင်၍ ဘယ်ဒူးနှင့် တိုက်လိုက်သည်။ ထိုသို့ တိုက်လိုက်ချိန်မှာ တောကြောင်မျက်နှာ ရှုံ့သွားကာ နောက်ခုန်ထွက်သည်။ တက်တူ၏ လက်နှစ်ဘက်က တောကြောင်၏ ဗိုက်ဘေးနှစ်ဘက်ကို ဆုပ်ကိုင်လိုက်၍ ဖြစ်သည်။ တောကြောင်သည် တက်တူ၏ လက်နှစ်ဘက်ကို ပုတ်ချကာ ရုန်းလိုက်သော်လည်း နီရဲနေသော လက်ရာကြီးများက တက်တူ မည်မျှ ဆုပ်ကိုင်လိုက်ကြောင်းကို သိသာစေသည်။ တောကြောင်လည်း အရမ်းမဝင်တော့။ ပရိသတ် အားပေးသံများကလည်း ဆူညံနေပေပြီ။ တောကြောင်သည် တက်တူ မျက်နှာပေါ်သို့ ဘယ်ညာလက်သီး သုံးလေးလုံးထိုးပြီး အချိန်စေ့သွားသည်။

**တတိယအချီ**

တက်တူ၏ နဖူးနှင့် မျက်ရိုးပေါ်တွင် အညိုကွက်များကို စတွေ့နေရသည်။ ဘကြီးဖိုးလူ ရေဝတ်နှင့် အုပ်ပေး နှိပ်နယ်ပေးရင်း မှာနေပြန်သည်။ တက်တူကလည်း ခေါင်းတညိတ်ညိတ်နှင့်။

တတိယအချီ ပြန်စသောအခါ တောကြောင်လည်း လူချင်းမပူးတော့။ ဝိုက်လက်သီး ဖြောင့်လက်သီးများကို တွင်တွင်သုံးကာ တိုက်စစ်ဆင်တော့သည်။ တက်တူမှာ မူးနေပြီမှန်း သိသာနေပြီ။ တက်တူ မျက်လုံးတစ်ဘက်ကလည်း ပိတ်သွားပြီ။ တောကြောင်သည် မူးယိုင်နေသော တက်တူကို အားအပြည့်ထည့်ထားသော ညာဝိုက်လက်သီးဖြင့် လှဲသိပ်လိုက်သည်။ တက်တူ ပုံပျက်ပမ်းပျက် ပစ်ကျသွားသည်။

တစ်

နှစ်

သုံး





လေး

ငါး...

တက်တူ ပြန်ထလာသည်။ အချိန်စေ့သွား၍ တက်တူ သက်သာရာ ရသွားသည်။ ဦးဖိုးလူက တက်တူအတွက် ငါးမိနစ် နားခွင့်တောင်းလိုက်သည်။

**စတုတ္ထအချီ**

တက်တူ၏မျက်နှာမှာ အဖုအသီးတွေက ထွက်စပြုနေပြီ။ တက်တူ ခြေလှမ်းမာမာနှင့် စင်လယ် ပြန်လျှောက်လာတည်းက မြို့သစ်သားတို့ ဩဘာသံက ပွတ်လောရိုက်သွားသည်။

စတုတ္ထအချီ ပွဲစသည်နှင့် တောကြောင်၏ ညာဖြောင့်လက်သီးဒဏ်ကို တက်တူ ခံရတော့သည်။ ထိုးချက်များက မိုပြင်းသာသည်။ တက်တူက လက်ဖျံနှင့် မျက်နှာကို ကာထားရသည်။ တောကြောင်က လက်ဖျံကိုပါ ပိတ်ထိုးသည်။ ဝိုက်လက်သီးဖြင့် ခေါင်းတွေကို ထိုးသည်။ ခြေနှစ်ချောင်းကို ဝိုက်ကန်လိုက်ရာ တက်တူမှာ ငှက်ပျောပင်အား ဓားထက်ထက်နှင့် ခုတ်လိုက်သကဲ့သို့ ပစ်လဲသွားပြန်သည်။

ချက်ချင်းပြန်ထသည်။ ရင်ဆိုင်သည်။ တက်တူ၏ နှုတ်ခမ်းများပင် ထူနေပြီ။ တောကြောင်သည် တက်တူ ဘာမှ မတတ်ကြောင်း သိနေပြီ။ ထို့ကြောင့် စတုတ္ထအချီနှင့် လက်စသတ်ရန် စိတ်ကူးပုံရသည်။ ဒိုင်က လွှတ်ပေးသည်နှင့် သူ၏ လက်သီးများက တက်လူ၏ မျက်နှာပေါ်သို့ ဒရစပ်ကျပြန်သည်။ တက်တူသည် ခေါင်းကိုငုံ့ကာ ပြေးတိုက်ရန် ကြိုးစားသည်။ အရာမရောက်တော့။ တောကြောင်၏ ပင့်လက်သီးနှင့် ဝိုက်လက်သီးများက တက်တူကို ဖင်ထိုင်ကြစေပြန်သည်။

တက်တူမှာ အထိုးခံရန် အားယူ၍ ထလိုက်ပြန်သည်။ အထိုးခံရင်းနှင့်ပင် စတုတ္ထအချီ အချိန်စေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသစ္စာသည် စိတ်မချမ်းမသာ ဖြစ်နေသည်။ ဆက်ကြည့်ရန်ပင် စိတ်မပါတော့။ ဆရာဝန်သည် တက်တူကို ဆေးစစ်သည်။ ဘကြီးဖိုးလူက ပြုစုပေးနေသည်။ တက်တူကို စစ်ဆေးပြီးသောအခါ ရိုးမတောကြောင်ကို သွားစစ်သည်။ သွေးများ ပေနေသော လက်မှ ပတ်တီးကို ဖြည်ကြည့်သည်။ ပြီးတော့ စစ်ဆေးသည်။ တက်တူသည် မျက်နှာကို ရေဝတ်နှင့် အအုပ်ခံနေရာမှ တောကြောင်ကို လှမ်းကြည့်နေသည်။

ဆရာဝန်က ဒိုင်လူကြီးများနေရာမှာ သွားထိုင်လိုက်ပြီး စကားနည်းနည်း ပြောလိုက်သည်။ နောက်တော့ ဒိုင်လူကြီးများက တက်တူနိုင်ကြောင်း ကြေညာလိုက်လေသတည်း။

လက်ခုပ်သံများ ဆူညံသွားသည်။

ကိုသစ္စာသည် ဘဝင်မကျဘဲနှင့် ပြန်လာရသည်။ တောကြောင် ဆေးရှုံး ရှုံးသည်ဟု သိရသည်။ ဘယ်လို ဆေးရှုံးလဲဟု သိချင်နေသည်။ သို့ဖြင့် နောက်ရက်မှာ တက်တူကို ခေါ်မေးမိတော့သည်။

"တက်တူ လာပါဦး"

"ဘာများလဲ ဆရာ"

"မေးစရာရှိလို့"

"ငွေဘယ်လောက်ရသလဲ ဆိုတာလား"

"မဟုတ်ပါဘူးကွာ။ တောကြောင်ကို ဆရာဝန်က ဘာလို့ ဆက်ထိုးခွင့် မပေးတော့တာလဲ"

"လက်ညှိုးနဲ့ လက်ခလယ်ရိုးတွေ ကျိုးသွားလို့တဲ့"

ကံချွန်

(၂၃-၃-၉၆ အောင်ဆန်းကွင်း မြန်မာ့လက်ဝှေ့ပွဲအမှတ်တရ)

မြို့တော်မဂ္ဂဇင်း၊ ဒီဇင်ဘာ ၁၉၉၆။

❑



www.burmeseclassic.com

www.burmeseclassic.com

# လူ့မိတ်



## လူ့မိတ်

ကိုသစ္စာ၏ အိမ်ရှေ့မှာ ရေအိုးစင်တစ်ခု ဘွားကနဲ ပေါ်လာသည်။ ရေအိုးအသစ် ခွက်အသစ်။ မဖော့က ရေဖြည့်နေသည်။ မောင်မြေဖွားသည် "စူပါမင်း"ကို အရှင်လတ်လတ် တွေ့လိုက်ရသလို အံ့သြသွား၏။ မဖော့သည် သူ့အိပ်ထဲမှ ရေအိုးကိုပင် အလျှင်မီအောင် ဖြည့်ချင်သူမဟုတ်။ သောက်ရေခွက်က သောက်ခါနီးမှာ လိုက်ရှာနေသည်။ စိနိယာသစ္စာနှင့် ဂျူနိယာသစ္စာတို့ ကောင်းမှုကြောင့် ဘင်္ကားခုံအောက် ရောက်လို့ရောက် တံခါးချောင်မှ ထွက်လာလို့သော ရှာမတွေ့သည့်အခါ ပန်းကန်လုံးနှင့် ခပ်သောက်။

မောင်မြေဖွားသည် မဖော့ကို ကွင်းရှောင်ကာ အိမ်တွင်းသို့ ဝင်လိုက်သည်။ ဧည့်ခန်းတွင် မီးခြစ်ဆံတစ်ချောင်းနှင့် နားဖာကလော်နေသော ကိုသစ္စာကို အခန့်သား တွေ့လိုက်ရပါသည်။

"ဘယ်လိုတွေ ဖြစ်တာလဲ"

"ရေအကျိုး ၁၀ ပါး ဖတ်ပြမိလိုက်လို့ကွာ။ အသက်ရှည်မယ် ခွန်အားရှိမယ်ဆို သုံးခု ပြောရသေးတယ်။ ဒါလောက်ဆိုတော်ပြီ။ ကျန်တဲ့ ခုနစ်ပါး မသိချင်တော့ဘူးဆိုပြီး ရေအိုးစင် လုပ်တော့တာ"

www.burmeseclassic.com



"ရေအကျိုး ၁၀ ပါးက ကုသိုလ်လုပ်မှ ရမှာ။ အိမ်ထဲက ရေးအိုးက တာဝန်အရမို့ ဘာအကျိုးမှ ရမှာမဟုတ်ဘူးဆိုပြီး အိမ်ရှေ့ထွက် ရေအိုးစင်လုပ်တာတဲ့"

"တော်ပါတယ်လေ ကိုယ်သောက်ချင်တော့လဲ အိမ်ရှေ့ထွက်သောက်လိုက်တာပေါ့"

မဖော့ ရေးအိုးစင်တည်အပြီး မိနစ်ပိုင်းအတွင်းမှာပင် တစ်လမ်းလုံးက အထူးအဆန်းလုပ်၍ ထွက်ကြည့်ကြသည်။ နာရီပိုင်း အတွင်းမှာပင် အလှူရှင်ဆိုင်းဘုတ် မချိတ်ရပါဘဲနှင့် "မဖော့ရေအိုးစင်"ဟူသော အမည်ကို ရသွားလေသည်။ မဖော့မှာ ကျေနပ်မဆုံး တပြုံးပြုံးနှင့် ကျေးလက်စရိုက်ရော စွက်နေသော မြို့သစ်ပီပီ မဖော့ရေအိုးစင်ကို ကလေးတွေကလည်း လာသောက်ကြသည်။ မိန်းမကြီးတွေလည်း လာသောက်ကြည့်သည်။

"အေးနေတာပဲ"

"မဖော့တို့များ စိတ်ကူးသိပ်ကောင်းတာ ကုသိုလ်ယူတာတ်တယ်"

"ဒေါ်ဖော့ ရေအိုးစင်က ရေခဲရေထက် အေးတယ်ကွ"

လမ်းတစ်လျှောက် ဝဲယာ ကလေးများနှင့် မိန်းမကြီးတို့အတွက် ပြောစရာအကြောင်းအရာ ရသွားသည်။ မဖော့ပီတိ ဖြစ်နေသည်။ ထို ကြည်နူးနေသည့် စိတ်ကလေး ရနေသည်မှာပင် "ကုသိုလ်"ဟု ဆိုရမည်လား မသိ။ ထို ပီတိကြောင့် အိမ်တွင်းဆက်ဆံရေး သာယာနေသည်။ ထို ပီတိကြောင့် လက်ဖက်သုတ် ချဉ်ငန်စပ်နှင့် ရေနွေးကြမ်းကို ငြိငြင်မှုမရှိဘဲ စားရသောက်ရသည်။ ကိုသစ္စာနှင့် မောင်မြေဖွားသည် မော်ဒန်ကဗျာအကြောင်းကို မဖော့၏ နှောင့်ယှက်မှုကင်းကင်းဖြင့် အံနာဂတ်မြန်မာစာပေအတွက် ဆွေးနွေးခွင့်ရနေလေတော့သတည်း။

"ဒီနေ့ မော်ဒန်ကဗျာရဲ့ မျိုးစေ့ဟာ အပင်စပေါက်နေပြီ။





အဲဒါကို ကျုပ်တို့က ရေလောင်းပေါင်းသင် လုပ်ရမယ်။ မော်ဒန်ကဗျာရဲ့ အသီးအပွင့်ဟာ အနာဂတ်မြန်မာစာပေ သာယာလှပဖို့ ကျုပ်တို့ စားသုံးဖို့ မဟုတ်ဘူး။ ဒီတော့..."

"ခွက်ကြီးခိုးသွားပြီ...ခွက်ကြီးခိုးသွားပြီ။ ဒေါ်ဖော့ခွက်ကြီး ယူသွားပြီ"

သူတို့၏ ဆွေးနွေးပွဲကို အိမ်ရှေ့မှ မျိုးဆက်သစ်တို့ အော်သံက ထိုးဖောက်သွားပြီး သူတို့ဘေးမှာ ထိုင်နေသော မဖော့သည် မာရသွန်တာလွှတ်လိုက်သည့်နှယ် ဝုန်းကနဲ ခုန်ထ ထွက်ပြေးသွားလေသည်။

"ဟိုမယ်...ဟိုမယ်"

လူတစ်ယောက်ကို ကလေးတွေက လက်ညှိုးထိုးပြသည်။ ဆယ်တစ်ရာခန့်အကွာမှာ ရောက်နေပြီ။ ကလေးများ အော်သံကြောင့် လမ်းဘေးဝဲယာမှ လူများကလည်း ထွက်လာသည်။ ကိုသစ္စာနှင့် မောင်မြေဖွား အိမ်ရှေ့ရောက်ချိန်မှာ မဖော့ထိုလူ၏ အင်္ကျီကော်လံကို ဖမ်းကိုင်နေပြီ။ လုံချည်ခါးပိုက်ထောင်ထဲမှာ ရေအိုးစင်မှ ရေခွက် အသစ်ကလေး။

အသက် ၃၀ ခန့် ထိုယောကျ်ားသည် မဖော့ဆွဲခေါ်ရာသို့ ပါလာပြီး ရေအိုးစင်ရှေ့ ငုတ်တုတ်ထိုင်ခိုင်းခြင်း ခံရတော့သည်။ လမ်းထဲမှ မိန်းမကြီးသုံးလေးယောက်လည်း ရောက်လာသည်။

"ကျွန်တော် စားစရာမရှိလို့ ယူမိတာပါ ခင်ဗျာ"

"မင်းတို့ ဒီလိုပြောတာပဲ။ မင်း သန်သန်မာမာကြီးပဲ။ အလုပ်လုပ်စားပေါ့"

"အလုပ်က မရှိလို့ပါဗျာ။ အလုပ်ရှာတာ ကြာပါပြီ"

"မရှိရင် တောင်းစားပေါ့ကွာ"

"တောင်းတော့ မပေးကြဘူးခင်ဗျ။ သန်သန်မာမာကြီးနဲ့ လုပ်စားပါလားလို့ ပြောကြတာ အလုပ်က မရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေး သူ့အမေရိက် လုံးလည်လိုက်နေသော စကား ကိုနားထောင်ရင်း မိန်းမလုပ်စာထိုင်စားနေသော ဦးသာဗျောက–

"အဲဒါတော့ ဟုတ်ပါတယ်။ အလုပ်လုပ်ချင်ပေမယ့် အလုပ်က ရှိဦးမှ။ ငါတောင် ဘာလုပ်ရမှန်းမသိလို့ မိန်းမယူပြီး ကတည်းက မိန်းမလုပ်စာ ထိုင်စားနေတာ"

မိန်းမကြီးများက ဦးသာဗျောကို မျက်စောင်းထိုးကြသည်။ ငုတ်တုတ်လူက အေးအေးဆေးဆေး ဆေးပေါ့လိပ် ထုတ်ဖွာသည်။ ဝိုင်းအုံနေသော လူအုပ်စုထဲမှ ရိုက်ဝံ့နှက်ဝံ့လောက်အောင် လက်ရဲသူ တစ်ယောက်မှ မပါ။ မဖော့က–

"မင်းနှယ်ကွယ် တကယ်ငတ်နေရင် တို့လူမျိုး မရိုင်းပါဘူး ကူညီချင်တဲ့စိတ် ရှိပါတယ်။ ငါ ကုသိုလ်လုပ်ထားတဲ့ ရေခွက် ခိုးတာတော့ မကောင်းပါဘူး။ ရေခွက်က ဘယ်လောက်မှ တန်လို့ ပြောတာ မဟုတ်ဘူး။ ငါ့စေတနာကို စော်ကားသလို ဖြစ်တာကို ငါက မကျေနပ်တာ။ မင်း ဒီခွက်ပြန်ရောင်းလို့ လက်ဖက်ရည် တစ်ခွက်ဖိုးတောင် မရပါဘူး"

"ကျွန်တော် မှားပါတယ်ဗျာ။ အစ်မကြီး ပေးတဲ့အပြစ် ခံပါ့မယ်"

"မင်းလဲ မရိုက်ချင်ပါဘူး။ မင်း မှားမှန်းသိရင် ပြီးတာပါပဲ"

"ကျွန်တော် ဆာလွန်းလို့ပါ"

"တော်ပါ ငိုချင်းချမနေပါနဲ့။ ရော့...ငါ့ဆီ ငါးကျပ် ရှိတယ် ယူသွား ဒီနေ့ ငါ ကုသိုလ်ရတဲ့နေ့ စိတ်ကောင်းဝင်နေလို့ မင်းသက်သာတာ ငါ ဒေါသမဖြစ်ချင်ဘူး"

"ကျေးဇူးပါပဲဗျာ"

"ကဲ–ရော့ရော့ ငါ့ဆီနှစ်ကျပ်ရှိတာ ပေးလိုက်ဦးမယ်"

ရပ်ကြည့်နေသော ဒေါ်စိန်အိက နှစ်ကျပ်ထုတ်ပေးလိုက်ပြန်





သည်။ ဆိုက်ကားဆရာ သံချောင်းကလည်း ငါးကျပ်ထုတ်ပေးသည်။ သို့နှယ် ဟိုလူကပေး ဒီလူကပေးနှင့် ငုတ်တုတ်သမား ငွေငါးဆယ်ခန့် ရသွားသည်။

"ကဲသွားတော့။ ဘာလို့ ဆက်ထိုင်နေရတာလဲ"

"ဟုတ်...ဟုတ်...ဟုတ်ကဲ့"

ထိုလူထွက်သွားမှ လမ်းထဲက လူများလည်း ကိုယ့်အိမ်ကို ပြန်ကြတော့သည်။ ဒေါ်ဖော့သည် ရေခွက်ကို ဆေးကြောကာ ရေအိုးစင်ပေါ်သို့ ပြန်တင်လိုက်သည်။ ကိုသစ္စာနှင့် မောင်မြေဖွားသည် ရေအိုးစင်ကို ငေးကြည့်နေရာမှ–

"ဒါ ကဗျာတစ်ပုဒ်ပဲ"

"ဝတ္ထုကွ"

ကံချွန်


❑



www.burmeseclassic.com

www.burmeseclassic.com

# မှန်းချက်နှင့် နှမ်းတွက်



## မှန်းချက်နှင့် နှမ်းတွက်

"မင်းကိုက အသုံးမကျလို့"

"အသုံးမကျတဲ့ ကျုပ်ကို ယူထားတာ တော်က ပိုအသုံးမကျလို့"

"ဟုတ်တယ်။ ငါ မိုက်တာ။ ကလေးငါးယောက်ရအောင်ထိ သင်းမိတာ ငါ့အမှားပါ"

"ဒီကိစ္စမှာတော့ ကျုပ်က ပိုမိုက်မိတာတော့ အဝတ်လျှော်၊ ကြက်ရိုက်။ သူများအိမ် ကျွန်လုပ်ပြီး တော့်ကို ညမနက် ထမင်းကျွေးထားရတဲ့အပြင် အရက်ဖိုးပါပေးပြီး ပေါင်းခဲ့မိလို့"

မြို့သစ်၏ မင်္ဂလာရှိသော နံနက်ခင်းတွင် ကိုထူးမောင်တို့ လင်မယား ရန်ဖြစ်သံက ရေဒီယိုမှ မောင်နောင့်မောင်နောင် မောင်နောင့်မောင်နောင် ဂျီ ဂျီ ဂျီ ဆိုသည့် တီးလုံးနှင့်အတူ ပေါ်လာသည်။ ကဗျာဆရာ မောင်မြေဖွားသည် ကိုသစ္စာ အိမ်လာရင်းမှ ရန်ပွဲကို ရပ်ငေးနေလေပြီ။ မောင်မြေဖွားမှာ ကဗျာသာရေးသော်လည်း "နောင်ဂျိန်"ပွဲများကို အလွန် ဝါသနာပါသူ ဖြစ်သည်။ အင်္ဂလိပ်လက်ဝှေ့၊ မြန်မာလက်ဝှေ့ပွဲမှအစ လမ်းဘေး ကြက်ဝိုင်းထိ လိုက်ဝင်စားသူ ဖြစ်၏။

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကိုထူးမောင်သည် သူ့ဇနီး ငွေးစိန်ကို မကျေမနပ်နှင့် ကြည့်နေသည်။ မောင်မြေဖွားက သူ့တိုက်ပုံအိတ်ထဲမှ ပဲလှော်ကို နှိုက်ဝါးလိုက်ရင်း–

"ဘယ်လို ဖြစ်တာလဲဗျ။ ခင်ဗျားတို့က စောစောစီးစီး"

"စောစောစီးစီး မဟုတ်ဘူးဟေ့... မနေ့ကတည်းက ဖြစ်နေတာ။ ခုထိ မပြီးသေးတာ။ မင်း မိန်းမယူမယ် စိတ်ကူးရင်လေ ငွေးစိန် အမျိုးရှောင်"

"မငွေးစိန်က ခင်ဗျားကို လုပ်ကျွေးနေသားပဲဗျာ"

"အပြောအဆိုခံရတာက စားရတာနဲ့ မကာမိပါဘူးကွာ။ အဆိုးဆုံးက အသိဉာဏ်နည်းတာပဲ။ ဒီမယ်မြေဖွား။ ငါ့အလုပ်က ပုံသေ ဝင်ငွေမရှိဘူး။ ပွဲစား။ မြေပွဲစား တည့်ပြီဟေ့ဆိုရင်လဲ သုံးလေးထောင်ကနေ သုံးလေးသောင်း ပါက်ခနဲ ရလိုက်တာ။ မနေ့ညက ငါမရှိတုန်း လူနှစ်ယောက်လာတယ်တဲ့"

မငွေးစိန်က မီးဖိုဘေးထိုင်နေရာမှ မျက်စောင်းထိုးကြည့်လိုက်ပြီး–

"တော် အရက်သောက်သွားနေတုန်း လာတာ"

"ငါ အရက်သောက် သွားနေတာနဲ့ပဲ လာတဲ့ ဧည့်သည်တွေကို အော်လွှတ်ရသလားကွ"

"တော့် လာမေးတယ်ဆိုမှတော့ တော့်လို လူတွေပဲ မှတ်တာပေါ့တော့"

"တောက်...တစ်စက်မှ အသုံးမကျဘူး။ နောက် ပြောဦးမယ်။ ကျုပ်က ကျွန်ခံကျွေးနေရတာတို့။ အဝတ်လျှော်ကျွေးနေရတာတို့။ ငါ့ငွေပေးဖို့လာတဲ့လူကျတော့ ရန်ထောင်လွှတ်တယ်။ မင်း ပါးစပ်က လူလိုသူလို မပြောတတ်ဘူးလား။ ဘာကိစ္စရှိလို့လဲ စောင့်ပါဦးလား။ မစောင့်နိုင်ရင်လဲ ဘယ်သူလာတယ်လို့ ပြောရမလဲ ဘယ်ကို လွှတ်လိုက်ရမလဲ မေးပါလား"





ကိုထူးမောင်က သူ့မိန်းမအား အော်နေရာမှ မောင်မြေဖွားဘက် လှည့်လိုက်ပြန်သည်။

"အဲဒါပဲကွ။ ငါနဲ့ ဒီရက်ပိုင်းပြောထားတာ လက်ဝယ် နှစ်ဦးရှိတယ်။ တစ်ဦးက ဝန်ထမ်းကွက်မှာ လိုချင်တယ်။ အဆောက်အအုံ ရေ မီး အပြည့်အစုံနဲ့ တက်နေအဆင့်ဆို သိန်းနှစ်ဆယ်လောက်ထိ လိုက်မယ် ပြောထားတာ။ နောက်တစ်ဦးကတော့ ဇကွဲထဲလောက်မှာ ဈေးချောင်ရင် နှစ်ကွက်သုံးကွက် တစ်ဆက်တည်းရရင် ဝယ်ထားချင်တာ။ ဆယ်သိန်းဝန်းကျင်တော့ ပေးမယ့်လူ။ ငါ ရောင်းမယ့်မြေ ရှာပြီးသား။ ဟိုတစ်နေ့က ငါသွားတွေ့တော့ ငွေ ပြန်ယူလိုက်ဦးမယ်ဆိုပြီး သူတို့မိဘရှိတဲ့ဆီ ပြန်သွားကြတာ။ ရန်ကုန်မှာ။ တစ်ဦးကတော့ မုံရွာက။ ကဲ–မင်း စဉ်းစားစမ်း။ မနေ့ညက လာတဲ့လူဟာ သူတို့အထဲက တစ်ဦးဦးဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ ငါ သူ့ကိုဆဲတာ။ အော်တာ။ ငါ့အဆိုးလား။ ပြောပါ"

မငွေးစိန်က မောင်မြေဖွားကို မျက်စောင်းထိုး ကြည့်လိုက်သည်။ မောင်မြေဖွားသည် ကိုထူးမောင်၏ အမေးကို မကြားယောင်ပြုနေလိုက်ရ၏။ မငွေးစိန် မျက်စောင်းသည် ဦးတည်ချက်ပြောင်းကာ ကိုထူးမောင်ထံ ရောက်သွားမှ မောင်မြေဖွား ရဲရဲအသက်ရှူရဲတော့သည်။

"ဒီမယ်...တော် ငါ့စကားနွားရ လျှောက်ပြောမနေပါနဲ့။ မောင်မီသေးရဲ့လား။ မြို့ပတ်လမ်းဘေးက မြေလေ။ တစ်သောင်းနဲ့ ရမယ်ဆိုတာနဲ့ ကျုပ် ဆွဲကြိုးနဲ့ နားကပ်အတင်းရောင်းခိုင်းပြီး တော့ ငါးထောင်သွား စရန်သတ်ထားတာ။ မြေက နှစ်သောင်းခွဲ သောင်းတန်တယ်။ ဝယ်လက်ရှာ ရောင်းပြီး သူ့ ငါးထောင် ပေး။ ပိုတာကိုယ်ယူလိုက်ရင် ကိုယ့်တွက် နှစ်သောင်းဆိုတာ မလွှတ်ဘူးလို့ တွက်ပြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ။ အဲဒီတစ်ခါ အဲသလို ဖြစ်ဖူးတာ"

"ဘယ် ဘယ်လို ဖြစ်တာလဲ"

မောင်မြေဖွားက ကောင်းခန်းရောက်သွားမှ ရပ်သွားမည်စိုး၍ ဆက်မေးသည်။

"ပြောမယ် ပြောမယ်။ တကယ်ဝယ်မယ့်လူက ဝယ်မယ်ဆိုတော့ အဲဒီမြေက ဂရန်တွေ။ စလစ်တွေ။ ပြေစာတွေ တစ်နေရာစီ ခွဲပေါင်ထားတာလေ။ အဲဒါတွေ ပြန်လိုက်ရွေးရမယ်ဆိုရင်လဲ လေးသောင်းလောက်ကျတော့မှာ ဒီတော့ ဝယ်မယ့်လူက နောက်ကို ဆုတ်သွားရော။ သူ ဝယ်ပေးထားတဲ့ စရန်လဲ ဆုံးရော"

"နားကပ်နဲ့ဆွဲကြိုး ပြုတ်သွားတာပေါ့"

ဒီတစ်ခါ မောင်မြေဖွားကို မျက်စောင်းထိုးသူက ကိုထူးမောင်–

"မင်းက အညှောက်ထောင်ပြန်ပြီ။ အဲဒီဆွဲကြိုးနဲ့ နားကပ်ကလဲ ငါ ဝယ်ပေးထားတာပါကွာ"

"တော်. . .ဝယ်ပေးထားတာ တော့် ပြန်ဖြုန်းပစ်တော့ တော့်ကို ကျုပ်က လုပ်ကျွေးနေရတာပဲ မဟုတ်လား။ စဉ်းစားပါ"

"တော်ကွာ။ ပြီးပြီးသားသားကိစ္စတွေ ပြောမနေနဲ့။ ငါက မနေ့ညက ငါ့ဧည့်သည်ကို မင်းအပေါက်ဆိုး မှတ်လွှတ်တဲ့ကိစ္စ ပြောတာ။ ခုဖြစ်တဲ့ကိစ္စ ပြောတာ။ ခုဖြစ်တဲ့ပြဿနာ ခုပြော။ ကဲ–မင်းမှားသလား။ မမှားဘူးလား။ ကိုယ့်ငွေပေးမယ့်လူကို နှင်ထုတ်တာလောက် မိုက်မဲတာရှိဦးမလား"

မငွေစိန်က ဆူလာပြီဖြစ်သော ထမင်းအိုးကို ငှဲ့ပြီး ပြန်တင်လိုက်သည်။ ထိုစဉ် ဧည့်သည်နှစ်ယောက် ရောက်လာသည်။ အရင်မြင်လိုက်သူက မငွေစိန်။

"ဒီမယ် ကိုထူးမောင်၊ ဟောဟိုမယ် ညက လာတဲ့ ဧည့်သည်တွေ"





ကိုထူးမောင်က လှည့်ကြည့်လိုက်ပြီး ပါးစပ်ဟောင်းလောင်း ဖွင့်သွားသည်။ ဧည့်သည်နှစ်ယောက်က–

"ထူးမောင်ရာ။ မင်းတွေ့အောင် အတော် ရှာလာရတာ။ မနေ့ညကလဲ မင်းမိန်းမက ဟောက်လွှတ်လို့ လစ်ပြေးရတာ။ ထမင်းမစားရတာကို သုံးရက်ရှိပြီကွာ။ ထောင်က လွတ်ကတည်းက"

မငွေစိန်က ကိုထူးမောင်ကို မျက်စောင်းထိုးလိုက်သည်။ မငွေစိန်သာ နဂါးဆိုပါက ကိုထူးမောင် ပြာကျလောက်ပြီ။ မောင်မြေဖွားသည် ထိုနေရာမှ တစ်ချိုးတည်း လစ်လေတော့သည်။

ကံချွန်


❑



www.burmeseclassic.com

www.burmeseclassic.com

# ပေတံ





"လူမှုရေးမှာပဲဖြစ်ဖြစ်။ စီးပွားရေးမှာပဲဖြစ်ဖြစ်။ အနုပညာရေးမှာပဲဖြစ်ဖြစ် ဝေဖန်ရေးဆိုတာ ရှိရမှာပဲ။ အဲဒီ ဝေဖန်ရေးက အသုံးပြုမယ့် အခြေခံမှုတော့ ရှိရမယ်။ အားထားရမယ့် အကြောင်းရင်းပေါ့။ အဲဒီအကြောင်းရင်းကို စံ။ ဒါမှမဟုတ် ပေတံလို့ သုံးနေကြတာပဲ။ ကျွန်တော်တို့ ကိုယ်တွယ်တိုင်းတာမယ့် ပေတံဟာ ဘယ်လောက်တိကျသလဲ ဘယ်လောက်မှန်သလဲ"

"ဟုတ်တယ်။ အဲဒီပေတံကိုက မှားနေရင် သွားရော"

ကိုသစ္စာဇနီး မဖော့သည် တော်တော့်ကို နားကြားပြင်းကပ်နေပြီ။ တစ်မနက်လုံး "ဖေတံ"နေကြသည်။ ထိုပေတံကြောင့် ယာသစ္စာနှင့် ဂျိနီယာသစ္စာတို့နှစ်ယောက် ကျောင်းအသွား ားကြသည်ကို သူတို့မသိ။

"ပေတံဟာ တိကျဖို့လိုတယ်"

ကိုသစ္စာကပါ မောင်မြေဖွားနှင့် ကိုအာကာတို့၏ အဆိုကို [illegible] ထောက်ခံလိုက်သည်။

"မလိုဘူး"

မဖော့က ကြားဝင် အော်လိုက်သည်။ စာရေးဆရာ။ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ သုံးယောက်လုံး၏ မျက်နှာမူရာအရပ်သည် မဖော့ရှိရာဘက်သို့ ဦးတည်သွားကြ၏။

"ခင်ဗျား ဖောက်ပြန်ရေးသမား ဖြစ်သွားမှာပေါ့ မဖော့"

မဖော့၏ မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်သူမှာ ကဗျာဆရာ မောင်မြေဖွား ဖြစ်သည်။ မောင်မြေဖွား၏စကားသည် မဖော့၏ ဒေါသယှမ်းအိုးကို စနက်တံ တပ်ပေးလိုက်သလို ဖြစ်သွားသည်။ ထိုစဉ် ကိုအာကာက ဆင့်ပြောလိုက်၏။

"တိကျတဲ့ တိုင်းတာမှုကို သတ်မှတ်မထားဘူးဆိုရင် ပေတံ မဖြစ်ဘူး"

"ကိုအာကာ၏စကားသည် မဖော့၏ ဒေါသယမ်းအိုးမှာ တပ်ထားသော စနက်တံကို မီးရှို့လိုက်သည်သို့ ဖြစ်သွားသည်။

"ဒီမယ် တော်တို့ အလိုက်ကမ်းဆိုးမသိ တစ်မနက်လုံး ပေတံ ပေတံနဲ့ ပြောနေကြလို့ ကျုပ်သားက ပေတံအဝယ်ခိုင်းတာ တော်တို့ သိရဲ့လား ဟင်။ ကျုပ်က ဒီဘက်မှာ ဝါးခြမ်းနဲ့တားလဲ ရပါတယ်ဆို ချော့ပြောနေရတယ်။ တော်တို့က ပေတံဆိုတာ တိကျမှ တိကျမှုနဲ့ တစ်စက်မှ အလိုက်မသိတတ်ဘူး"

မဖော့၏စကားကြောင့် ကိုသစ္စာ ကိုအာကာနှင့် မောင်မြေဖွားတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ထိုအချိန်မှာပင် သူတို့၏ အတွေးအခေါ်အား ကျွမ်းထိုးမှောက်ခုံဖြစ်စေမည့် ပြဿနာက ပေါ်လာသည်။

"ဟော့...မင်းက ယောကျ်ားလေးသာ ဖြစ်နေတာ။ ဘာအသုံးကျလို့လဲ။ မင်း ကိုယ့်အစ်မကို ဘာမှ ပြန်ပြောဖို့ မလိုဘူး"

"ကျုပ်က မှန်တာပြောတာဗျ"

ကိုသစ္စာ၏ ဘေးတစ်အိမ်ကျော်မှ အသံဖြစ်ပါသည်။

"ပတ်ဝန်းကျင်က ဘယ်လိုပြောနေပြီ မှတ်သလဲ"

"အံမယ်မယ်...ပတ်ဝန်းကျင်က မင်းကို လက်ဖက်ရည်





တစ်ခွက် တိုက်သလားဟင်။ ငါတို့ မိသားစု စားဖို့ဆိုပြီး ထမင်းတစ်ပွဲ ပေးဖူးသလား။ ဟဲ့ကောင် ပြောစမ်းပါ။ ငါ မေးနေတာကို မင်း အခု ဝတ်နေတဲ့ ဟာတွေ။ မင်းအစ်မက ဝယ်ပေးထားတာ မဟုတ်ဘူးလား။ မင်းညီတွေ ညီမတွေ ကျောင်းတက်နေနိုင်တာ မင်းအစ်မက ထားပေးတာ မဟုတ်ဘူးလား။ ဟင်–ဒီမယ် ငါတစ်ခွန်းတည်း ပြောမယ်။ မင်း မျက်ခွက် သုန်မှုန်နေတာ ငါမကြိုက်ဘူး။ မင်းအစ်မ မှားတယ်ထင်ရင် မင်းဒီအိမ်မှာ မနေနဲ့ အဲ့ ဟိုမယ်–မင်းအစ်မ ပြန်လာပြီ။ မင်းရဲ့ ရှုသိုးသိုးမျက်ခွက်ကြီးကို မပြင်နိုင်ရင် အိမ်နောက်သွားနေ"

ရုပ်ပါစလွန်းတစ်စီးက ကိုသစ္စာတို့ အိမ်ရှေ့မှ ဖြတ်မောင်းသွားကာ တစ်အိမ်ကျော်မှ တဲရှေ့တွင် ရပ်သွားသည်။ အသက်နှစ်ဆယ်ကျော်ခန့် မိန်းကလေးက ကားပေါ်မှ ဆင်းလိုက်သည်။ နောက်တော့ ကားက မောင်းထွက်သွားသည်။ ကောင်မလေးက အတော်ဖေ့ယမ်းပြပြီးမှ တဲတွင်းသို့ ဝင်သွား၏။

မဖော့သည် ထိုင်ရာမှ ထရပ်ရင်း–

"နောက်ကို ပေတံမှားတယ်တွေ။ မှန်တယ်တွေ မပြောပါနဲ့အဲ"ဟု ပြောလိုက်သည်။

ကိုသစ္စာနှင့် ကိုအာကာတို့လည်း ပေတံအကြောင်း ဆက်မပြောဖြစ်တော့ မောင်မြေဖွားသည် ရုပ်ပါစလွန်း ထွက်သွားရာအရပ်သို့ ငေးကြည့်ရင်း–

"ဝါးခြမ်းပြားလဲ ပေတံ ဖြစ်နိုင်တာပါပဲဗျာ"ဟု ညည်းတွားနေလေသတည်း။

**ကံချွန်**


❑



www.burmeseclassic.com

www.burmeseclassic.com

# မြင်တတ်ရင်ရေးစရာချည်းပဲ



## မြင်တတ်ရင် ရေးစရာချည်းပဲ

တော့မောင်သာရက ပြောတယ်။ ရေးတတ်ရင် ဝတ္ထုဖြစ်တယ်တဲ့။ တ်တယ်။ ရေးတတ်ရင် ဝတ္ထုဖြစ်တော့ ရေးစရာ အကြောင်းအရာ သည်း မြင်တတ်ဦးမှ။ တချို့ရေးတတ်ပေမယ့် ဘာရေးရမှန်း ဖြစ်နေတဲ့လူတွေ တစ်ပုံကြီးပဲ။ အမှန်ကတော့ ရေးစရာတွေ မှပေါ့။ မမြင်တတ်လို့။ ဒါကြောင့် ငါက ပြောတာ။ မြင်တတ် ရေးစရာချည်းပဲလို့။

ငါ ပြောပြမယ်။

ငါ့သမီးက အမှတ်(၁၄)ကျောင်းမှာ နေတယ်။ ငါက ပို့တယ်။ သွားကြိုတယ်။ ငါလို့ပဲ ကိုယ့်သားသမီးကို လာပို့ ကြိုတဲ့ အခြားမိဘတွေလဲ ရှိတာပေါ့။ ဒေါ့က အမြင်တော့ ဒုက္ခရောက်တာပေါ့။ မိုးရွာရွာ နေပူပူ အကြိုအပို့လုပ်နေ မင်းသိတဲ့အတိုင်းပဲ။ တို့မန္တလေးက မိုးရွာပြီဟေ့ဆို ါးဆယ်ရက် မတိတ်တော့ဘူး။ တို့မန္တလေးကို တာဝတိံသာနဲ့ အသူရာက မြားနဲ့ ပစ်နေသလား အောက်မေ့ရတယ်။ မိုးက အတော်ပြင်းတာ။ ငါနေတဲ့ ဒေါနခြံဘက်ဆို စိုက်ခင်း ဆိုးပေါက်မှန့်လို့ ပျက်တဲ့အထိ ရွာတာ။ အဲသလို မိုးထဲလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြိုကျောင်းပို့ လုပ်ရတာ။ ကိုယ့်မိဘက ခိုင်းရင်တောင် လုပ်ပေးပါ့မလားလို့ ကိုယ့်ဟာကိုယ် မေးမိတယ်။

နေပူတော့ရော။ ဟော...ကတ္တရာကို အရည်ပျော်လို့ ရှာလွတ်ဖိနပ် စီးပြီး ကတ္တရာလမ်းပေါ် လျှောက်လို့ကတော့ အောက်ခံခုံနဲ့သဲကြိုး အိုးစားကွဲပြီသာ မှတ်ပေရော့။ အဲသလို မိုးရွာ မရှောင် နေပူမရှောင် လိုက်ပို့နေကြတဲ့ မိဘတွေရဲ့ မျက်နှာကို ကြည့်ဦး။ စိတ်မပျက်ဘူး မောင်ရေ့။ ကြည်နူးနေကြတာဗျ။

တတ်နိုင်တဲ့ မိဘတွေကတော့ ကားနဲ့ ဆိုင်ကယ်နဲ့ လိုက်ပို့တာပေါ့ကွာ။ ငါကတော့ စက်ဘီးနဲ့ပဲ။ ငါ့လိုပဲ စက်ဘီးနဲ့ အကြိုအပို့ လုပ်တဲ့ မိဘတွေ ရှိတယ်။

ကျောင်းပေါက်ဝမှာ ကျောင်းဆင်းချိန်ကို လာစောင့်ကြပြီဆိုရင် ကိုယ့်အုပ်စုနဲ့ကိုယ်။ စက်ဘီးနဲ့လာတဲ့ သူတွေက တစ်စု။ ကိုယ်ပိုင်ကားတွေ ဆိုင်ကယ်တွေနဲ့ လာတဲ့လူတွေကလည်း သူတို့အချင်းချင်း စုစုစုစုနဲ့။ ဘာနဲ့ပဲလာကြိုကြို ကျောင်းဆင်းပြီဟေ့ဆိုရင် ကျောင်းထဲက ထွက်လာတဲ့ ကျောင်းသားတွေရဲ့ ကြားမှာ ကိုယ့်သားသမီးကို ရှာကြည့်ကြတာတော့ အတူတူပဲ။ တွေ့ပြီဆိုရင် ပြုံးသွားရော။ ကိုယ့်ကလေးများ မျက်နှာညှိုး ထွက်လာလို့ကတော့ ကိုယ့်မျက်နှာကပါ ညှိုးသွားတာကွ။ အနားရောက်လာတာနဲ့ စာတွေလိုက်နိုင်ရဲ့လား။ ရရဲ့လားနဲ့။ ကိုယ့်သားသမီးကများ ဒီနေ့စာတွေမေးတာ သမီး အကုန်ဖြေနိုင်တယ်ဆိုတဲ့ စကားမျိုး အပြုံးနဲ့ ပြောသံကြားလိုက်ရရင် ကတ္တရာ အရည်ပျော်အောင် ပူနေတဲ့နေလည်း ပူတယ်မထင်တော့ဘူးကွ။

ငါကတော့ စာရေးတဲ့ကောင်။ ကာတွန်းရေးတဲ့ ကောင်ဆိုတော့ ငါ့ခံစားမှုကိုလည်း ငါ သတိထားတယ်။ တခြား မိဘတွေရဲ့ ခံစားမှုကိုလည်း မှန်းဆနိုင်အောင် ကြိုးစားပြီး ကြည့်တယ်။ ကျောင်းဆင်းချိန်ကို စောင့်နေပြီး ကိုယ့်သားသမီး ထွက်လာတာကို





မြင်လိုက်ရတဲ့အချိန်ဟာ ရေအေးအေး သောက်လိုက်ရတဲ့အချိန်မျိုးလို ရှိသလိုပဲ။

လာမကြိုနိုင်တဲ့မိဘတွေလည်း သူတို့သားသမီးကို မချစ်လို့တော့ ဘယ်ဟုတ်မလဲ။ ချစ်တာပေါ့။ ကြိုချင်တာပေါ့။ မိဘမှန်ရင် သားသမီးကို ချစ်တာချည်းပဲ။ ဒါကြောင့် တတ်နိုင်တဲ့ မိဘများ အလုပ်မအားတော့ လူငှားနဲ့ ကြိုစရာ ခိုင်းကြတာပေါ့။

မင်းကြည့်ပါလား။ မြင်းလှည်းတို့ ဆိုက်ကားတို့ ကလေးကို လာကြိုတာ။ သူတို့ မိဘတွေ မအားတော့ ကျောင်းကြိုကျောင်းပို့ လုပ်ဖို့ ငှားထားရတာ။ ဒါ ကိုယ့်သားသမီးကို ချစ်လို့ပဲပေါ့။

အဲသလို အငှားလာကြိုရတဲ့ မြင်းလှည်းတို့ ဆိုက်ကားတို့ ကလည်း ရှေ့မှာ တစ်အုပ်စုပဲ။ ငါကတော့ တစ်ခါတစ်ခါ သူတို့အုပ်စုထဲလည်း သွားရောတာပဲ။ သူတို့ချင်း သူတို့ကတော့ ဘယ်အိမ်က သဘောကောင်းတယ်။ ဘယ်ဆီစက်က ကလေးတွေက အလွန်ဆိုးတယ်။ ဘယ်ဝပ်ရှော့ကိုတော့ ပေပေကရှောင် သိပ်ဘက်ခက်တယ်ဆိုတာမျိုးတွေ ပြောနေကြတာပဲ။

ငါ သူတို့နဲ့ရောနေလို့ သူတို့ဘဝကို လှစ်ကနဲမြင်မိလို့ ရေးစရာ ရလိုက်တာကို ပြောပြမယ်။ အဲဒီရေးစရာက သူတို့အကြောင်းချည်းပြောရင် စာဖတ်သူရင်ထဲမှာ ခံစားရမှာ မဟုတ်ဘူးကွ။ ဒါကြောင့် ငါက ရှေ့ပိုင်းမှာ ကျောင်းကြိုတဲ့ တခြားမိဘတွေအကြောင်း လျှောက်ပြောပြနေတာ။ မင်း ဝတ္ထုရေးမယ်ဆိုရင်လဲ အဲဒီ အမျိုးကို ထည့်။

နေဦး။ စကားဆက်ဦးမယ်။

ငါ ဝတ္ထုရေးချင်စိတ် ပေါ်သွားစေတာက မိနစ်ဝက်စာလောက် အချိန်ကလေးအတွင်းမှာ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့်ကွ။

အဲဒီနေ့က ကျောင်းဆင်းတော့ ငါ့သမီးက နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျနေတယ်။ အခါတိုင်းတော့ အရင်ဆုံး ထွက်လာနေကျပဲ။ အဲသလို နည်းနည်း နောက်ကျလိုက်လို့လည်း ကျောင်းကြိုလာတဲ့ ဆိုက်ကားဆရာတွေနဲ့ အတူပြန်ဖြစ်တာ။ သူတို့ဆိုက်ကားနဲ့ ပြန်မယ့် ကလေးတွေနဲ့အတူ ငါ့သမီးက ထွက်လာတာကိုး။ ကလေးတွေက ဆိုက်ကားပေါ် တက်တယ်။ ငါ့သမီးက ငါ့စက်ဘီးနောက်က တက်တယ်။ ကိုယ့်စက်ဘီးနဲ့ကိုယ်ပြန်မယ့် ကျောင်းသားကျောင်းသူတွေကတော့ ဝုန်းဒိုင်းဝုန်းဒိုင်းနဲ့ အမြန်နင်းကြတာပဲ။

ကျောင်းကြိုလာတဲ့ ကားတွေ ဆိုင်ကယ်တွေနဲ့ဆိုတော့ တစ်လမ်းလုံးကို ရှုပ်ထွေးနေတာပေါ့။ ဒီတော့ ငါက ဆိုက်ကား နောက်က အသာမှေးလိုက်တယ်။ အရှောင်ရအတိမ်းရ သက်သာ အောင်လို့။

၈၃ လမ်းနဲ့ ၃၂ လမ်းထောင့်ရောက်တော့ ဆိုက်ကား ဆရာက လှမ်းအော်တယ်။ လမ်းဘေးမှာ ခြေကျင်လျှောက်နေတဲ့ ကျောင်းသားတွေထဲကို။ "ဟေ့ဟောင် ကုဋ္ဌေစိုးနဲ့ သိန်းသန်းပိုင် လမ်းဆော့ မသွားကြနဲ့နော်။ လမ်းကူးရင်လဲ သတိထားကူး။ နှစ်ယောက်လက်တွဲထား။ ကားရှင်းမှကူး။ ကားဝေးပါသေးတယ်ဆို ဖြတ်မပြေးနဲ့ ကြားလား"တဲ့။

အဲသလို အော်မှာနေရလို့ ဆိုက်ကားက နှေးသွားတာနဲ့ ငါက ကျော်တက်လိုက်တယ်။ ဒီတော့ ဘေးချင်းယှဉ်လျက် ဖြစ် သွားတယ်။ ငါက သူကို ကြည့်မိတယ်။ သူက ဆိုက်ကားကို ပြန်ပြီး အားယူနင်းလိုက်ရင်းနဲ့ အပြုံးနဲ့ ပြောတယ်။ ကျွန်တော့် သားတွေလေ။ အငယ်ကောင်က စာပိုတော်တယ်။ သုံးတန်းတောင် ရောက်ပြီတဲ့။

ကဲ...ဘယ်လောက် ရေးချင်စရာကောင်းသလဲ။ သူ ကျောင်းကြိုစရာ လာရတယ်။ သူ့ကလေးတွေကို လာကြိုရတာ မဟုတ်ဘူး။ ဓာတ်နာအောင် ဆိုက်ကားဆရာကို ပိုပြီး သနားအောင်





လုပ်ပေးချင်ရင်တော့ သဘာဝထက် လွန်ကဲပေးလိုက်ပေါ့ကွာ။ လမ်းအကူးမှာ ကုဋ္ဌေစိုးဖြစ်ဖြစ် သိန်းသန်းပိုင်ပဲဖြစ်ဖြစ် ကားနဲ့ တိုက်ပေးလိုက်။ ဒါပဲ သူက သူများကလေးတွေ အန္တရာယ်ကင်း အောင် ဆောင်ရွက်နေရတယ်။ သူ့ကလေးတွေမှာက အန္တရာယ်နဲ့ တွေ့နေရတယ်။

မြင်တတ်ရင် ရေးစရာချည်းပဲ။
ရေးတတ်ရင်တော့ ဝတ္ထုဖြစ်မှာပေါ့ကွာ။ ။

ကံချွန်

ရင်ခုန်ပွင့်၊ ၁၉၈၇၊ မတ်လ။

❒



www.burmeseclassic.com

www.burmeseclassic.com

# မိုးခါးရေ





"ခင်ဆုံ"

"ရှင်"

"အစ်ကို့ကို မီးခြစ်ယူပေးစမ်း"

"ပေးလေ ခင်ဆုံ တို့ခဲ့မယ်"

"နင့်ကို ဆေးလိပ်မသောက်ရဘူးလို့ ငါ ပြောထားတယ်
ဟုတ်လား"

"ဒါက အစ်ကို့ဖို့"

"တော်...ငါ့ဖို့လဲ မဖွာနဲ့။ သူများဖို့လဲ မဖွာနဲ့။ နင့်ဟာ
င်လဲ မဖွာနဲ့။ ဆေးလိပ်သောက်တဲ့ မိန်းကလေးဆို ငါ အရွံ
န်းတာ"

ခင်ဆုံ လှည့်ထွက်သွားသည်။ ဆေးလိပ်မသောက်တဲ့ မိန်းကလေးဆိုရင် ချစ်မယ်ပေါ့ဟု လူရွှင်တော်တီမ်ပျံက မကြားတကြား ဝင်ပြောသည်။ ကျွန်တော် မျက်နှာထားတင်းတင်းနှင့် ကြည့်လိုက်မှ ငြိမ်သွားသည်။ နောက်ခန်းမီးဖိုဆီသို့ ဝင်သွားသော ခင်ဆုံကို တံခါးဝထိုင်နေသော ယိမ်းသမလေးတို့ထံမှ မရှိသေးဘူး ကြောက်နေရပြီဟု လှမ်း၍စလိုက်သော အသံကို သဲ့သဲ့ တိုးတိုး

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်။ ဒရမ်းတီးသူ အောင်သောင်းက တိမ်ပျံကို တချို့ကြောင်က ငါးကြော်မကြိုက်ဘူးဟု ကျွန်တော်ကြားအောင် အသံမြှင့်၍ တမင်လှမ်းပြောသည်။ သက်ပြင်းချမိ၏။

အောင်သောင်းသည် ကျွန်တော့်ကို ပြဿနာရှာလိုသူ။ မကျေမနပ်ဖြစ်သူ။ သူ့ အရက်သောက်ခြင်းနှင့် ပတ်သက်၍ ကျွန်တော်က ပြင်းပြင်းထန်ထန် ကန့်ကွက်ထားသည်။ လုပ်ငန်းခွင်သို့ အနံ့နှင့် မလာရ။ မလာစေချင်။ အရက်ကိုကြိုက်တတ်လျှင် သောက်ပါ။ လုပ်ငန်းခွင်၏ ပြင်ပမှာ။ ဤသည်မှာ ကျွန်တော်၏ စေတနာ။ သဘင်ပညာကို ချစ်၍ သဘင်ပညာသည်တို့၏ သိက္ခာကို မြှင့်တင်လို၍ ဖြစ်ပါသည်။

"အစ်ကို၊ မီးခြစ်"

"အေး...အေး"

မီးခြစ်ကိုယူ၍ လက်ကြားမှ အသင့်ရှိနေသော ဒူးယားကို ညှိလိုက်သည်။ ထိုစဉ် အငြိမ့်ထောင် ကိုလူကလေးနှင့် ပန်းချီဆရာ ဦးအုန်း ဝင်လာသည်။

"ကဲ–သူငယ်ချင်း၊ မင်းလိုချင်တာ ဦးအုန်းကို ပြောလိုက်"

"မင်းကရော"

"ငါ ပုံနှိပ်စက် သွားဦးမယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ကိုလူကလေး ထွက်သွားမှ ကျွန်တော်က ကျွန်တော်တင်မည့် အော်ပရာအတွက် ဖော်ကားတစ်ချပ်နှင့် ကျော်ကြော်တိုးများပုံ ပိတ်တစ်ချပ်ရေးလိုကြောင်း ပြောလိုက်သည်။

"ဖော်ကားက နန်းဆောင်ပုံလိုချင်တာ"

"နောက်က မျှော်စင်ထည့်ဦးမလား"

"ရတနာပုံခေတ် မဟုတ်ဘူး။ ကျွန်တော် ရေးထားတာက





ဒန်ထွာ၏ မာနဆိုတဲ့ အော်ပရာ။ ကိုဝသုန်ရေးတဲ့ လက်ဘဒီပ ရုပ်ပြက ကျော်ကြော်နန်းဆောင်လိုချင်တာ"

"ပရိသတ်က သိပါ့မလားဆရာ။ နန်းမြင့်လေးပါမှ နန်းကားမှန်း သိမှာပေါ့"

"ဟုတ်သားပဲ"

နံ့ဆရာ ကိုသံခဲက ဝင်၍ ထောက်ခံသည်။ ကျွန်တော် အတော့် စိတ်ညစ်သွားသည်။ ကျွန်တော် အခေါ်ခိုင်းသည်မှာ လှူငယ်ပန်းချီဆရာ နေဆန်း။ ကိုလူကလေးက ဦးအုန်းမှာသူနှင့် ဆွေရိပ်မျိုးရိပ်မကင်းသောကြောင့် ထောက်ပံ့ရန် တာဝန်ရှိသည်ဟု ပြောကာ သွားခေါ်လာခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ကိုလူကလေးကို တိုးတိုးတိတ်တိတ် ကန့်ကွက်ခဲ့ပါသေးသည်။ ထောက်ပံ့ရန် တာဝန်ရှိလျှင် သီးခြားထောက်ပံ့လိုက်ပါ။ အလုပ်အတွက်ကမူ အလုပ်နှင့်သင့်မည့် ပန်းချီဆရာကိုသာ ခေါ်ပေးပါဟု။ သို့သော် ကိုလူကလေးသည် ဦးအုန်းကိုသာ ခေါ်လာခဲ့ပြီ။

"ကျွန်တော် လိုချင်တာသာ လုပ်ပေးပါဗျာ"

"အင်း...ခက်တာပါပဲ။ ကျုပ်က အဲဒီ ဝသုန်ရေးတာမှ မမြင်ဘူးဘဲ"

"ကျွန်တော့်ဆီမှာ ရှိတယ်။ ကျွန်တော် ပေးပါ့မယ်"

ဦးအုန်းသည် မကြည်မလင်နှင့်ပင် ကျွန်တော် ပြောသည်များကို နားထောင်ကာ အလုပ်ကို လက်ခံ၍ ပြန်သွားပါတော့သည်။ ကျွန်တော် စိတ်မောလှမော ဖြစ်မိသည်။

"မှတ်ကြီး"

"ခင်ဗျား"

"လူပြန်စုကွာ။ ပြဇာတ် နောက်တစ်ကျော့ တိုက်မယ်"

သည်ပြဇာတ်မှာ အမှားအယွင်း အနည်းအကျဉ်းသာ ရှိပါတော့သည်။ အားလုံးနီးပါး ကျေနေပြီ။ ကျွန်တော်သည် ထိုင်ရာမှ



www.burmeseclassic.com

www.burmeseclassic.com



ထကာ ကြေးတီးလှမောင်လေးထံ ထွက်ခဲ့သည်။ သူသည် ပြဇာတ်မင်းသားအခန်းမှ ထွက်ရသူ။ အငြိမ့်သည် လူအင်အားနည်းသောကြောင့် တီးဝိုင်းအဖွဲ့ထဲမှ လူများသည် သင့်သလို တစ်ခန်းစနှစ်ခန်းစ ထွက်ပေးကြရပါသည်။ တချို့ ပြဇာတ် တစ်ထုပ်လုံးနီးပါး ထွက်ပေးရသည်။

"လှမောင်"

"ဆရာ"

"စမ်းထွေးက တိုင်တယ်။ မင်း သူ့ကို ဖက်တာရှပ်ချိန်ဆုံးထိပဲတဲ့။ ပြီးတော့ တအားဖက်တယ်တဲ့"

"အလုပ်သဘောပဲ ဆရာလေးရာ။ သူ မကျေနပ်ရင် ကျွန်တော် မကပါဘူး"

လှမောင်လေး ဒေါသဖြစ်သွားသည်။ ကျွန်တော်က တိုးတိုးပြောပါလျက်နှင့် သူ့အသံက ကျယ်သည်။

"မင်း ငါပြောတာကို နားထောင်ပါ။ အလုပ်သဘောလုပ်တဲ့ဆီမှာ အလုပ်သဘောပဲ ဖြစ်ပါစေ။ ငါ့အနေနဲ့ စင်ပေါ်မှာ စိတ်အနှောင့်အယှက် ဖြစ်စရာတွေနဲ့ အလုပ်လုပ်ကြရမှာကို မလိုလားဘူး လှမောင်။ မင်းရဲ့ ပုဂ္ဂလိက ခံစားချက်ကို ကိုယ်ပိုင်အချိန်မှာ ဖြေရှင်းပါ။ ကြိုးစားပါ။ ငါ ဘာကို ဆိုလိုတယ်ဆိုတာ မင်း သိပါ"

ကျွန်တော့် စကားဆုံးသောအခါ သူ့ မျက်နှာပေါ်၌ ကျွန်တော်၏ ဆိုလိုရင်းကို သဘောပေါက်သွားကြောင်း အရိပ်အယောင် တွေ့ရသည်။ ဒေါသရောင်တို့ လွင့်ပြယ်သွားသည်။ ကျွန်တော် သူ့ပခုံးကို ရင်းနှီးစွာပုတ်၍ ပြုံးပြပြီး နောက်ဘက်သို့ ထွက်ခဲ့သည်။

နောက်ခန်းထဲမှာထိုင်နေသော မရွှေသည် သူ ကြည့်နေသည့် ပိုစတာကို ကျွန်တော့်အား ပြသည်။ ယခုနှစ်အတွက် ရိုက်ထားသည့် ပိုစတာ။





"ကျွန်တော့် သူငယ်ချင်း ဒါတွေ ရွေးဖို့ ငွေရှာထွက်သွားဘာပေါ့"

ပိုစတာကို ကြည့်ရင်း မရွှေ၏ဆွဲကြိုးနှင့် လက်ကောက်များ မရှိတော့ပြီကို သတိထားမိသွားသည်။ အိမ်ရှေ့ခန်းမှ ဆိုင်းသံများကို ကြားရ၏။ ပြီးတော့ ခင်ဆုံ၏အသံ။

"ကိုယ့်ဘဝ ကိုယ့်အခြေအနေကို နားလည်ပါတယ်ရှင်။ အခွင့်အရေးကို ရတိုင်းယူလိမ့်မယ်လို့များ မထင်ပါနဲ့ မရနိုင်တဲ့ အခွင့်အရေးမျိုးကို မျှော်မှန်းဖို့ဆိုတာ ဝေလာဝေး"

"တကယ်လား ခင်ဆုံ။ နောက်တော့သာ ဆေးပေးမီးယူ မပြုပါနဲ့"

ရယ်သံများကို ကြားရသည်။ နောက်စကားသည် ပြဇာတ်ထဲမှာ မပါပါ။ ကျွန်တော် လှည့်ဝင်မည့်ခြေလှမ်းကို ပြန်ရုပ်ထားလိုက်မိသည်။

* * *

(၂)

ကျွန်တော် ပြုပြင်ပေး၍ ရလိမ့်မည်ဟု ထင်ခဲ့သည်တို့ကို လက်လျှော့ရမလို ဖြစ်လာသည်။ ဝါဆိုဝါခေါင် စာချုပ်ပြီးစ ကာလများက လိုက်နာတဲ့ စည်းကမ်းတို့ကို ဖောက်ဖျက်စ ပြုလာသည်။ ဒရမ်အောင်သောင်းသည် စင်ပေါ်သို့ မူး၍ တက်လာရုံမက ပုလင်းပါ ပါလာတတ်သည်။ ဝါဆိုဝါခေါင်မှာပေးခဲ့သော ကတိကို တန်ဆောင်မုန်းနတ်တော်မှာ ဖျက်ကြသည်။ သူနှင့်အတူ ပုလင်းတူဘူးဆို့ လုပ်နေသည်က လူရွှင်တော်တိမ်ပုံနှင့် တိုင်းတုံ။ သူတို့နှစ်ယောက် သောက်နေသောကြောင့် မသောက်သည့်ကို အာကာက သူတို့နှင့် အလုပ်တွဲလုပ်ရသည်ကို စိတ်မာတ်ကျသည်။ ထို့ကြောင့် ကျွန်တော့်ကို တိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာကို လေးစားလို့ သန်းခေါင်ကျော်ထိ အိပ်ပျက်ခံပြီး နှင်းကျထဲကနေ မြေပေါ်က ထိုင်အားပေးနေတဲ့ ပရိသတ်ကို စင်ပေါ်ကနေ စော်ကားနေသလိုပဲ ဆရာလေးရယ်။ လျှာလေး အာလေးနဲ့"

ကျွန်တော် ငြိမ်၍ နားထောင်နေမိသည်။ အဆိုးဆုံးမှာ တိမ်ပျံ။ တိမ်ပျံက ချစ်ဦးနွယ်တို့ကို စင်ပေါ်ခေါ်တင်၏။ ချစ်ဦးနွယ် ဆိုသည့် ကောင်က ပွဲတကာလိုက်၍ မင်းသမီးလေးများကို ပိုးနေသူ။ ယူမလားဆိုတော့လဲ ယူမည့်သူ မဟုတ်။ ဆိုင်ကယ်နောက်က တင်ခေါ်သွားမည်။ ကားနှင့် လာခေါ်မည်။ စောကားလွန်းအားကြီး သည်ဟု ကျွန်တော်မြင်သည်။ ခက်သည်က ကိုယ့်ဘက်က လူများ က ရန်သူလား မိတ်ဆွေလား မခွဲခြား။ အရက်တစ်ခွက်။ စီးကရက် တစ်လိပ်။ ထမင်းတစ်လုပ်ကျွေးကာ ပေးကာ စည်းရုံးရုံမျှနှင့် တစ်ခါတည်း စင်ပေါ်ခေါ်တင်တော့သည်။ မင်းသမီးလေးတို့ ကလည်း အ လွန်းသည်။ ငါးစာကိုသာ မြင်ကြသည်။ ငါးမျှားချိတ် ကို မမြင်။

"မိဂွက် ဟိုတစ်နေ့က ချစ်ဦးနွယ်ရဲ့ ဆိုင်ကယ်နဲ့ လိုက် သွားတယ်"

"သူ့အမေကရော"

"မြို့တွင်းပွဲမို့ဆိုပြီး မပါလာဘူး"

ကျွန်တော် စိတ်ပျက်မိသည်။ ဒေါ်စောမယ်သည် မင်းသမီး ဟောင်းကြီးပင်။ သည့်အကွက်တွေ အလွန်သိသည်။ တိမ်ပျံမှ တစ်ဆင့် သူ့အကွက် ပါတိတ် ဝယ်ပေးသည်ကို သူ လက်ခံ ကတည်းက တစ်နေ့ သည်လိုဖြစ်လာလိမ့်မည်ကို ကျွန်တော် မှန်းဆမိသည်။ သူနဲ့အတူ ပါလာတဲ့ လူက ခင်ဆုံကို ကပ်ချင်တာ။ ခင်ဆုံက ဆရာလေးကို ကြောက်လို့ဟု ပြောရင်း ဆေးပေါ့လိပ်ကို ဖွာ၏။ သည်အချိန် အုပ်ချုပ်ရန် ခက်သောအချိန် ဖြစ်သည်။ ပွဲခွင်





တွေက ဆက်နေသည်။ နောက်ပွဲမလိုက်ဘဲ နေလိုက်မည်ဆိုသော တလွဲဆံပင်ကောင်းသည့် မာနလေးတွေနှင့်။

"အေးဗျာ။ ကျွန်တော့် ကြည့်ထိန်းပါဦးမယ်"

ပြောမည့်သာ ပြောလိုက်ရသည်။ အင်အားမရှိလှပါ။ သို့ဖြင့် နောက်ရက်မှာ ကိုလူကလေးနှင့်ဆုံကာ အဖွဲ့အစည်းအပေါ် ထိန်း သိမ်းရန် ဆွေးနွေးရင်း သတိပေးမိသည်။ သူကမှ မတုန်လှုပ်။

"ထုံးစံပဲ သူငယ်ချင်းရ။ တပေါင်း၊ တန်ခူး၊ ကဆုန်ဆိုရင် အရက်ဖြတ်ကြ။ ပုတီးစိပ်ကြ။ တရားထိုင်ကြနဲ့ နောက်ခေါ်မယ့် အငြိမ့်ထောင်ဆီက ငွေတောင်းကောင်းအောင် လုပ်ကြရော။ ဝါဆိုမှာ မှာချုပ်ပြီးတာနဲ့ လေသံက ပုံမှန်ဖြစ်သွားပြီ။ သိပ်မပျော့တော့ဘူး။ တန်ဆောင်မုန်း။ နတ်တော်ပွဲရာသီမှာ ပြန်ပြီး ထင်ရာစိုင်းတော့ တာပဲ။ ဒီတော့ ဒီအဖွဲ့ထဲမယ် ဘယ်သူတော်သလဲ ကြည့်နေ။ နောက်နှစ်မှာ သူတို့ကို ရအောင်ထိန်းထားနိုင်ဖို့ပဲ လိုတယ်။ ဦးမာ ကိုအာကာ။ ခင်ဆုံ။ စမ်းထွေး။ သူတို့ကို ထိန်းထားနိုင်ရင် တော်ပြီ။ ကျန်တဲ့လူတွေတော့ အမုန်းခံပြီး ပြောမနေနဲ့။ ဒီနှစ်ကုန် ရင် ငါကလဲ လွှတ်လိုက်မှာ။ အသုံးယူထားတာ အကြွေးမကျန်လို့ ကျန်တဲ့လူကိုလဲ အမ်းယူသူရှိ ထည့်လိုက်မှာ။ သူတို့အစား လူ ကောင်း ရလိုရငြား ရှာကြည့်မယ်"

ပြတ်သည်။ သူ မြင်ထားပုံက ရှင်းသည်။ အငြိမ့်ထောင် ဆိုတာ ဒီလိုမှ မပြတ်သားရင် နှလုံးရောဂါနှင့်သေသွားမှာပေါ့ဟု လည်း ဆိုသည်။ သို့နှယ် မပြတ်နိုင်သူက ကျွန်တော်။ အဖွဲ့အပေါ် သံယောဇဉ် ဖြစ်နေမိသည်။ ကိုယ့်တန်ဖိုးကိုယ်မသိသော သူတို့အား ဒေါသဖြစ်မိသည်။

အပြန်မှာ ခင်ဆုံတို့ အိမ်ဘက်သို့ လှည့်ဝင်ခဲ့သည်။

"ဟင်...ဆရာ"

ခင်ဆုံကို မတွေ့။ လုမောင်လေးကို အိမ်ထဲမှာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဆုံရောဟု အမေးကို ဟို...ဟို...ဈေးဘက်သွားတယ်ဆရာဟု အထစ်ထစ်အငေါ့ငေါ့နှင့် ဖြေ၏။ သူ့ဘေးမှာ ခေါင်းငုံ့၍ ထိုင်နေသော စမ်းတွေးကို တွေ့ရသည်။ သူတို့ ခင်ဆုံ၏အိမ်မှာ ချိန်းတွေ့ကြခြင်း ဖြစ်သည်။ ကောင်မ အစကတော့ ငါ့ကို တိုင်ပြီးခုတော့ဟု အပြုံးနှင့်ပြောကာ လှည့်ထွက်ခဲ့သည်။ အချင်းချင်း ပေမယ့် ယူမှာ ယူဖြစ်ကြပါ့မလားဟု ရင်လေးစွာ တွေးမိသည်။ တစ်ဆက်တည်း ကိုယ့်ကိုယ်ကိုယ် ပူတတ်ရန်ကောဟု အပြစ်တင်မိသည်။ မြောက်ဘက်မှ ဝေ့လာသောဆောင်းလေကြောင့် စိမ့်ကနဲ အေးသွား၏။ ရေ့လဆို ပြာသို။

* * *

(၃)

နွေမှမိုး...

မိုးမှဆောင်း...

ဆောင်းမှနွေ...

ရာသီတစ်ဝတ် လည်ခဲ့ပါလေပြီ။ နေပူလေ‌ဖော့ရှက်ကြေနှင့် ဖုန်တို့က အိမ်တွင်းသို့ ဝင်လာသည်။ စာအုပ်စင်ကို ဖုန်ခါကာ ပုဆိုးဟောင်းတစ်ထည်နှင့် လွှမ်းထားလိုက်သည်။ ပက်လက်ကုလားထိုင်မှာ ကပ်ထားသော အဝတ်ခင်းကို ဖြုတ်ကာ ဝါးခြမ်းနှင့် ယက်ထားသည့် အခင်းကို ပြောင်းတပ်လိုက်သည်။ အပူသက်သာရန် ဖြစ်ပါသည်။ သင်္ကြန်ပြီးစမို့ ပို၍ ခြောက်သွေ့နေသည် ထင်ရ၏။

"အစ်ကို"

လှည့်ကြည့်လိုက်တော့ ခင်ဆုံ။ ဟေး...လာလေဟု ခေါ်လိုက်သည်။ အစ်ကိုက မှာထားတယ်ဆိုလို့ လာတာဟု ပြောသည်။

"ဘာကိစ္စရှိလို့လဲဟင်"

"ကိစ္စရှိမှ မှာရမှာလား ခင်ဆုံ"





ကျွန်တော့်က သူ့ကို ဖြေရင်း ပက်လက်ကုလားထိုင်မှာ သည်။ သူက ကျွန်တော့်ဘေးနားက ဖျာပေါ်မှာ ထိုင်သည်။ ကနှင့်ကို ကြိုသုံးငါးထောင် လာပေးတယ်ဆိုတာ ဟုတ်လားဟု မေးလိုက်သည်။ အလုပ်ကြိုးစားသော၊ နာမည်ရှိသော သည်ဆိုလျှင် ဤသို့ပင် စာချုပ်ရက်ပြည့်ခါနီးမှာ အငြိမ့်ဆောင်တို့ လုကြသည်။

"ဟုတ်တယ် အစ်ကို"

"နှင် ယူလိုက်ပြီလား"

"မယူရသေးပါဘူး"

ကျွန်တော် ရိုဝေစွာဖြင့် ပြတင်းကို ငေးနေမိသည်။ မြင်ကွင်း သည် ခြောက်သွေ့နေ၏။

"အစ်ကို့ အုပ်ချုပ်မှုအောက်မှာ အစ်ကိုနဲ့တွဲပြီး အလုပ်လုပ်ရတာ မပျော်လို့လား ခင်ဆုံ"

ခင်ဆုံက မဖြေ။ ခေါင်းငုံ့နေသည်။ အတော်ကြာငြိမ်နေပြီးမှ န်တော်ကပင် စကားစလိုက်ပါသည်။

"အစ်ကို ခင်ဆုံကို ချုပ်ချယ်တာ။ ဆူတာ။ အော်တာ။ က်တာတွေဟာ စေတနာအပေါ်မှာ အခြေခံပြီး ပြောဆိုခဲ့တာ လို့တော့ နားလည်ထားပါကွာ။ အစစအရာရာ ခင်ဆုံရဲ့ ကွာအတွက်။ ခင်ဆုံရဲ့ ဘဝအတွက် မစိုးရိမ်ရင်တော့ မဆိုင်သလို လို့ ရတာပေါ့ကွာ"

ခင်ဆုံ ကျွန်တော့်ကို မော့ကြည့်သည်။

"အစ်ကို"

ကျွန်တော်က သူ့မျက်ဝန်းကို ပြန်ကြည့်လိုက်သည်။ ရင်ထဲ ဟာတာတာနှင့် မောသလို ဖြစ်လာ၏။

"အစ်ကို ခင်ဆုံ့ကို ဘာလို့ စေတနာ ထားနေရတာလဲ"

"သံယောဇဉ် ရှိလို့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ သံယောဇဉ်ရှိတာလဲ"

"ချစ်လို့လို့ ပြောဖို့လိုသေးလား ခင်ဆုံရယ်"

ခင်ဆုံ ခေါင်းငုံ့သွားသည်။ အတော်ကြာထိ မမော့လာ
စိတ်ဆိုးသွားပြီလား ခင်ဆုံဟု မေးသောအခါ ခေါင်းယမ်းပြသည်။
ကျွန်တော် သူ့ပခုံးကို အသာဆွဲယူမိသည်။ မေးကိုကိုင်၍ မော့
လိုက်သည့်သောအခါ ရှက်တယ်ဟု ပြော၍ ခေါင်းငုံ့ပြန်သည်။

ခင်ဆုံ၏ ပါးပြင်မှ သနပ်ခါးနံ့ကို နီးကပ်စွာ ရလိုက်သည်။
ခင်ဆုံတစ်ယောက် ရင်ဖိုမောစွာဖြင့် လေဟာနယ်မှာ လွင့်မျော
သည်သို့ ခံစားကော့င်း ခံစားနေရပါလိမ့်မည်။

"အစ်ကို"

ခင်ဆုံ၏ လိုက်မောစွာ ခေါ်သံတွင်မူ အားကိုးမှု အပြည့်ပါ
သည်ကို ကျွန်တော် သိလိုက်ပါသည်။ ကျွန်တော်၏ စိတ်တွင်
ကြည်နူးခြင်း။ သာယာခြင်းများ ဖြစ်မလာ၊ ကိုလှုကလေး၏
စကားကို ကြားယောင်လာသည်။

"သူငယ်ချင်း ငါ့မှာ ငွေသိပ်မရှိဘူး။ ဥက္ကာထက် ပိုပြီး
ပေးနိုင်မှာ မဟုတ်ဘူး။ ခင်ဆုံ ငါ့အငြိမ့်ထဲမှာ မြဲနေဖို့ မင်း
ကူညီပါ။ တစ်နည်းပဲရှိတယ် သူငယ်ချင်း။ ခင်ဆုံနဲ့ မင်းနဲ့သာ
ချစ်သွားရင် . . ."

ကျွန်တော် ရင်မောမိသည်။

"အစ်ကို"

"ခင်ဆုံလေး"

ကံချွန်

ရှင်ခုန်မှုင်း၊ ၁၉၈၆၊ နိုဝင်ဘာလ


❑



www.burmeseclassic.com

www.burmeseclassic.com

# သူ့အကြောင်း ကိုယ့်အကြောင်း



## သူ့အကြောင်း ကိုယ့်အကြောင်း

"သမီး ဝတ္ထုရေးမယ်ဆိုရင် ကိုယ့်ဝန်းကျင်ကို အာရုံစူးစိုက်တဲ့ အလေ့အကျင့် ပထမလုပ်။ ကိုယ်နဲ့ ဆက်ဆံနေရတဲ့ လူတွေရဲ့ အကြောင်းကို စိတ်ဝင်စားတတ်ရမယ်"

သမီးသည် ကြက်သွန်ဖြူထောင်းနေရာမှ သူ့အဖေ ပြောသည့် စကားကို နားထောင်နေ၏။

"ဝတ္ထုဆိုတာ တန်ခိုးနဲ့ ဖန်ဆင်းလိုက်တာ မဟုတ်ဘူး။ လူတွေထဲက အကြောင်းအရာတွေကို ပြန်ရေးတာပဲ။ ရေးတတ်ဖို့ လေ့ကျင့်ရတာက ခဏပဲ။ အဓိကက မြင်တတ်။ ကြားတတ်ဖို့ လိုတယ်။ ရေးတတ်ဖို့အတွက် အကောင်းဆုံးနည်းလမ်းကတော့ သူများရေးတဲ့စာတွေ များများဖတ် ဒါပဲ"

သမီးက ထောင်းပြီးသွားသော ကြက်သွန်ဖြူကို မီးဖိုပေါ်မှ အိုးထဲသို့ ထည့်လိုက်သည်။

"အစောက ဟိုဘက်ခန်းက ဆရာကြီးဆီလာတဲ့ သားအမိကို တွေ့လိုက်သလား။ ဆယ့်လေးနှစ်ဆယ့်ငါးနှစ် ကောင်မလေး တစ်ယောက်နဲ့ အသက်လေးဆယ်လောက် မိန်းမကြီး တစ်ယောက် လေ"

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မြင်တော့ မမြင်လိုက်ဘူး။ စကားပြောတဲ့ အသံတွေတော့ ကြားလိုက်တယ်"

"အဲ...အဲဒါ ဓာတ်မင်းသမီးကြီးနဲ့ သူ့သမီးလေ။ သူတို့ စကားပြောတာ သွားနားထောင်ခဲ့တာ ဝတ္ထုပြန်ရေးရရင် သိပ်ကောင်းမယ့် ဓာတ်လမ်းလေးပဲ"

"ဘာဓာတ်လမ်းလဲကွ"

"အိမ်ရှေ့မှာ စက်ဘီးကို ဒေါက်ထောက်၍ ရပ်ရင်း နီမောင်က လှမ်းအော်မေးသည်။ သူနှင့်အတူ မောင်သာပိုလဲ ပါ၏။

"မင်းကတော့ ရောက်လေရာနေရာ လုပ်စားဖို့ စဉ်းစားနေတာပဲ"

ကျွန်တော်သည် မီးဖိုဘေးမှာ ရပ်နေရာမှ အိမ်ရှင် ဧည့်ခန်းဆီသို့ ထွက်လာခဲ့သည်။ ကျွန်တော်နေသည့် အခန်းမှာက မီးဖို။ အိပ်ခန်း။ ဧည့်ခန်း။ အလုပ်ခန်းသည် အကာအကွယ် အတားအဆီးမရှိ တစ်ဆက်တည်း ဖြစ်၏။ ကျွန်တော်နေသည့် အခန်း၏ တစ်ဖက်မှာက သည်အိမ်ပိုင်ရှင် ဆရာဦးဖုန်းမြင့် နေသည်။

ဆရာသည် ပင်စင်စား ကျောင်းဆရာ။ တက္ကသိုလ် ဖုန်းမြင့် အောင်ဟူသော ကလောင်အမည်ဖြင့် ဓာတ်သဘင်ဆောင်းပါးများ ရေးသည်။ ပြဇာတ် ဓာတ်ညွှန်းခွဲသည်။ ဒါရိုက်ဘာ လုပ်သည်။ ယခုမူ စာရေးခြင်းမှအပ အခြားအလုပ်များကို နားထားသည်။

ကျွန်တော်သည် အိမ်ပိုင်လည်းမရှိ။ ငှားရန်လည်း မတတ်နိုင် ယောင်ချာချာဖြစ်နေချိန်မှာ ဆရာက သူ့အိမ်မှာ လာနေရန် ခေါ်ထားခြင်း ဖြစ်ပါသည်။ ဓာတ်သဘင် လောကမှာ ဆယ်နှစ်နီးပါးမျှ ကျင်လည်ခဲ့သည့် ဆရာ့ထံသို့ ဓာတ်သဘင်လောကမှ အနုပညာသမားများ ဝင်ထွက်သွားလာနေသည်ကို မကြာခဏ တွေ့လာရပါသည်။

အစောကပင် ဓာတ်မင်းသမီးကြီးတစ်ဦး လာသွားသေးသည်။





နီမောင်နှင့် မောင်သာပိုအား ထို ဓာတ်မင်းသမီးကြီးအကြောင်းကို ပြောပြချင်နေမိ၏။ ဤသည်မှာ ကျွန်တော်၏ အကျင့်။ ဝတ္ထုတစ်ပုဒ်။ ကာတွန်းတစ်ကွက် ရထားပြီဆိုလျှင် မရေးခင်မှာ စာပေမိတ်ဆွေများကို ပြောပြတတ်သည်။ မိတ်ဆွေများနှင့် မဆုံလျှင် ကျွန်တော်၏ သမီးကို ပြောပြတတ်သည်။ ဘယ်အကြောင်းအရာကို ရထားသည်။ ဘယ်လို ပြန်ရေးမည် စသည်ဖြင့် ပြောရင်းပြောရင်းမှ ထိုအကြောင်းအရာသည် ပြည့်စုံလာလေ့ရှိသောကြောင့် ဖြစ်ပါသည်။ ဆရာဦးဖုန်းမြင့်ကပင် ကျွန်တော့်ကို ခေါ်၍ ထိုဓာတ်မင်းသမီးကြီးနှင့် မိတ်ဆက်ပေးခဲ့သည်။ နံနက်က...

* * *

"ကိုကံချွန် လာ။ ခင်ဗျားရဲ့ ဝတ္ထုကို ကျွန်တော် ဒါရိုက်တာလုပ်ပြီး စင်တင်တုန်းက ဒေါ်ကြည်ပြာနေရာမှာ ကခဲ့တဲ့ မင်းသမီးကြီးလေ"

"ဟုတ်ကဲ့။ သိရတာ ဝမ်းသာပါတယ်"

ကျွန်တော်သည် ပြုံးပြရင်း ခုံလွတ်မှာ ဝင်ထိုင်သည်။ မင်းသမီးကြီးသည် သူ၏ ပြောလက်စ စကားကို ဆရာဦးဖုန်းမြင့်နှင့် ဆက်ပြောနေသည်။

"ကျွန်မလဲ မကတော့ဘူး။ နားတော့မယ်လို့ ဆုံးဖြတ်ထားတာပဲ ဆရာ။ စင်ပေါ်တက်ရတာ မပျော်တော့ဘူး။ လူမှုရေး။ ကျန်းမာရေး။ စီးပွားရေး။ ဘယ်ဟာမှ မရေရာတဲ့ ဘဝပဲ။ ဆရာလဲ သိပါတယ်။ ရုပ်ဆွေရုပ်မျိုး မပြောနဲ့။ အဖေအရင်းသေတာတောင်မှပဲ ကျွန်မမှာ အသက်မမီလိုက်ဘူး။ အဖေအသည်းအသန်ဖြစ်နေတဲ့ အချိန်မှာ ကျွန်မတို့က မိတ်ကပ်လိမ်းပြီး စင်ပေါ်မှာ ကနေရတယ်။ ဒီတော့ ဓာတ်သမားဘဝ ကျေးဇူးဆိုတာ ဘယ်လိုလုပ် ရှိနိုင်တော့မလဲ။ မဟုတ်ဘူးလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ နားလိုက်တာ ကျွန်မ ဝမ်းနည်းဝမ်းသာပဲ။ တစ်ခါတလေတော့လဲ စင်ပေါ်မှာ အတူတူ လုပ်ခဲ့ရတာကို သတိရပြီး တမ်းတမိပါရဲ့။ တစ်ခါတလေတော့ ဆရာစင်ပေါ်က ဆင်းသွားတာ ဝမ်းသာတယ်။ ကျွန်မတို့သာ ဝဋ်မကုန်သေးလို့ လို့ပြောရမယ်။ ကိုယ့်ကျန်းမာရေး ဘယ်လောက်ချို့ချို့။ အိပ်ရာထဲ ဗုန်းဗုန်းမလဲသရွေ့ နားလို့မရတဲ့ဘဝ။ ထင်သာမြင်သာ မဟုတ်တဲ့ရောဂါနဲ့ သဘင်သည်တွေဆို စင်ပေါ်မှာတင် အလုပ်လုပ်ရင်း ဘဝနိဂုံးချုပ်သွားရတာတွေ အများကြီး။ ကျွန်မ စဉ်းစားကြည့်တယ်ဆရာ"

"အမြဲ ခရီးထွက်နေရတယ်။ အအိပ်ပျက် အစားပျက်ရတယ်။ ရာသီဥတုဒဏ် ခံရတယ်။ ဒီလူတွေမှ ရောဂါမကပ်ရင် ဘယ်သူတွေ ကပ်တော့မလဲ။ သဘင်သည်များ သက်တမ်းရှေ့ မနေရဘူး။ သက်တမ်းစေ့ နေရရင်လဲ ကျန်းမာရေးက လူချင်းမတူနိုင်တော့ဘူး"

"အဲသလို လုပ်ကိုင်ရှာဖွေနေလို့ စီးပွားဖြစ်သလား မေး ဟင့်အင်းပဲ။ ဆရာအသိဆုံးပါ။ ဒီကရမှ ဒီကစားရတာကို မဟုတ်ဘူး။ ဒီကရမယ့်ဟာအတွက် အလျင်ကတည်းက ကြိုယူပြီး စားထားရတာ။ ဒီနေ့ ပွဲနားပြီဆိုရင် မနက်ဖြန် အိုးမှောက်တော့တာပဲ။ စင်ပေါ်က ဆင်းချင်လို့ မရဘူး။ ကြိုသုံးယူ။ အလုပ်ဆက်လုပ်။ ဒါမှ ဆန်အိုးထဲ မြွေဝင်မခွေမှာ။ ဘာမှ အာမခံချက် မရှိတဲ့ ဘဝပါ ဆရာရယ်။ လုံးဝ မရေရာတဲ့ဘဝ။ ကျွန်မကတော့ အတော့်ကို စိတ်ပျက်နေပြီ။ နားချင်တာ နားလို့ မရသေးလို့"

"ဆရာအောင်မိုး သိတယ်မဟုတ်လား"

"ဂစ်တာတီးတဲ့ ကောင်လေး"

"ဟုတ်တယ်ဆရာ။ အဲဒီကောင်လေးက ခု သူခုမတဲ့ခွန် ဇာတ်ထဲမှာ။ သူက လာခေါ်တာ။ မင်းသမီးကြီးမရှိလို့ မမလိုက်ကူပါဦးဆိုတာနဲ့ ဦးတက်တူနဲ့ ဦးကိုင်းတူလဲ ကျွန်မနဲ့ အတူတူပဲ"





"ဒါဖြင့် ပထမဇာတ်ကို ဆိုင်းဘုတ်ပြောင်းသလို ဖြစ်နေမှာပေါ့"

"မတူးပါဘူး ဆရာ။ အငယ်လေးတွေပဲ နည်းနည်းပါးပါး အပြောင်းအလဲရှိတာ။ ကျွန်မလဲ တွဲလုပ်ရမယ့် လူတွေ ကြည့်လိုက်တော့ ကိုယ့်လူတွေချည်း ဖြစ်နေတာနဲ့ သူတို့ကလဲ ကျွန်မလိုပဲ နားတော့မယ်ဆိုနေတာ။ အဘတို့ လိုက်လုပ်ပေးပါဦး ဆိုပြီး မင်းသားလေးက နားပူလို့ လိုက်လာကြတာတဲ့"

"အဘတို့ အသက်လဲ မနည်းတော့ဘူးလေ။ ဓမ္မရိပ် ဘုရားရိပ် ခိုရမယ့်အရွယ်တွေ ဖြစ်နေပြီ။ ခုနစ်ဆယ်ကျော်တွေ။ ဦးတက်တူ သားက နဲ့မှတ်တယ်လေ။ ဒီအဖွဲ့ထဲမှာပဲ။ ဒီနေ့ည ဟိုဘက်လမ်းထဲ ကမှာ။ ကျွန်မတို့ အဖွဲ့ပဲလေ"

"အေးဗျာ။ ငါက မသိဘူး။ လတ်စသတ်တော့ တို့လူဟောင်းတွေချည်းပါပဲလား"

"ဒါကြောင့် ပြောတာပေါ့။ နားချင်ပေမယ့် နားလို့ မရသေးဘူးလို့။ စိတ်ပျက်ပါတယ် ဆရာရယ်"

"ဒါနဲ့ သူက"

"သမီးလေ။ ရှစ်တန်းကနေ ကျောင်းထုတ်လိုက်တာ။ ခု ဆရာတူမကဲ စတိတ်ရှိုးထွက်နေပြီ။ ပြဇာတ်ထဲလဲ လိုအပ်ရင် ထွက်ပေးရတယ်၊ ည လာကြည့်လှည့်ဦးလေ"

* * *

ကျွန်တော်သည် ဇာတ်မင်းသမီးကြီး ပြောခဲ့သမျှကို နားထောင်ခဲ့ပြီး ဝတ္ထုရေးချင်ခဲ့သည်။ ထိုအကြောင်းကို မောင်သာပိုနှင့် နီမောင်တို့အား ပြောမိသည်။

"တကယ့်ဝတ္ထုပဲဗျာ။ အနုပညာသမားတစ်ယောက်ဟာ သူ့လောကကို စိတ်ပျက်ပါတယ် ပြောနေပြီး သူ့မျိုးဆက်ကိုတော့ သူ့လောကထဲမှာပဲ ရှိနေစေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ၊ ကောင်းတယ်၊ ရေး"

"ရေးမလို့ပဲ"

"ဒါဖြင့် မင်း ဒီနေ့ မြို့ထဲ မထွက်တော့ဘူးပေါ့"

"မထွက်တော့ဘူး။ ဘာလုပ်မလို့လဲ"

"မေးတာပါ။ ထွက်ရင် အတူသွားရအောင်လို့"

"စာရေးလိုက်ဦးမယ်ဗျာ"

သို့ဖြင့် သူတို့ ခဏတဖြုတ်ထိုင်ပြီး နှုတ်ဆက်ကာ ထွက်သွားကြသည်။ ကျွန်တော်သည် ရေးချင်နေသည့် အကြောင်းအရာ သွေးပူတုန်း ရေးလိုက်မှ ရေးဖြစ်သည့်အတွက် စာရေးစားပွဲမှာ ထိုင်လိုက်သည်။

"အပါက ရယ်ရတယ်တော့"

"ဟေ...ဘာလို့လဲ..."

"ဒါလေးက ဝတ္ထုတစ်ပုဒ်။ ဓာတ်မင်းသမီးကြီးအကြောင်း ဝတ္ထုက ဝတ္ထုတစ်ပုဒ်နဲ့ ပြောနေတာ အားရပါးရ ကိုယ့်အကြောင်းတော့ ကိုယ် မစဉ်းစားဘူးလား။ အပါကရော ဘာထူးလို့လဲ။ ငါ့သမီး ကြီးလာရင် စာရေးဆရာကြီးဖြစ်အောင်လုပ် ဆိုပြီးတော့"

ကျွန်တော်သည် သမီး၏မျက်နှာကို စူးစိုက်၍ ကြည့်နေမိသည်။

ကံချွန်

ရင်ခုန်ပွင့်၊ ၁၉၉၃၊ ဇွန်လ။

◻



www.burmeseclassic.com

www.burmeseclassic.com

# ဗေဒင်ဆရာအတွက်များလို့



**ဗေဒင်ဆရာအတွက်များလို့**

ကိုပေတလူ ဗေဒင်ပညာသင်၍ ပြန်လာသည် ဆိုကတည်းက ဟိုလူက ခေါ်ချင်၊ ဒီလူက ခေါ်ချင်။ ရွာမှာ ကိုပေတလူ မျက်နှာ ရွှင်ပုံမှာ ဝေဝေခေါင်းလျှော်ရည်ကြော်ငြာထဲက မိုက်ကလေးအတိုင်း ပင်။ အပျိုတွေလည်း ဝိုင်းဝိုင်းလည်နေသည်။ သက်ကြီးရွယ်အို များပင် ကိုပေတလူကို မြင်သည်နှင့် လက်ဝါးဖြန့်ပြသည်။

"ဗေဒင်မတွက်အားတောင် လက္ခဏာလေးဖြစ်ဖြစ်တော့ ကြည့်ပေးသွားပါဦး"

"အဘထီးရိုးကတော့ အတော်ကောင်းတာပဲ"

"မှန်လိုက်တာ မောင်ပေတလူရယ်။ ထီးရိုးကောင်းလွန်းလို့ အရှက်လဲရတာ သုံးခါရှိပြီ"

ကိုပေတလူ မျက်စောင်းထိုးကြည့်သည်။

"အာယုလမ်းကြောင်းကတော့ ထင်းနေတာပဲ"

"အာယုသာ ထင်းတာ။ အားယူပြီး ထနေရတာ အတော် ကြာပြီကွယ်"

"အဘ ငယ်ငယ်တုန်းက အတော့်ကို စွံခဲ့တာပဲနော်"

"မှန်ပါ့ဗျာ။ ကုက္ကိုခေါက်နဲ့ဆား သွေးလိမ်းရတာ ခဏခဏ"

စိန်စိန်ဦး-စားအုပ်တိုက်-

www.burmeseclassic.com

www.burmeseclassic.com



ကိုပေတလုက မျက်စောင်းကို ဆောင့်အောင့်ထိုးလိုက်ပြီး–

"နိုင်ငံခြားသွားရဦးမယ့် လက္ခဏာပါပဲ"

"ဘယ်နိုင်ငံများလဲ"

"တာဝတိံသာ"

"ဗွီ...နတ်ပြည်မသွားချင်သေးပါဘူး။ လူ့ပြည်မှာပဲ နောက်ထပ် နှစ်ဆယ့်ငါးနှစ်လောက် နေဦးမယ်"

"ဆက်ဟောရဦးမလား"

"တော်ပါပြီကွာ"

ကိုပေတလုကို စချင်နောက်ချင်၍ မေးသူများလည်း ရှိသည်။ ယုံယုံကြည်ကြည်နှင့် မေးသူများလည်း ရှိသည်။ ဘာရယ်လို့မဟုတ် အပျင်းပြေ မေးသူများလည်း ရှိသည်။

"ဆရာလေး လာပါဦး"

"မေးဗျား...ရှေ့ဖြစ်သိချင်သလား။ ရင်ဘတ်မှာ ကြယ်သီး ငါးလုံးပါတယ်။ နောက်ဖြစ်သိချင်သလား။ ဘော်လီမှာ အပ်ချိတ် ပါတယ်။ အလယ်ဖြစ် သိချင်သလား..."

"တော်ပါပြီ ကိုပေတလုကြီးက ဘာမှန်းလဲ မသိဘူး"

"ဟဲဟဲဟဲဟဲ"

သို့နှယ် မိန်းကလေးများနှင့်လည်း ရောရောနှောနှော နေတတ်ပါသည်။

"ကျွန်မ ဘယ်တော့ ယောက်ျားရမလဲ"

"နင်ယူတဲ့အချိန် ရမှာပေါ့"

"ရမယ့်ယောက်ျားက ဘယ်လိုလူလဲ။ အသက်ကြီးသလား။ ငယ်သလား။ ရုပ်ချောသလား။ ဆိုသလား"

"ငါထင်တယ်။ ပြောရင် စိတ်မဆိုးနဲ့နော်"

"ထင်သာတာ ပြောပါ။ စိတ်မဆိုးပါဘူး"

"ငါထင်တယ်"





ပေတလုက သူ့ရင်ဘတ်ကို လက်နှင့်ပုတ်၍ ပြောသည်။

"ကိုပေတလုကြီးက ဘာမှန်းလဲ မသိဘူး"

ကိုပေတလုကို အပျိုကြီးများကလည်း ခေါ်မေးလေ့ ရှိသည်။

"မောင်ပေတလု အစ်မကြီးကို ဗေဒင်ဟောပေးစမ်း"

"ဗေဒင်က မွေးရက်လ အချိန်အတိအကျသိမှ မှန်တာဗျ။ ကိုယ်မွေးတဲ့အချိန်က ဆရာဝန် နာရီက ဆယ့်နှစ်နာရီ။ ဆရာမ နာရီက ဆယ့်နှစ်နာရီ သုံးမိနစ်။ ကွန်ပေါင်ဒါနာရီက ဆယ့်နာရီ ထိုးဖို့ နှစ်မိနစ်ဆိုပါတော့ ကဲ–ဘယ်နာရီနဲ့ သတ်မှတ်မလဲ"

"အင်း–ဟုတ်သားပဲ"

"လက္ခဏာသာကြည့်"

"ကဲ–လက္ခဏာသာ ကြည့်ပေးပါတော့"

ကိုပေတလုက အပျိုကြီးဒေါ်ဂျမ်းပုံလက်ကို ဆွဲယူလိုက်ပြီး–

"ခင်ဗျား လက်ညှိုးအသုံးများတယ်။ ဟဲ့–ဟိုဟာ မလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ ဟိုသွားစမ်း။ အဲဒါယူခဲ့စမ်းနဲ့ လက်ညှိုးထိုး ခိုင်း နေတာ ပြောတာပါ"

ဒေါ်ဂျမ်းပုံက ကိုပေတလုကို မျက်စောင်းထိုးလိုက်သည်။ ကိုပေတလုက ဒေါ်ဂျမ်းပုံလက်ဝါးကို ပွတ်လိုက်ပြီး–

"အသားကတော့ အတော့်ကို နူးပြီး ချောနေတာ။ ဇရာအိုတာ ကာကွယ်ဖို့ ရွှေပြည်နှင်း အထူး ဆေးသနပ်ခါးကို သုံးတယ် ထင်တယ်"

ဒေါ်ဂျမ်းပုံက လက်ကို ဆောင့်ဆွဲလိုက်သည်။

"သွား...မအေပေး။ ငါ ကိုင်ဆောင့်မိလိုက်မယ်"

"ဟီးဟီး...ကြိမ်းပုံကိုက အပျိုကြီးမှန်း သိသာတယ်"

ကိုပေတလု စကားဆုံးသည်နှင့် ဒေါ်ဂျမ်းပုံက လိုက်ထု တော့သည်။ ထိုသို့ ကိုပေတလုနေသည်ကို မိဘများက မကျေနပ်နိုင်။

"မင်း ဒီပညာသင်ပေးမိတာ မှားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"နေထွက်ကနေဝင် အရပ်ထဲ လည်နေတာ ပိုက်ဆံလဲ မရဘဲနဲ့"

"ကျွန်တော် ပညာကို ငွေနဲ့ မရောင်းစားချင်ဘူး"

"ဩော်...ဒါကြောင့် အလကား ပေးနေရတာပေါ့လေ"

ကိုပေတလုက ဘာမှ မဖြေ။

"ငွေမယူဘဲ ဗေဒင်ဟောနေရင် အလကားဗေဒင်ဆရာ ဖြစ်မှာပဲကွ။ ကိုယ့်ပညာကိုယ်ယုံရင် ထိုက်ထိုက်တန်တန်ယူ။ မင်း အောင်မြင်ဖို့အတွက် တို့မိသားတစ်စုလုံးက ပံ့ပိုးပေးမယ်"

"ဟုတ်ကဲ့ပါ အဘ"

သို့ဖြင့် ကိုပေတလုမှာ "အလကား"ဗေဒင်ဆရာ မဟုတ်တော့ဘဲ နှုတ်ဟောငါးဆယ် ဖြစ်သွားလေပြီ။

"ကိုပေတလု"

"ဘာလဲကွ"

"တစ်ဝက်အကြွေး။ တစ်ဝက်လင်ငင်းရမလား။ အစိတ်ပဲ ရှိလို့ပါ"

"အင်း– အချင်းချင်းတွေဆိုတော့ လုပ်ပေးရမှာပေါ့။ ကဲ– ဘယ်သူ မေးမှာလဲ"

လက်ဖက်ရည်ဆိုင်မှာ တစ်စားပွဲတည်း အတူ ထိုင်နေသော လူငယ်သုံးယောက်ထဲမှ တစ်ယောက်က–

"ရင်မောင် မေးမှာ"

ကိုပေတလုက ရင်မောင်၏ မွေးနေ့၊ ရက်လတို့ကို မေးကာ တွက်ချက်လိုက်ပြီး–

"ရက်ပိုင်းအတွင်း မိန်းမရမယ်။ မင်းသိချင်တာ ဒါပဲ မဟုတ်လား"

"သေချာရဲ့လား"





"လောင်းတောင် လောင်းရဲသေးတယ်"

"ဘယ်လောက်လောင်းမလဲ"

"ငါးထောင်ဗျာ"

"မင်း တကယ်ပြောတာလား"

"စာချုပ်လိုက်လေ။ ကျွန်တော် ငွေငါးထောင် ဒီဆိုင်မှာ အပ်ထားမယ်။ ခင်ဗျားဟောတာ မှန်ရင်ယူ။ မမှန်ရင်..."

"ငါလဲ ဒီမှာ ငါးထောင် အပ်ထားမယ်"

သို့ဖြင့် သူတို့သည် လောင်းကြေးငွေများကို လက်ဖက်ရည် ဆိုင်တွင် အပ်ထားလိုက်ကြလေတော့သည်။ သုံးရက်ခန့်အကြာတွင် ကိုပေတလု လက်ဖက်ရည်ဆိုင်ထဲ ဝင်လာသည်နှင့်–

"ပေတလု ရော့ဟော့ တစ်သောင်း။ ရင်မောင် မိန်းမခိုးတော့ မှာမို့ သူ ရှုံးမှာသေချာသွားပြီ။ ကိုပေတလုကို ပေးလိုက်ပါတော့လို့ လာပြောသွားတယ်"

"ဟုတ်လား။ ဘယ်တုန်းကလဲ"

"အစောကမှ"

ကိုပေတလုမှာ ငွေများကို ယူပြီး လက်ဖက်ရည်ဆိုင်ထဲမှာ ရှိသောသူများကို လက်ဖက်ရည်တိုက်လိုက်သည်။

"ကျုပ်က မြို့တက်ပြီး နှစ်ထောင်လောက် ဖြုန်းလိုက် ဦးမယ် ဗျို့"ဟုဆိုကာ ထွက်သွားလေတော့သည်။

ကိုပေတလုသည် နောက်နှစ်ရက်ကြာမှ ပြန်ရောက်လာခဲ့ သေသည်။

"မင်း ဘယ်သွားနေတာလဲ"

"မြို့"

"အိမ်မှာ ဘာဖြစ်နေလဲ သိရဲ့လား"

"မသိဘူး"

"ရော့"



www.burmeseclassic.com

www.burmeseclassic.com



*သူ့အဖေက ကိုပေတလူ လက်သို့ စာစောင်စောင် ထည့်*လိုက်သည်။

"ဖေဖေနဲ့ အစ်ကိုကြီးရှင့်–

ကိုရင်မောင်က အစ်ကိုကြီးနဲ့ ဗေဒင်မှန်မမှန် ငွေငါးထောင်လောင်းထားသော စာချုပ်ကို ပြ၍ အစ်ကိုကြီးဂုဏ်သိက္ခာအတွက် ငွေကြေးအတွက် မဆုံးရှုံးစေလိုသောကြောင့် ကျွန်မ ကိုရင်မောင်နောက် လိုက်သွားပါပြီ။"

သမီး

**ကံချွန်**

❑



www.burmeseclassic.com

www.burmeseclassic.com

# အရေးယူလို့ ရမရ



## အရေးယူလို့ ရမရ

ကိုရွှေဗျိုင်းအကြောင်းကို ပထမ ပြောပါရစေ။ ကိုရွှေဗျိုင်း၏ ရုပ်မှာ မအူမလည်ပုံ။ ရုပ်နှင့်လိုက်အောင်လည်း ခပ်ကြောင်ကြောင် ဆုပ်တတ်သည်။ သူ တွေးပုံ ခေါ်ပုံကလည်း သူများနှင့်မတူ။ တစ်ရက်မှာ သူ့တူ သံချောင်း မန္တလေးသို့ ဈေးဝယ်သွားရင်း သူ့လိမ်ခံရပါ၏။ ဖြစ်ပုံက . . .

သံချောင်းက လွယ်ထားသော လွယ်အိတ်ကို လက်တစ်ဖက်နှင့် ဖိပြီး လမ်းလျှောက်ကတည်းက ဖျံစိန်တို့အဖွဲ့က မျက်စိကျစရာ ဖြစ်နေသည်။ ဖျံစိန်နှင့် မောင်လုက သံချောင်းနား ကပ်သွားလိုက်သည်။ သူတို့က စက်ဘီးတွေနှင့်။ သံချောင်းက ခြေကျင်သမား ဆပ်မိသည်နှင့်–

“ဟော့...ငါညီ၊ မင်းဦးလေး နေကောင်းရဲ့လား”

“ဘယ်ဦးလေးလဲ ဦးလေးဘမောင်ကို မေးတာလား”

“အေးပေါ့ကွ”

“သိပ်မသက်သာပါဘူးဗျာ”

“ဒါနဲ့ မင်းက ဘာလာဝယ်တာလဲ”

“လှည်းဘီးဝယ်မလို့”

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ရွာဟိုင်းဈေးမှာ ဦးလေးသာမောင်ဖို့ ငါ ဝယ်ပေးတဲ့ဆိုင် ရှိတယ်။ လိုက်ပို့ပေးရမလား"

သံချောင်း တွေဝေသွားသည်။ ဖျံစိန်နဲ့ မောင်လှက သူ့ ဘေးက စက်ဘီးတွေကို တွန်းပြီး လျှောက်လိုက်လာကြတာ။ အဲဒီ အချိန်မှာ ဘာလူမျိုးမှန်း မသိရအောင် ဝတ်ဆင်ထားတဲ့ စကားသံ ဝဲဝဲနဲ့ လူတစ်ယောက်က သူတို့ရှေ့မှာ လာရပ်ပြီး–

"ဝေး...ငါ ဟိုအိမ်သွားချင်လို့ လမ်းပြပါလားကွယ့်"

မောင်လှနဲ့ဖျံစိန် တစ်ယောက်မျက်နှာတစ်ယောက် ကြည့် လိုက်ပြီး–

"ခင်ဗျားမှာ ပိုက်ဆံပါလို့လား"

"ပါတယ်လေ"

"အဲဒါတွေက ဈေးများတယ်။ ငါးထောင်တောင် ပေးရမှာ"

"ပေးမယ်လေ။ ငါ့မှာ ငါးသောင်းလောက် ပါတာပဲ။ ဒါ အကုန်သုံးဖို့ ထွက်လာတာဟေး။ ဟိုတယ်မှာ မိသားစုနဲ့ တည်း ရတာဆိုတော့ မလွတ်လပ်ဘူးဟ"

ဖျံစိန်က သံချောင်းကို လက်တို့လိုက်ပြီး–

"ဟိုဟာက နှစ်ထောင်လောက်ပဲ ရှိတာ။ ပိုတဲ့သုံးထောင် တို့ခွဲယူကြတာပေါ့။ မင်း ဦးလေးတော့ ပြန်မပြောနဲ့နော်။ တော်ကြာ နေ ငါတို့ကို ဆူနေဦးမယ်။ ဟင်းဟင်း...အတတ်ကောင်းတွေ သင်ပေးနေတယ်ဆိုပြီး..."

သံချောင်း ဘာမှ မပြောရသေးခင်မှာပဲ–

"မောင်လှ သူ့ကို မင်း စက်ဘီးနဲ့ တင်နင်းကွာ။ ငါက ဟို ဆရာကြီးကို တင်နင်းခဲ့မယ်"

အဲသလို သံချောင်းဟာ ဘုမသိဘမသိ သူတို့ခေါ်ရာနောက် ပါသွားရော။ မြို့စွန်ရောက်တော့ ခြံကျယ်ကြီးထဲက အိမ်လေး တစ်အိမ်ဆီကို သွားကြတယ်။ အဲဒီရောက်တော့ အိမ်ရှင်လူကြီးကို–





"ကောင်မလေးတွေရော"

"ဈေးဝယ်သွားတယ်ကွ။ ဒါလောက်အစောကြီး"

"အိုဗျာ အဆင်ပြေတဲ့အချိန် လာရတာပေါ့။ ထိုင် စောင့်မယ်"

အဲသလို ပြောပြီး ဝင်ထိုင်တော့ ဖျာပေါ်မှာ ဖဲထုပ်က အဆင်သင့်။ မောင်လှက–

"ကဲ–ကစားရင်း စောင့်ရအောင်"ဆိုပြီး ဖဲကစားဖြစ်ရော ဆိုပါတော့။ အဲဒီမှာ ညှော်သည်လူကြီးက အကုန်နိုင်တာပါပဲ။ အတိုချုပ် ပြောရရင် သံချောင်းပါသမျှ ကုန်ရော ဆိုပါတော့။ လှည်းဘီးဖိုး မပြောနဲ့။ နဖားကြိုးတောင် ဝယ်စရာ မကျန်တော့ဘူး။ ရွာရောက်လို့ သံချောင်းအဖြစ်ကို ကြားရတော့ ကိုရွှေဖျိုင်းဆိုတာ တက်တစ်ခေါက်ခေါက်နဲ့။

ဒါကြောင့်လဲ နောက်တစ်ခါ မြို့တက်ဖို့ ကြုံလာတော့ ကိုရွှေဖျိုင်းကိုယ်တိုင် တက်ဖြစ်တာပေါ့။ ကိုရွှေဖျိုင်းက မြို့က ပြန်လာတော့ ရွာလယ်မှာနေတဲ့ အငြိမ်းစားတရားသူကြီး ဦးဝဏ္ဏဆီ ရောက်လာတာ။

"ဦးလေး"

"ဘာလဲကွ"

"ဟန်ဆောင်တာ အပြစ်ရှိသလား"

"မင်းက ဘယ်လိုဟန်ဆောင်တာလဲ။ ဖြူတဲ့ဆံပင် ဆေး ဆိုးပြီး အသက်ငယ်ချင်ဟန်ဆောင်ရင်ဆိုလို့ကတော့ ဘယ်အပြစ် ရှိပါ့မလဲ"

"ဒီလို ဦးလေးရဲ့။ ကျွန်တော့်တူ သံချောင်းကို လိမ်လိုက်တဲ့ အုပ်စုနဲ့ မြို့မှာ တွေ့ခဲ့တယ်။ ကျွန်တော့် နားကပ်ကာပြီး..."

"ဟား–အစ်ကို ဈေးလာဝယ်တာလား"လို့ မေးလိုက်တယ်။

ကျွန်တော်လဲ အဲဒီမှာတင် အကဲခတ်လိုက်တော့ ရိုးရိုး သားသား လူမှားနှုတ်ဆက်တာလား။ လိမ်မယ့် အုပ်စုအားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းက ခေါင်းပေါင်းနဲ့ လူကြီးကို လှမ်းမြင်လိုက်တော့မှ ဒါ သံချောင်းပြောတဲ့အဖွဲ့ပဲဆိုတာ သိလိုက်တာ။ အဲဒါနဲ့ အကွက်ပဲ။ ဒီကောင်တွေတော့ ရွှေမှိုင်းအကြောင်း ပြလိုက်ရမယ်လို့ ဆုံးဖြတ်ပြီး အေးကွ ငါ ဈေးလာတာလို့ ဖြေလိုက်တယ်။ ဒီတော့ သူတို့က အစ်ကို အရင်ရှာမှာပဲလားတဲ့။ ကျွန်တော်က–

"ခု ငါ ဒီပြောင်းလာရပြီကွ။ မင်းတို့ အကူအညီလိုရင် လာခဲ့လေ။ မြို့နယ်ရုံးမှာ ငါရှိပါတယ်။ ဒီနယ်မြေကို ငါ ကိုင်ရတာပဲ"လို့ လူကြီးယောင် ဆောင်လိုက်တယ် ဦးလေး။ ဘာပြောကောင်းမလဲ အလေးတွေပြု သွားတွေဖြီးပြပြီး ထွက်ပြေးလိုက်တာ တန်းနေတာပဲ။ ကျွန်တော်က အဲဒီအကြောင်း မိန်းမကို ပြန်ပြောပြတော့ မိန်းမကဆူပါတယ်။ တော်–ဘာမှတ်နေသလဲ။ အယောင်ဆောင်မှုနဲ့ အဖမ်းခံချင်လို့လားတဲ့။ အဲ–အဲဒါကြောင့် ခု ဦးလေးဆီကို ရောက်လာတာပါ။ သိချင်လို့။ ကျွန်တော့်ကို အရေးယူလို့ရမရ"

ဦးဝဏ္ဏဟာ သူရဲ့ ပြောင်နေတဲ့ ငယ်ထိပ်ကို လက်နှင့်ပွတ်ရင်း ကိုရွှေမှိုင်းကို သေသေချာချာကြည့်နေတယ်။

**ကံချွန်**

❑



## ကြားဖြတ်အမှာစာ

မြန်မာ့ဓနမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့်
"ရွှေရည်ဝင်းသည့်" (၁၉၉၁ ခုနှစ်၊ ဩဂုတ်လ)
"ကြက်တက်စူးတတ်တယ်" (၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ)
"စားရက်ကြုံတော့" (၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ)

ဝတ္ထုဟန် ဆောင်းပါးသုံးပုဒ်အတွက် အနည်းငယ် ပြောလိုပါသည်။ ကျွန်တော် ကြိုးစားစဉ်က ဝတ္ထုဟန်အပြည့်ရှိရန် ဆောင်းပါးအကြောင်းအရာကို ဆောင်းပါးဟန် လုံးဝ ဖျောက်၍ ရေးကြည့်ခဲ့ခြင်း ဖြစ်ပါသည်။ ဝတ္ထုလိုလို ဆောင်းပါးလိုလို ကပြားမဖြစ်ရန် အားထုတ်ခဲ့ပါသည်။ "ရသဆောင်းပါး"ဆိုတာမျိုးပင် မဖြစ်ချင်ခဲ့ပါ။

ဖတ်ကြည့်ပါ။

အကြောင်းအရာ တခြား။ ရေးဟန်တခြား။ ရေနှင့်ဆီ ရောထားသလို ဖြစ်နေခဲ့သော ကျွန်တော်၏ ညံ့ဖျင်းမှုအတွက် ပြုပြင်နိုင်ရန် ဝေဖန်ပေးစေလိုပါသည်။ ကျွန်တော်သည် အကြောင်းကြောင်းကြောင့် ထိုသုံးပုဒ်ရေးပြီးသည့်နောက် ရပ်နားခဲ့ပါသည်။ ရပ်နားခဲ့ရသော်လည်း ထိုရေးဟန်ကို သံယောဇဉ် မပြတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ မရေးဖြစ်သောကြောင့် စာတစ်အုပ် သီးသန့်လုပ်ရန်လည်း အခက်တွေ့နေရပါသဖြင့် ယခု ဤစာအုပ်တွင် ထည့်သွင်းလိုက်ရခြင်း ဖြစ်သည်ကို စာဖတ်သူတို့ လက်ခံနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက်–

ကံချွန်

❑



www.burmeseclassic.com

www.burmeseclassic.com

# ရွှေရည်ဝင်းသည့်



## ရွှေရည်ဝင်းသည့်

ကျုပ်က ကန်စောင့်တဲပေါ်က ထိုင်ကြည့်နေတာ။ ဟုတ်ပါတယ်။ မလွဲနိုင်ပါဘူး။ ကံချွန်ဆိုတာ ဒီလူပဲ။ စာရေးတယ်ဆိုလား။ ကာတွန်းရေးတယ်ဆိုလား။ အရင်က တစ်ရပ်ထဲ အတူ နေခဲ့ကြတာပဲ။ သိတာပေါ့။ ငါးကန်တွေကို ပတ်ချာလှည့် ဓာတ်ပုံရိုက်နေမှတော့ စာရေးဖို့ ဖြစ်မှာပဲ။ မြင်ကွင်းက လှတာမှမဟုတ်ဘဲ။ အလုပ်အတွက် ရိုက်တာပဲ ဖြစ်ရမယ်။

သူ့ ကြည့်ရတာ ရောမကန်ကြီးတွေကို တော်တော် အကုန်ကျခံ တူးထားတာပဲဆိုပြီး စိတ်ဝင်စားနေပုံပါပဲ။ ဟင်းဟင်း... ဒီနေရာက အရင်တုန်းက အုတ်ဖုတ်တဲ့နေရာ အုတ်ဖုတ်ရင်း ချိုင့်ကြီးတွေ ဖြစ်လာလို့ အုတ်ဖုတ်ဖို့ မြေဆက်တူးလို့ မရတော့လို့ အဟဟာသဖြစ်နေတဲ့ နေရာတွေ။ ဘာလုပ်ရမှန်းမသိဘဲနဲ့ ပစ်ထားတဲ့ နေရာတွေကို ခု လူတွေက အုတ်သူကြီးဆီက ဝယ်ပြီး ငါးကန်လုပ်ထားတာ။ နည်းနည်းပါးပါးတော့ ဆည်ဖို့ ပြုပြင်ရတာပေါ့။

ဒီ ငါးမွေးကန်တွေ ပေါ်ခဲ့တာက ၁၀ နှစ်လောက် ရှိပြီ။ ဒီလူက ခုမှ ဘာစိတ်ကူးပေါက်ပြီး လာဓာတ်ပုံရိုက်တယ် မသိဘူး။

ဒီကန်မျိုးတွေက အထက်အညာမှာ ပေါမှလေ။ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ အရင်က ငါးသိပ်ရှားတာကလား။ ငါးဈေးနဲ့ ကြက်ဈေးက မတိမ်းမယိမ်းရယ်။ ရန်ကုန်လို မြစ်ဝကျွန်းပေါ်လို မြစ်ချောင်းအင်းအိုင်က ပေါတာ မဟုတ်ဘူးလေ။ အောက်ပိုင်းဒေသတွေကတော့ မြစ်ချောင်းအင်းအိုင်တွေက သဘာဝငါးမွေးကန်တွေပဲပေါ့။ ကျုပ်တို့ဆီမှာတော့ လူက သဘာဝအတုကို လုပ်ရတာ။

လာပြီ–ဟိုလူ။ ကျုပ်တို့ ကန်စောင့်တဲကို မသိမသာ ဓာတ်ပုံရိုက်တယ်။ ကန်ပတ်လည်မှာ ငါးကန်ကို စောင့်တဲ့ လူတွေနေဖို့ ဆောက်ထားတဲ့ တဲတွေကို ကန်စောင့်တဲလို့ ခေါ်တာပါ။ ဘာမေးမလဲလို့ စောင့်ကြည့်နေတယ်။ မမေးဘူး။ ပြောပြချင်တာလေ . . .ကျုပ်တို့ ဘဝကို။ ကန်လယ်မှာ ကွန်ပစ်ဖမ်းနေတဲ့ လှေတွေကို ဓာတ်ပုံရိုက်ပြန်တယ်။ ဒီမှာက ဓာတ်ပုံဆရာတွေ ခဏခဏလာပြီး ဓာတ်ပုံရိုက်နေတော့ သိပ်တော့ မဆန်းပါဘူး။ ပြိုင်ပွဲဝင်ဖို့ ရိုက်တာပဲ ထင်နေကြတာပေါ့။ ရိုက်ကောင်းအောင် နေရာတောင် ရွှေ့ပေးလိုက်ကြပါသေးတယ်။

ကမ်းကပ်လာတဲ့ လှေပေါ်မှာ ပါလာတဲ့ ငါးတွေလဲ ဓာတ်ပုံရိုက်လိုက်သေးတာပဲ။ ရိုက်ပြီးမှ ကျုပ်ကို လှမ်းမေးတယ်။ ငါးတွေ ရေပေါ်ခုန်တာ ဓာတ်ပုံရိုက်ချင်လို့ ဘယ်အချိန်မှာ “ပိုက်တိုက်” သလဲတဲ့။ ပိုက်တိုက်တာကတော့ ပေငါးရာလောက်ရှိတဲ့ ပိုက်နဲ့ လှေလေးငါးစီးနဲ့ ကန်ထဲက ငါးကို ကြိုးဖမ်းတဲ့ သဘောပါပဲ။ ငါးများများ ဖော်ချင်တဲ့အခါမှာ အဲသလို ဖမ်းတယ်။ အဲသလို ဖမ်းရင် ငါးတွေ တအားခုန်တော့တာပဲ။ ရေပေါ်မှာ နှစ်ပေသုံးမြင့်ထိ ခုန်တယ်။ ငါးပေ ခြောက်ပေရွှေ့အောင် ပျံတယ်။ အမှန်ကတော့ ခုန်တာပါပဲ။

နောက်ရက် မနက်အစောကြီးမှာ တစ်ခါလာပြီး ငါးဖော်တာကို ဓာတ်ပုံရိုက်သေးတယ်။ ဒီလိုလေ ဒီနေ့ညနေ ဖမ်းတဲ့ ငါးကို ရေထဲမှာတင် ပိုက်ကာပြီး ထည့်ထားတယ်။ ဓာခြင်ထောင်ထဲ





ထောက်ထိုးထောင်ထားတဲ့ သဘောပါပဲ။ ရေကန်ထဲမှာတင် ငါးလှောင်ကန် ထပ်လုပ်ထားတာပေါ့။ အဲဒီမှာ ဖမ်းထည့်ထားတဲ့ ငါးတွေကို နောက်ရက် မနက်စောစောမှ ပြန်ဖော်ပြီး ဈေးသည်တွေ လာယူတဲ့ ဖောက်သည်တွေ ပေးရတာ။

အဲဒီ ကံချွန်ဆိုတဲ့လူ မနက်စောစောလာတော့ ကျုပ်ရှိတာပေါ့။ ကျုပ်က ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ငါးကန်အပ်စားနေရတဲ့ လူပဲ။ ငါးကန်မှာ ကျုပ်လုပ်ရတာက ညနေဆေးနှာရီခွဲ ငါးနာရီလောက်မှပါ။ ပိုက်နဲ့ တိုက်ရိုက်ဆွဲပြီး ငါးဖမ်းတဲ့ အချိန်လောက်ပဲ ဝင်လုပ်ပေးရတာ။ ဒါပေမယ့် အားနေတော့ နေ့ထွက်ကနေဝင် တစ်ခါတစ်လေမှာလဲ ကန်စောင့်တဲထဲနေတာဆိုတော့ ကံချွန်ဆိုတဲ့လူ လာတဲ့အချိန် ကျုပ် ရှိတာပေါ့။

ဒီလူ ဓာတ်ပုံလာရိုက်တာ ငါးဈေးတွေ ဘာတွေလဲ မမေးဘူး။ ဒီနေ့ ကန်ကပေးတဲ့ ဈေးက ခြောက်ဆယ့်ရှစ်ကျပ်။ ငါးမွေးမြူရေးတွေ စမလုပ်ခင် လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ငါးဈေးကလေးက လေးဆယ်ငါးဆယ်။ ငါးကြင်းပေါ့။ မွေးမြူရေးတွေလုပ်လိုက်တော့ သုံးဆယ်လောက် ဖြစ်ရော။ အဲဒီတုန်းက အမဲသားကတစ်ပိဿာ နှစ်ဆယ်–နှစ်ဆယ့်ငါးကျပ်။ ဆိတ်သားက သုံးဆယ်။ ကြက်ကလဲ သုံးဆယ်–လေးဆယ်ပေါ့။ ခု ၁၀ နှစ်လောက်အကြာမှာ ငါးဈေးက နှစ်ဆလောက်သာ တက်ပြီး ကြက်ဈေးဆိတ်ဈေး အမဲဈေးက သုံးဆလေးဆ တက်နေပြီ။ အဲသလိုသာ တွက်ကြည့်ရင် ငါးမွေးမြူရေးတွေကြောင့် ငါးဈေးတွေဟာ တက်သင့်သလောက် မတက်တာ။

ဒီလူ ကြည့်ရတာ ရမ်းဖြီးမှန်းဖြီးနဲ့ တူပါတယ်။ ကျုပ်တို့ စာရေးကြီးကို သွားမေးပုံ ကြည့်ပါလား။ ငါးတစ်ပိဿာကောင်လောက်ဖြစ်အောင် ဘယ်လောက်ကြာကြာ မွေးရသလဲတဲ့။ ကဲ–မခက်ဘူးလား။ ငွေသိမ်းစာရင်းမှတ် ငါးချိန်လုပ်နေတဲ့အချိန် သွား



www.burmeseclassic.com

www.burmeseclassic.com



မေးရတယ်လို့။ ဘာလုပ်ဖို့လဲဆိုပြီး စာရေးကြီးက မေးတော့ ဆောင်းပါးရေးချင်လို့ပါတဲ့။ ကျုပ် ဒီလူ့ကြည့်ရတာ အားကိုမရဘူး။ အူတူတူနဲ့။

ဆောင်းပါးရေးချင်ရင် "ယင်းကာ"ငါးမွေးမြူရေးကို သွားလေ့လာဗျ။ ကျွန်တော်တို့လို ကန်တူးမွေးတာတွေက ရိုးနေပြီ။ တက်သိမ်းအင်း(တက်သေးအင်း)ထဲမှာ ကိုတင်မြင့်တို့ ရှိတယ်ဆိုပြီး ညွှန်လိုက်တယ်။

အဲဒီ စာရေးဆရာဆိုတဲ့ လူကတော့ ယင်းကာ ငါးမွေးမြူရေးဆိုတာကို သိပုံမပေါ်ပါဘူး။ ယင်းကာ ငါးမွေးမြူရေးဆိုတာက သူ့ဟာသူ ရှိပြီးသား သဘာဝ အင်းထဲမှာ ကိုယ်လုပ်နိုင်သလောက် မွေးမယ့် ငါးကောင်ရေနဲ့ လိုက်လျောအောင် ရေအောက်မြေမြင့်ကနေ ရေပေါ် လေးငါးခြောက်ပေ အမြင့်ထိ ယင်းတွေနဲ့ ကာပြီး ငါးမွေးတာ။ ကန်တွေအများကြီးတူးဖို့ မလိုတော့ဘူးပေါ့။ ကိုယ်လိုချင်သလောက် ဧရိယာကို ယင်းတွေနဲ့ ကန့်ကန့်ထားလိုက်ရုံပဲ။

ကျုပ်လဲ ဒီလူကို ကြည့်နေရင်း အူယားလာတယ်။ မပြောဘဲနဲ့ မနေနိုင်တော့ဘူး။ ဒါနဲ့ ခင်ဗျား အဲဒီကန်ကို သိရဲ့လားဆိုတော့ အင်းထဲမှာ ယင်းတွေ ကာထားတာတော့ မြင်ဖူးတယ်။ ဘယ်ကဝင်ရမှန်း မသိဘူးတဲ့။ ကျုပ် အဲဒီကန်ကို ငါ ပေါက်ကလေးတွေ သွားပို့စရာရှိတယ်။ ကျုပ်နဲ့ လိုက်ချင်လိုက်ခဲ့ဆိုပြီး ခေါ်ခဲ့လို့ ယင်း ငါးမွေးမြူရေးကို ရောက်လာတာ။

အဲဒီရောက်တော့ ခရုတွေ လာဝယ်နေတဲ့ လူတွေနဲ့ ဆုံနေတယ်။ ကြက်စာတို့၊ ဘဲစာတို့ လုပ်ဖို့ပေါ့။ ထောင်းပစ်တာ။ အမှုန့်ဖြစ်မှ ကျွေးမှာ။ အဲဒီ ခရုကို တစ်တောင်း ခုနစ်ဆယ် ရောင်းရတယ်။ ရှစ်ပြည်ပေါ့။ အရင်ကတော့ ဘဲတို့၊ ကြက်တို့ မွေးတဲ့လူက ပုစွန်မှုန့် ပုစွန်ဖွဲ ကျွေးနိုင်တယ်။ ခုတော့ ခရုပဲ ထောင်းကျွေး





တော့တယ်။ ဒီတော့ ယင်းကာ ငါးကန်တွေက အလုပ်ဖြစ်တာပေါ့။ ရေပြင်ထဲမှာ ငါးမထွက်အောင် ကာထားတဲ့ ယင်းတွေမှာ အဲဒီ ခရုတွေက တက်နေတာ။ ခရုက မွေးမြူရေး မလုပ်ရဘဲ အပိုရတဲ့ ဝင်ငွေလေ။ ယင်းကာတွေ ဘောလှေနဲ့ သွားပြီး ခွာယူလိုက်ရင် နှစ်နှစ်ဆယ်လောက်ဆို တစ်တင်းစာ ရတယ်။ ငွေ ခုနစ်ဆယ်ဖိုး။

သူ့ အာရုံစိုက်တတ်ရင်တော့ ဒီအကြောင်း သိသွားမှာပဲ။ အရောင်းအဝယ်ကိစ္စ ပြောဆိုနေတာတွေက ကြားနေရတာပဲ။ သူကတော့ ဘယ်သူ့မှ ဘာမှ မမေးဘူး။ ယင်းကာတွေ နားက ကန်စောင့်တဲ တဲတွေ ဓာတ်ပုံရိုက်နဲ့။ အင်းရေနဲ့ တစ်သီးတခြား ဖြစ်နေတဲ့ကန်နဲ့ တိုက်ကိုလည်း ဓာတ်ပုံရိုက်သေးတယ်။ ကြည့်ရတာနဲ့ ရိုက်ပုံရပါတယ်။ အဲဒီကန်ဟာ ငါးပေါက်ကလေးတွေ ငါးမှုန်ကလေးတွေ ထည့်တဲ့ ကန်ဆိုတာ သိပုံမရဘူး။

ကျုပ်ကတော့ မြင်တာနဲ့ သိတယ်။ ကန်ဘောင်ပတ်ပတ်လည်မှာ ထုံးတွေ တွေ့နေရတာကိုး။ ငါးပေါက်ကလေးတွေ ထည့်တော့မယ်ဆိုတာနဲ့ အဲဒီကန်ကို ထုံးပက်ရတယ်။ ရေပါခါထုတ်ပြီး ထုံးပက်ရင် ပိုကောင်းတယ်။ ရေပြောင်အောင် ခါလို့မရတဲ့ ကန်မျိုး။ ရေစိမ့်နေတဲ့ ကန်မျိုးဆိုရင်တော့ မတတ်နိုင်ဘူးပေါ့။ ကန်ပေါင်တွေနဲ့ ရေထဲထုံးပက်။ ဒါမှ ပိုးမွှားတွေ သေမယ်လေ။ အဲသလို ထုံးပက်ပြီး ရက်တစ်ပတ်လောက်နေမှ ငါးမှုန်လေးတွေထည့်။ ထည့်မတော့ ခြင်ထောင်လေးနဲ့ပေါ့။ ကန်ကျယ်ကြီးထဲမှာ ပြန့်သွားအောင် အစာကျွေးလို့လွယ်အောင် ပိတ်ခြင်ထောင် အသေးလေးလေး ရေထဲမှ ပက်လက်ထောင်ပြီး ငါးထည့်ထားတာပါပဲ။

အဲဒီ ငါးမှုန်ဆိုတာ တကယ့်ကို မှုန်မှုန်လေးတွေ။ ငါးဥသားတွေကမှ နှမ်းစေ့လောက်ရှိတာ။ အဲဒီအထဲက ပေါက်တဲ့ အကောင်ပဲလေ။ စဉ်းစားသာကြည့်။ အဲဒီအကောင်လေးတွေကို ကျက်ချိန်နဲ့ ဝယ်ရတယ်။ တစ်ခွက်ဆိုတာက ဟင်းခတ်ဇွန်းခပ်



www.burmeseclassic.com

www.burmeseclassic.com



မောက်မောက်တစ်ဖွန်းစာလောက်ပဲ ရှိမယ်။ အဲဒါကို ငါးသောင်းသတ်မှတ်ပြီး ယူရတာ။ ကန်ထဲမှာ အကောင်တစ်သိန်းချမယ်ဆိုရင် နှစ်ခွက်။ သုံးသိန်းချမယ်ဆိုရင် ခြောက်ခွက်။

အဲဒါ ငါးမှုန်လေးတွေကို ဝယ်ရတာက တစ်ခွက် သူတို့အပြော ငါးသောင်းပေါ့။ အဲဒီက တစ်ခွက်ကို သုံးရာ့ငါးဆယ် လေးရာ ပေးရတယ်။ ပုလဲနဲ့ ငါးက ရောင်းတော့ တစ်သိန်းကို ငါးရာငါးဆယ်လောက် ရှိတယ်။ မြစ်ငါး ငါးပေါက်ကလေးတွေကိုတော့ ရေလို့ရပြီ။ နှစ်လက်မသုံးလက်မ အရွယ်လေးတွေဆို တစ်ကောင် ဆယ်ပြား။ သုံးလက်မထက် ကြီးသွားရင် ဆယ့်ငါးပြား ဈေးသက်သာတယ်။

ဖောက်စက်ငါးကျတော့ အဲဒီဈေးနဲ့ မရတော့ဘူး။ တစ်လက်မနဲ့ သုံးလက်မအတွင်း အရွယ်လေးတွေကို ပြားလေးဆယ် တစ်ကောင်ကိုပေါ့။ သုံးလက်မနဲ့ လေးလက်မကြားဆို ငါးမူး ငါးလက်မထက် ကြီးသွားရင် သုံးမတ်။ ဖောက်စက်ငါးက မွေးမြူရေး ကန်တွေအတွက် တမင်ဖောက်ပေးနေတာ။ ဆေးထိုးပြီး ဖောက်တာ လွယ်လွယ်ပြောရရင် မေထုံငါးတွေပေါ့ဗျာ။

ကန်တစ်ကန်ကန်မှာ တစ်ခါ ငါးတည့်ရင် ငါးသောင်းနဲ့ တစ်သိန်းကြား ထည့်ရတာဆိုတော့ အရင်းအနှီးကလည်း မနည်း ဘူးဗျ။ ဒါကြောင့် ကိုယ့်ဟာကိုယ် ငါးမှုန်လေးတွေဝယ်ထည့်တဲ့ လူ များပါတယ်။ အဲဒီ ငါးမှုန်တွေကိုတော့ ရက်သတ္တနှစ်ပတ် ၁၅ ရက်လောက် ငါးလေးစာ ကျွေးရတယ်။ ကြက်ဥပြုတ်အနှစ်ရယ် နို့မှုန့်ရယ်။ ထမင်းရည်ရယ်။ အအေးဆိုင်တွေသုံးတဲ့ ဖျော်ရည် ဖျော်စက်လိုဟာထဲထည့် ခလောက်ပြီး ကျွေးရတာ။

နှစ်ပတ်လောက်နေပြီးမှ ငါးလေးစာကို ရပ်ပြီး ငါးလတ်စာ ကျွေးရတာ။ ဆန်ဖွဲနုဖြစ်သွားပြီ။ နှစ်လလောက်ဆို တစ်လက်မခွဲ နှစ်လက်မအရွယ်လောက် ဖြစ်သွားရော။ နောက်ထပ် နှစ်လလောက်





က်ထားလိုက်ရင် နှစ်လက်မခွဲ သုံးလက်မလောက် ဖြစ်ရော။ ဒီအရွယ်ရောက်မှ ဖမ်းပြီး ကန်ကြီးထဲ လွှတ်ရတာ။

ကန်ကြီးထဲမှာရောက်တော့ ငါးကြီးတွေနဲ့ ရောနေလို့ သွားပြီလေ။ ကန်ကြီးတွေက ရေလဲနက်ပြီလား။ ငါးကလဲ နက် လေးပေ ခြောက်ပေလောက်မှ ကြိုက်တာ။ အနည်းဆုံး ပြာတာ။ နောက်ပြီး တစ်ဧကေ ရေပြင်ဧရိယာမှာ ကောင်ရေ ထောင်နဲ့ ငါးထောင်ကြားလောက်ပဲ ထည့်ဖို့ကောင်းတာ။ သိပ်ပြီး ကြပ်သွားရင်လည်း ကြီးထွားနှုန်းက နှေးသွားတာဗျ။ အဲဒီဆရာ ချင်တာတွေလောက်ကတော့ ကျုပ်ကို မေးရင်ကိုပဲ တစ်ထိုင် ည်းနဲ့ ပြောနိုင်ပါတယ်။

အေးလေ။ သူက ကျုပ်လိုလူကို ဘယ်မေးချင်မှာလဲ။ သူ့ ပြော နားထောင်ကြည့်ရတော့ စာကြီးပေကြီးတွေထဲမှာ ရေးထား မျိုးကို ဖတ်ပြီး ပြန်ရေးချင်တာ မဟုတ်ဖူးတဲ့လေ။ လက်တွေ့ ပ်နေတဲ့ လူတွေရဲ့ လက်တွေ့အတွေ့အကြုံကို သိချင်တာဆိုပဲ။

အဲဒီကန်က အလုပ်သမားတစ်ယောက် ဦးစံကို သွားခေါ် ကြတယ်။ ကျုပ်တို့ကတော့ ဆရာစံလို့ ခေါ်တာပါ။ သူ့ကွယ်ရာ ဆိုရင်တော့ ကိုးဆယ်တန်လို့ပဲ ခေါ်ကြတာ။ ဆရာစံက အရပ် ငါ အနေနဲ့ ကျွမ်းကျင်တယ်။ ငါးအကြောင်း သိတယ်။ ကျုပ်တို့ က်တော့ ပိုသိတာပေါ့။

ကျုပ်တို့သိတာကတော့ အရပ်သိပေါ့ဗျာ။ ငါးကြီးထွားနှုန်း ဆိုရင်လည်း ၆ လမှာ နှစ်ဆယ်သားလောက် ဖြစ်မယ်။ ၁၀ လ ဆိုရင် သုံးဆယ်သားနဲ့ ငါးဆယ်သားကောင်လောက် ဖြစ်မယ်။ နှစ်သားဆိုရင်တော့ တစ်ပိဿာခွဲ နှစ်ပိဿာနီးပါး ရှိမယ်။ သတော့ ဘယ်ပြောလို့ရမလဲ။ ငါးက အစိတ်သားသုံးဆယ်သား ာက်ထိ ဖြစ်ဖို့ရာသာ ကြာတာ။ အဲဒီ ဟိုဘက်ကျရင်တော့ းလွယ်တယ်။ ထွားလွယ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကျ လေတိုက် လှိုင်းပုတ်တဲ့ ခုလိုကဆုန်။ နယုန်။ ဝါဆို *လတွေဆို ငါး အလွန် ဖြစ်တာပေါ့။ အဲဒီအချိန်ချတဲ့ ငါးပေါက်*တွေ သိပ်အကောင်ဖြစ်မြန်တာ။ ငါးမှုန် တစ်သိန်းချရင် သုံးသောင်း ကျော်တော့ အဖတ်တင်ပါတယ်။ ငါးမွေးမြူရေးလုပ်တဲ့ လူတိုင်း သုံးပုံတစ်ပုံ အတင်ထားပြီး လုပ်ကြတာ။ ငါးပေါက်တွေ အမြဲထည့်၊ ငါးကြီးတွေ အမြဲဖမ်း။ ကြာတော့ လည်ပတ်မိပြီး ဆယ့်နှစ်ရာသီ ငါးဖော်လို့ ရနေတော့တာပေါ့။

အဲ–အကောင်ကြီးဆိုလို့ ပြောရဦးမယ်။ ငါးအုံ့တုံ့တို့ ငါးကြင်းဖြူတို့ကျတော့ အကောင်ကြီးတွေ ဖမ်းမိလည်း ပိုက်ထဲ ပါလာလည်း ပြန်လွှတ်ပေးလိုက်တာပဲ။ ကျုပ်တို့ အခေါ်တော့ ကန့်စောင့်ပေါ့။ ည ငါးခိုးဖမ်းဖို့ ပိုက်တန်းရင် ရေလှုပ်တာနဲ့ ဒီကောင်တွေ ပြေးတော့တာပဲ။ တော်ရုံတန်ရုံ ပိုက်တော့ စုတ်ပြဲ သွားမယ်။ လူဆောင့်မိလို့ကတော့ သတိမေ့ပြီး ရေထဲလဲကျ ရေနစ် သေသွားမယ်။ သီးသန့်အော်ဒါရှိမှ ငါးကြီးတွေကို ဖမ်းတယ်။ ကျုပ် ခါးပုံစထဲက ဆေးလိပ်တိုကို ထုတ်ပြီး မီးညှိရင်း စာရေးဆရာ နဲ့ ဆရာစံတို့ ပြောတာကို ကြည့်နေမိတယ်။ ဘာတွေပြောလို့ ဘာတွေ လိုက်မှတ်နေမှန်းတော့ မသိဘူး။ ဆရာစံကလည်း လက်ညှိုး ငှာထိုးထိုးနဲ့။ ဒီလူမေးဖို့ သတိလစ်နေတာကတော့ ဥကနေ အကောင်ဖြစ်အောင် ဖောက်တာပဲ။

ကျုပ်တို့ ကန်ဘက်မှာတော့ အဝတ်ပါးနဲ့ ထုပ်ပြီး ရေစီးထဲမှာ ထားရတယ်။ ရေမစီးလဲ စီးအောင် ဖန်တီးပေးရတယ်။ ရေကို တစ်ဖက်က ထုတ်။ ရေစုတ်စက်နဲ့သွင်း၊ သဘာဝရေစီးရှိရင်တော့ သဘာဝရေစီးထဲ ထည့်ထား။ နှစ်ရက်သုံးရက်ဆို အကောင်ပေါက် တာပဲ။ ငါးမှုန်လေးတွေ ဖြစ်သွားတာပဲ။ ကျုပ် အာရုံထဲမှာ ငြီးငွေ့ လာလို့ ယင်းကာတွေရဲ့အပြင်မှာ ငါးလုပ်နေတဲ့ လှေတွေကို ကြည့်မိတယ်။ ကျုပ်တို့ရွာကပါပဲ။





ဒီအင်းကို လေလံဆွဲထားတဲ့ ယင်းကာ ငါးမွေးကန်ပိုင်ရှင် ဆီမှာ တစ်လကိုတစ်ရာ ရေပေါ်ခွန်ပေးပြီး ငှားဖမ်းနေတဲ့ လှေတွေ ပေါ့။ သဘာဝ အင်းငါးနဲ့ ယင်းကျော်ထွက်သွားတဲ့အပြင် ရောက် နေတဲ့ ငါးတွေကို သူတို့က ဖမ်းခွင့်ရှိတယ်။ သဘာဝအင်းငါးတွေ ကလည်း နည်းတာမှ မဟုတ်ဘဲ။ ဥတစ်တွဲချပြီဆိုရင် သိန်းနဲ့ချီပြီး အကောင်ပေါက်တာ။ ငါးအချင်းချင်း စားတာတို့၊ သေကျေ ပျက်စီးတာတို့ ရှိဦးတော့ သုံးလေးသောင်းတော့ ကျန်တာပဲ။

ဆလားဗီးယားငါးနဲ့ ဂျပန်ငါးကတော့ အပွားအမြန်ဆုံးပဲ။ ဆလားဗီးယားက ရေစီးအမြှုပ်တွေထုတ်ပြီး အဲဒီ အစီးအမြှုပ်တွေ ထဲမှာ ဥတွေကို ကပ်ထားတာ။ ဂျပန်ငါးကတော့ သူ့ ဥကို ချပြီးတာနဲ့ သူ့ဟာသူ ပြန်ငုံထားတဲ့ကောင်တွေ။ နှစ်ရက်သုံးရက် အစာ မစားတော့ဘူး။ အကောင်ပေါက်ပြီဆိုမှ အန်ထုတ်လိုက်တာ။ ငါးရံ့တို့။ ငါးပြေမတို့ကလည်း ကမ်းစပ်မှော်ထဲ ဒိုက်ထဲပေမယ့် ဖြစ်တယ်။ ဒီတော့ ရေပေါ်ခွန်ဆောင်ပြီး ဖမ်းတဲ့လူတွေလည်း ဆိုးပါဘူး။

မွေးမြူရေးကန်ထဲမှာတော့ ငါးကြင်း။ မျက်ဆန်နီ။ ငါးကြင်း ချက်ဆံဖြူ။ ငွေရောင်ငါးကြင်း။ ရွှေရောင်ငါးကြင်း။ မြက်စား ငါးကြင်း။ ငါးအုံ့တုံ့တွေလောက်ပဲ အမွေးများတယ်။ မြက်စားငါးကြင်း တို့ ကောင်တွေကျတော့ ကန်ထဲမှာပဲ ပွားနေတာတွေ ရှိသေးတယ်။ ငါးမွေးမြူရေးဆိုတာ ကျုပ်တို့ မြစ်ချောင်းအင်းအိုင် ရှားတဲ့ အညာ အတွက်တော့ အလွန် လိုအပ်တဲ့ လုပ်ငန်းပဲဗျို့။ သဘာဝတရားက လုံလောက်အောင်မပေးတဲ့ ရိက္ခာကို လူ့ဖန်တီးအားနဲ့ လုံလောက် အောင် ဖြည့်ဆည်းတာပဲ။ တကယ့် သူ့အကျိုး။ ကိုယ့်အကျိုးလုပ်ငန်း။

ကန်နားဝန်းကျင်မှာရှိတဲ့ လူအတော်များများလည်း ကျုပ်တို့ အချိန်ပိုင်းတော့ အလုပ်ရကြတာပါပဲ။ ညနေ ငါးဖမ်းတဲ့အချိန် ဘာကူဖမ်းပြီးရင် ဟင်းစားနဲ့ တစ်ဆယ်တော့ ရဦးမယ်။ တချို့



www.burmeseclassic.com

www.burmeseclassic.com



ကန်က ဆယ့်ငါးကျပ်။ အမှန်တော့ မရှိဘူးပေါ့။ အဲ–နှစ်ဆယ်ပေး
တဲ့ ကန်လည်း ရှိတယ်။ နှစ်ဆယ်ပေးတဲ့ ကန်ကျတော့ ဟင်းစား
မပေးတော့ဘူး။ ကျုပ်သဘောကတော့ ငါးကျပ်ရရ။ တစ်ဆယ်ရရ
ဟင်းစားပေးတဲ့ ကန်မှာပဲ လုပ်ချင်တယ်။

စဉ်းစားကြည့်လေ။ ငါးဆယ်သားကောင်လောက် ရခဲ့တော့
ပြန်ရောင်းစား သုံးဆယ်အထက်တော့ သေချာနေပြီ။ အကောင်
သေးတော့လည်း နှစ်ကောင်သုံးကောင် ရတာပါပဲ။

အဲဒါက အိမ်မပါပါဘူးဗျာ။ မိသားစု ဆန်။ ဆီ။ ဆား
ငရုတ်နဲ့ ညမနက်စားနိုင်ဖို့ရာ ကန်က ပေးလိုက်တဲ့ ငါးကို
ရောင်းပြီး ဘိုလီမိုလီဟင်းချက်စရာလေးတွေ ဝယ်ရတာပေါ့။

ဟော–စာရေးဆရာ မေးနေတာတွေ ပြီးပြီနဲ့တူတယ်
နှုတ်ဆက်ပြီး ထရပ်နေပြီ။ အမယ်–ဆရာစံများ ဓာတ်ပုံရိုက်နေ
လိုက်သေး။ ဟီးဟီး...ဦးစံကလည်း နေမတတ် ထိုင်မတတ် ဖြစ်လို့

ကျုပ်က စာရေးဆရာ အပြန်မှာ မယောင်မလည်နဲ့ ကပ်
လိုက်ပြီး ကျုပ်အိမ် ခေါ်ရကောင်းမလားလို့ စဉ်းစားနေတာ
ကျုပ်က ငါးညီစော်နံပေမယ့် ငါးဟင်းမစားရတာ ကြာပြီဗျာ
ကန်က ပေးတဲ့ ငါးကို ငါးသည် မရွှေမိယောက်ျား ကိုချစ်မင်းဆီ
ရောင်းနေတာကိုး။ ကျုပ်တို့ ပိုက်ဆွဲရင်း အော်တဲ့သီချင်း ဆိုပြ
ချင်လို့ပါ။

"လွှတ်လေပြီ–ရွှေရည်ဝင်းသည်...စားစရာ ငါးသတ္တဝါ–
ခုန်လွှားပျံဆင်း...ချစ်မင်းအိမ်ခြေမှာ...ဆိုပြီး အော်ကြတာ
ဟားဟား...ဟား။"

ဟော–ပြန်သွားပြီ။

ကြည့်။ ဒီစာရေးဆရာ သူ့ လိုချင်တာရပြီးတော့ ကျုပ်ကို
လှည့်တောင် မကြည့်တော့ဘူး။ မြန်မာ့ခေတ်၊ ၁၉၉၃၊ ဩဂုတ်လ

ကံချွန်


❑

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ကြက်တက်ရူးတတ်တယ်



## ကြက်တက်ရူးတတ်တယ်

ကိုသာစိန် ထိငါးသောင်းဆု ပေါက်သည့်သတင်း ကြားကတည်းက တစ်ရပ်လုံး စိတ်ဝင်စားကြသည်။ ဒီငွေတွေ ဘာလုပ်မှာပါလိမ့်။ ထိုအတွေးထဲက အမေးကို လူတွေက ကိုယ့်ဟာကိုယ် ဖြေကြသည်။ ဒီလူ ကြက်မွေးမြူရေး လုပ်မှာပဲဟု။

သို့နှယ် ထင်ကြေးပေးတတ်ကြသည်မှာ ကိုသာစိန်၏ အိမ်ဘေးတွင် နိုင်လင်းကြက်ခြံ ရှိသောကြောင့် ဖြစ်သည်။ ကြက်ခြံ ပိုင်ရှင် ဦးပေါက မွေးမြူရေး ကြက်ဖောက်ရောင်းသည့် အလုပ်ကို လုပ်၏။ နာမည်ရသော မြန်မာမွေးမြူရေးသမားထဲမှာ တစ်ဦး ပါဝင်သည်။ သူ့ ဖောက်စက်ကလည်း တစ်ခါ ထည့်လျှင် ဥ ၈၅၀၀၀ (ရှစ်သောင်းငါးရာ) ဆံ့သည်။ ရက်သုံးပတ်(၂၁ ရက်)ဆိုလျှင် [illegible]၈၀၀ လောက်ပေါက်ပြီး ၁၈၀၀ လောက် အဖတ်တင်သည်။ ဥတစ်ရာမှာ ခြောက်ဆယ့်ငါးလုံးလောက် ပေါက်သည့် သဘောပင်။

ထို ဥပေါက်စ အကောင်လေးများကို ထုတ်ယူပြီး ဥအသစ် အစားထိုးထည့်ရက် တစ်ပတ်တစ်ခါ ကြက်ပေါက်စလေးများ နှစ်ထောင်နီးပါး ဖောက်ပေးနိုင်သလို ဖြစ်သွားသည်။

စက်နှင့်ကြက်ကို ဖောက်သည့်လုပ်ငန်း စစချင်းက လူတွေ



www.burmeseclassic.com

www.burmeseclassic.com



မယုံ။ ကြက်မကြီးက မဝပ်ဘဲနှင့် ဘယ့်နှယ် ကြက်ကလေးတွေ ပေါက်ရမလဲဟု ဆင်ခြေတက်သူများထဲမှာ ဒေါ်ဖွားမယ်မှာ အဆိုးဆုံး ဖြစ်သည်။ ကြက်မကြီး၏ အပူအငွေ့အစား စက်ကြီးအတွင်း ၂၄ နာရီလုံးလုံး ၁၀၀ ဒီဂရီ (ဖာရင်ဟိုက်) ရှိရန် ပေးထားရပုံနှင့် မိခင်၏ ချွေးမာတ်အစား။ ရေငွေ့ ၆၈.၇၀ ရာခိုင်နှုန်းကို အပူနဲ့ ရေငွေ့ပျံ့နှံ့မှု ညီမျှအောင် စက်ကြီးအတွင်းမှ ပန်ကာနှင့် လှည့်ပေးနေရတာ ရှင်းပြမှ "အင်း–အဲသလို ဆိုတော့လဲ ဟုတ်သားပဲ"ဟု လက်ခံသည်။

ဦးပေါ်၏ ခြံမှာ ကြက်တွေ ပေါက်လာကတည်းက ဒေါ်ဖွားမယ်က ငုတ်တုတ် ထိုင်ကြည့်၏။ အမိမဲ့ ကြက်ပေါက်ကလေးများအတွက် မိခင်ရင်ငွေ့အစား ၉၅ ဒီဂရီခန့် အပူပေးထားကာ မွေးမြူရခြင်းကိုမူ သိပ်ရှင်းပြရန် မလိုတော့။ ကြီးထွားလာမှုကြောင့် တစ်ပတ်မှာ ၅ ဒီဂရီခန့် အပူရှိန်လျှော့ပေးသွားပုံကိုလည်း သဘောပေါက်သွားသည်။ မီးပျက်သည့်ရက်မှာ ကြက်ခြံတွင်း၌ လျှပ်စစ်မီးသီး ဖွင့်မပေးနိုင်သောအခါ မြေအိုးမှာ အပေါက်ကလေးများ ဖောက်ကာ မီးသွေးမီး ထည့်၍ အပူပေးပုံကို မြင်တွေ့ရသောအခါ ဒေါ်ဖွားမယ် ဆုံးဖြတ်ချက်ချကာ ကြက်မွေးမြူရန် တဲထိုးလေတော့သတည်း။

အနီး ဒေါ်ဖွားမယ်မှာ ယခု ထိပေါက်သော ကိုသာစိန်၏ အိမ်နောက်မှ ဖြစ်ပါသည်။ ဒေါ်ဖွားမယ် ကြက်မွေးသောအခါ အစစအရာရာ ကူညီလုပ်ကိုင်ပေးသူမှာ ကိုသာစိန်ပင်။ ကိုသာစိန်က ကြက်မွေးမြူရေး၌ ရောဂါကာကွယ်ကုသရေးများကို ပို၍ စိတ်ဝင်စား၏။ ဦးပေါ်၏ခြံမှာရော ဒေါ်ဖွားမယ်၏ ခြံမှာပါ ကုသရေးနှင့် ပတ်သက်လာလျှင် ကိုသာစိန်က တာဝန်ယူထားသည်။

ကြက်ပေါက်ကလေးများကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း ပြုစုသည်။ ကာကွယ်သည်။ ဂရုစိုက်သည်။ အဓိက ဂရုစိုက်ရသည်မှာ





လည်လိမ်ရောဂါ မဖြစ်ရေးပင်။ လည်လိမ်ရောဂါမှာ ကာကွယ်ဆေးသာ ရှိပြီး ကုသဆေးမရှိသော ရောဂါဖြစ်သည်။ ဖြစ်မိပြီဆိုလျှင် အကောင် တစ်ရာမှာ အနည်းဆုံး ရှစ်ဆယ်ခန့် ဆုံးရှုံးတတ်သည်။ ဤသည်မှာ ကံကောင်းပါမှ။ တစ်ခါတလေ တစ်ကောင်မကျန် ခြုံလုံးကျွတ် ဆုံးရှုံးတတ်သည်။

အထူးသဖြင့် ကိုသာစိန်တို့ အပူပိုင်းဒေသမှာ ဖြစ်တတ်သည်က "ကော်ရိဇာ"ရောဂါပင်။ သည်ရောဂါက မတ်လနောက်ပိုင်းမှာ တိုက်ခတ်သည့် "လေပူ"ကြောင့် ဖြစ်တတ်ခြင်း ဖြစ်သည်။

မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လတွေမှာ အဖြစ်များသည်။ သည်ရောဂါ ဖြစ်တော့မည်ဆိုလျှင် ကိုသာစိန်က သိပါသည်။ အသံရှုးရှူး၍ အသံပြောင်းလာသည်။ သို့နှယ် အသံပြောင်းလာလျှင် ချက်ချင်း ကြက်များကို ဖမ်းကြည့်ရော့။ မျက်စိများပါရောင်ပြီဆိုလျှင် သေချာပြီ။ မျက်စိနှင့် မျက်ခွံကြား မျက်စိအတွင်းပိုင်းမှာ ဒိန်ခဲလို ဝတ်ဆံလေးတွေ တည်နေတတ်သည်။ ထိုဝတ်ဆံလေးများတွေ့ပြီဆိုလျှင်တော့ မြန်မြန်ဆေးကု။ ထိုဝတ်ဆံများကို ညှစ်ထုတ်ပါမှ။

အသံကို နားစွင့်နေရသလို ကြက်ကလေးများသွားသောဝမ်းကိုလည်း ကြည့်နေရသည်သာ။ သွေးဝမ်းပါလာပြီဆိုလျှင် ကာကွယ်ကုသမှု မြန်မြန်လုပ်ပါမှ။ ဆရာဝန်ခေါ်ပါမှ။ ထိုရောဂါကလည်း အကောင်တစ်ရာမှာ ငါးဆယ်လောက် ဆုံးရှုံးတတ်ပါသည်။ ၄၅ ရက်မှ ၂ လခွဲထိ ဖြစ်တတ်သည်။

ကိုသာစိန်သည် ကြက်ကလေးများကို စောင့်ရှောက်ရန် ဝါသနာပါသလို ဒေါ်ဖွားမယ်ကလည်း ပြုစုရန် ဝါသနာပါ၏။ ဥပေါက်စ ရက်သားမှ လေးဆယ့်ငါးရက်ထိ ကြက်ကလေးများ နေရန် ဖွဲခင်းပေးခြင်း။ စပါးခွံကောက်ရိုးစင်းပြီးသား ခင်းပေးခြင်းကို စိတ်ရှည်ရှည်နှင့် လုပ်သည်။ ငယ်စဉ်မှာ နီးယိုင်များနှင့်ပတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



မွေးရသည်။ အကောင်သုံးရာမှာ ယိုင်ဖျာနှစ်လိပ်ခန့် လိုသည်။ ယိုင်ဖျာတစ်လိပ်ဆိုလျှင် နှစ်ပေခွဲသုံးပေမြင့်၍ ဆယ့်ငါးပေခြောက်ပေ ရှည်သည်။ ထို ယိုင်ဖျာ ကာမွေးထားသော ကြက်ကလေးများ အတွက် အစာထည့်ကျွေးသည့် ဇန်း ဆယ်ချပ်နှင့် ရေတိုက်သည့် ခွက် သုံးလေးခွက်က အမြဲသန့်ရှင်းနေရန် ဂရုစိုက်သည်။

ကြက်ကလေးများကို တိုက်သည့်ရေခွက်မှာ ရေတစ်ခွက် ထဲတွင် အစဉ်သဖြင့် လက်မဝက်ခန့်သာ ရှိနေရန် ဖန်တီးထား သော ရေခွက်မို့ အန္တရာယ်မရှိနိုင်။ အန္တရာယ်မရှိသော်လည်း ဒေါ်ဖွားမယ်ကတော့ ဂရုစိုက်သည်သာ။

ရက်သားမှ ၄၅ ရက်အတွင်း အချိန်ပြည့် ကျွေးရသော်လည်း ၄၅ ရက်မှ ကျော်လာသောအခါတွင်မူ တစ်နေ့မှ နှစ်ကြိမ်သုံးကြိမ် သာ ကျွေးတော့သည်။ အရွက်စိမ်းတစ်ကြိမ်ကိုမူ နေ့စဉ် ထည့်ကျွေး ရသည်။ ဒေါ်ဖွားမယ်က ဝီရိယကောင်းသည်။ ကန်စွန်းရွက်၊ မုံလာဥအရွက်များ၊ တစ်ခါတလေ ဇေဒါများ တောက်တောက် စင်း၍ ကျွေးသည်။

ကြက်စာကို ကျွေးရာတွင် ကြက်များကြီးလာသောအခါ ကြက်စာကျွေးသည့်ခွက် ရှိသည်။ အလေအလွင့်နည်းရန် ထိုခွက်နှင့် ကျွေးရသည်။ သို့သော် ဒေါ်ဖွားမယ်တို့ကတော့ ကြက်ခြံအပြင် ဝါးသယောက်မှာ အစာထည့်၍ ကျွေးလိုက်သည်။ ကြက်များက ခံတွင်းမှ ခေါင်းထုတ်၍ စားပေရော့။ ကြက်စာထည့်ရသည်လည်း လွယ်သေးသည်။ ရေကိုလည်း သို့နှယ်ပင် တိုက်သည်။

ထိုအလုပ်တို့ကို ကိုသာစိန် ကျွမ်းကျင်ပြီး ဖြစ်ပါ၏။ ဒေါ်ဖွားမယ်၏ ကြက်တဲကိုပင် ကိုသာစိန် ဆောက်ပေးခဲ့သည် မဟုတ်လား။ ဒေါ်ဖွားမယ်၏ မြေက သိပ်မကျယ်လှ။ သူ့အိမ် ဘေးမှာ ၁၅ ပေ × ပေ ၃၀ လောက် ကွက်လပ်မှာ ဆောက်ပေး ရခြင်း ဖြစ်ပါ၏။ ကြက်အကောင်ရေ မည်မျှမွေးလျှင် တဲအကျယ်





မည်မျှ ရှိရမည်ကို ကိုသာစိန် သိပြီးဖြစ်သည်။ မသိရှိနိုင်ရိုးလား ဦးပေါ်၏ခြံမှာ တွဲ၍ လုပ်ခဲ့သည်က ကြာပြီပဲ။ ကြက်တစ်ကောင် အတွက် အနည်းဆုံး ၃ စတုရန်းပေတော့ လိုသည်။ ၁၅ ပေ × ၁၂ ပေ မြေစိုက်ကြက်တဲဆိုလျှင် ကြက်အကောင်ရေ ၆၀ သာ မွေး နိုင်မည်။ ဒေါ်ဖွားမယ်က ကြက်အကောင်ရေ ၃၅၀ ခန့်ကို ကိုင် မည်ဟု ပြောသောကြောင့် ကိုသာစိန်က ဒေါ်ဖွားမယ်၏ မြေကွက် ထဲမှာ တဲကို မြင့်မြင့်ဆောက်ပြီး ဝါးကြမ်းခင်းသုံးဆင့် ထည့်ပေး လိုက်သည်။ ကြက်တို့အတွက် သုံးထပ်တိုက် ဖြစ်သွားတော့သည်။

တစ်ဆင့်နှင့်တစ်ဆင့်က သိပ်မြင့်ရန် ကွာရန်မလို။ လူခါး ကုန်းဝင်ကာ ကြက်စာကျွေး သန့်ရှင်းရေးလုပ် ဥကောက်ရန်အတွက် အဆင်ပြေရုံ လေးပေ လေးပေခွဲလောက်ဆိုလျှင်ပင် ရသည်။ ဒေါ်ဖွားမယ်၏ ၁၅ ပေ × ပေ ၃၀ ကွက်လပ်မှာ သုံးဆင့်တဲ ထိုးလိုက်သောအခါ ကြက်သုံးရာငါးဆယ်ခန့်တော့ မွေး၍ ရသွား သည်။

ကြက်ပေါက်စ ၁၄ ရက်သားအတွင်းမှာ လည်လိမ်ရောဂါ ကာကွယ်ရန် မျက်စင်းခပ်ဖို့။ ၂ လခွဲ(၇၅ ရက်)မှာ လည်လိမ် အသားဆေးထိုးပေးဖို့။ ၂ လမှ ၃ လအတွင်း ဝမ်းကျရောဂါ ကာကွယ်ဆေး ထိုးပေးဖို့ လုပ်ရိုးလုပ်စဉ်များအပြင် နောက်မှ ပေါ်လာသည့် ရောဂါတွေကလည်း ရှိသေးသည်။ ထို့ကြောင့် အကောင်ကြီးများကို ဝယ်မွေးရန် ကိုသာစိန်က ဒေါ်ဖွားမယ်ကို တိုက်တွန်းဖူးသည်။ ဒေါ်ဖွားမယ်က လက်မခံ။ သူက အရင်းအနှီး နည်းနည်းနှင့် ကြက်များများ မွေးချင်သည်ကိုး။

ဥပေါက်စကို ဝယ်မွေးရသည်နှင့် ဥစမ်း အရွယ် စဉ်တော့ သည့်အရွယ် ဝယ်မွေးရသည်က ဆယ်ဆလောက် ကွာသည်။ ဒီနေ့ ဈေးနှင့် ပြောရလျှင် ဥပေါက်စမှာ လေးကျပ်ခွဲ ငါးကျပ်လောက် ရှိပြီး ၄၅ ရက်သား ရောက်၍ အထီးအမ ခွဲပြီးပါက တစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးကျပ် ဖြစ်နေပြီ။ မီးလွတ်ပြီး သုံးလ(ကြက်ငါးလသား) စဥမည့်အရွယ်ဆိုပါက ကိုးဆယ် တစ်ရာ။

ကြက်ဖိုးတစ်သောင်းရှိမှ ဥစမ်းအရွယ် ဝယ်မည်ဆိုပါက ကြက်ဥတစ်ရာသာ ရမည်။ ကြက်ပေါက်ကလေးများအရွယ် ဝယ်ပါက ကြက်ပေါက်ကလေးတစ်ထောင် ရမည်။

သည်တော့လည်း ကြက်ကောင်ရေများများပဲ မွေးမြူချင်ကြ၏။ ယခု ကိုသာစိန်လည်း ကြက်မွေးမြူရေးလုပ်မည်ဆိုလျှင် ကြက်ပေါက်ကလေးတွေသာ ကိုင်မှာ သေချာ၏။ တစ်ကောင် လေးငါးကျပ်နှင့်ဝယ် နည်းနည်းကြီးလာတော့ အထီးအမခွဲ။ အမတွေ ဆက်ထား။ အထီးတွေ သားဈေးနဲ့ရောင်း။

ဒီမှာ ကြက်စာ အရောင်းဆိုင်တွေ ရှိသည်၊ ကြက်စာဆိုင်မှာ ဆေးဝါးကလည်း အစုံရှိသည်။ အရွယ်လိုက်၍ ကာကွယ်နည်း။ ကုသနည်းလည်း ပြောပေးသည်။ လိုက်၍လည်း ကုပေးသည်။ ပြီးတော့ ကြက်ခြံကို လိုက်ကြည့်ကာ မွေးသည့်အကောင် အရေအတွက် အစာ၊ ဆေးဝါးကို အကြွေးပေးသည်။ ဥသည့်အခါ ကျမှာသာ ထိုခြံမှ ထွက်သမျှ ဥကို အစာဆိုင်က ဈေးသတ်မှတ်၍ သိမ်းယူသည်။ အကြွေးကို အချိုးကျနှိမ်သည်။ ကြွေးကျေသွားသော အခါ ကိုယ်စား။ ကြက်ခြံနှင့်ကြက်ပေါက်ရှိလျှင် မွေးမြူရေးလုပ်လို့ ရသည်။

ဒီလိုလုပ်၍ရမှန်း ကိုသာစိန် သိထားသော်လည်း ချီတုံချတုံ ဖြစ်နေ၏။ သူ ကြက်အကြောင်း ကောင်းကောင်း သိထားပြီမို့ ကြက်မွေးမြူရေး လုပ်ရမည်လား။ ကြက်စာဆိုင် ဖွင့်ရမည်လား စဉ်းစားသည်။

သူ့မှာရှိသည့် အရင်းအနှီးလောက်ဖြင့် ကြက်စာဆိုင်က လုပ်၍မဖြစ်။ အိပ်မက်ပင် မမက်နိုင်။ ကိုသာစိန်သည် ကြက်စာရောင်းသူကို ပို၍ သဘောကျသည်။ ထိုအလုပ်က အရှုံးမရှိ။





ကြက်မွေးသည့်ခြံကို လိုက်ကြည့်မည်။ အကောင်အရေအတွက် ...ယ်သော အစာ၊ ဆေးဝါးပေးမည်။ ဥထွက်လာသည့်အခါ သူ ...ည်၊ သူက နေရာမလို။ အချိန်ပြည့်ဂရုစိုက်ရန်မလိုဘဲ ခြံပေါင်း ...ရွာကို မွေးမြူရေးလုပ်ထားသည့် သဘောပင်။ သူ့အလုပ်က အရှုံးမရှိနိုင်။ နည်းနည်းပါးပါးဆုံးချင်တော့ ဆုံးမည်။

ဒီလို–

ကြက်တွေ ရောဂါတစ်ခုခုကြောင့် ခြံလုံးကျွတ် ပြုတ်သွားဦးတော့ မွေးမြူရေးသမားကသာ ဆုံးရှုံးရသည်။ အစာပေးထားသူကတော့ နောက်တစ်သုတ် ဥရတော့မှ သူ့အစာဖိုး နှိမ်ယူလိုက်မည်။ လုပ်ငန်းပါ ရပ်သွားပါမှ သူ့အစာဖိုးက နည်းနည်းပါးပါး ဆုံးတတ်သည်။ ခြုံ၍တွက်ကြည့်လျှင် သူ့လုပ်ငန်းက အရှုံးမရှိသည့် လုပ်ငန်းဟုပင် ခေါ်ရမည်။

ကိုသာစိန် ယခုရသောငွေက ထိုမျှလည်း မများ။ ကြက်စာဆိုင်က အရင်းအနှီး အလွန် ကြီးသည်။ သူ့ငွေနှင့်က တစ်နိုင် မွေးမြူရေးလုပ်ရုံသာ ရှိမည်။ သူ့အိမ်ရှေ့မှာ ပေ ၆၀ × ပေ ၄၀ လောက် မြေကွက်လပ်က ရှိနေသေးသောကြောင့် ကြက်တဲ ကောင်းကောင်းကြီး ဆောက်နိုင်သည်။ လေးဆင့်တဲသာ ဆောက်ပါက ကြက်သုံးထောင်ကျော်တော့ ကောင်းကောင်း မွေးနိုင်မည်။ တစ်ဆင့်မှာ အကောင် ၈၀၀ ထား။

ကြက်သုံးထောင်နှစ်ရာမှာ တကယ်ဥပြီဆိုလျှင် တစ်နေ့ ဥနှစ်ထောင့်ငါးရာ အထက်မှာ ရှိမည်။ တစ်နေ့ ဝင်ငွေ ၇၅၀၀ ကျော်မည်။ ဒါက နေရာဒေသ ဥပေါက်ဈေးလိုက်လို့ အတိုးအဆုတ် ရှိမည်ပေါ့။

ထိုဝင်ငွေက ဆယ်လနှင့် တစ်နှစ်အတွင်းတော့ နေ့စဉ် မှန်မှန်နေမည်သာ။ နောက်ထပ်တစ်နှစ်မှာတော့ ဥစံချိန် နည်းနည်း ကျမည်။ ဥလိုက်။ ရက်ခြားလိုက်။ မွေးမြူရေးသမား အတော်



www.burmeseclassic.com

www.burmeseclassic.com



များများသည် နှစ်နှစ်အထိ ထားကြသည်။ အချို့ကတော့ သုံးနှစ်လောက်ထိ ထားပြီးမှ ရောင်းပစ်သည်။ ဥစံချိန် လျော့သွားခြင်းနှင့် အသားချိန် တိုးလာခြင်းကို ကိုယ့်နည်းနှင့်ကိုယ် တွက်ကြသည်။ ဥသက်ကုန်ချိန်မှာ အသားဈေးနှင့် ထုတ်ရောင်းကြသည်ကိုး။

လေးလ်ငါးလရွယ် ဝယ်ကိုင်ရမည်ဆိုလျှင် စက်တင်ဘာလောက်မှာ ဝယ်ချင်သည်။ စဥမည့်အချိန်သည် ဥစံချိန် အမြင့်ဆုံးအချိန် ဖြစ်ရန် ကိုသာစိန် တွက်ထားသည်။ အောက်တိုဘာလ်မှ မတ်လကုန်လောက်ထိမှာ ဥစံချိန် အမြင့်ဆုံးအချိန် ဖြစ်သည်။ ကြက်ပေါက်စလေးများ ဝယ်ကိုင်ရမည်ဆိုလျှင် ဧပြီ၊ မေလောက်မှာ စကိုင်ရန် ဆုံးဖြတ်ထားသည်။ သို့မှသာ အေးလာသော ရာသီနှင့် ဥလိုက်ချိန် အံကျဖြစ်မည် မဟုတ်ပါလား။

မွေးမြူရေးကြက်များက အအေးကြိုက်သည်။ ထိုအေးသောရာသီမှာ အကောင်တစ်ရာလျှင် ခုနစ်ဆယ့်ငါးကောင်လောက်ထိ ဥသည်။ သိပ်ပူလာသောအခါတွင် အကောင်တစ်ရာမှာ နှစ်ဆယ့်ငါးသုံးဆယ်လောက်ထိ ဥနှုန်းက ကျသွားသည်။ ထိုဥနှုန်းကျသောရာသီမှာ အစာဖိုး အရှုံးပေါ်စမြဲ။ ထို့ကြောင့်လည်း နှစ်နှစ်လောက် ဥပြီးပြီဆိုသည်နှင့် မတ်၊ ဧပြီလောက်မှာ အသားဈေးနှင့် ထုတ်ရောင်းကြခြင်း ဖြစ်သည်။

ကြက်မွေးမြူရေးမှာ ဥကုန်ကြက်ကို ထုတ်ချိန်မှာ ထုတ်ရန်နှင့် ဥပေါက်ကြက်ကို ကိုင်ချိန်မှာ ကိုင်တွယ်တတ်ဖို့ အရေးကြီးလှပေသည်။ ဤသည်တို့ကို ကိုသာစိန် လက်ကျန်မရှိ သိပြီးသား။

ထို့ကြောင့်လည်း တစ်ရပ်လုံးက ကိုသာစိန် ထိပေါက်ပြီကြားကတည်းက ကိုသာစိန် ကြက်မွေးမြူရေး လုပ်လိမ့်မည်ဟုပင် ထင်ထားကြသည်။

အဲ–

ကြက်အကြောင်း မသိရင်





ကာကွယ်ကုသဖို့ စိတ်မဝင်စားရင်

ပြုစုစောင့်ရှောက် အပျင်းထူနေမယ်ဆိုရင်

သန့်ရှင်းရေးလုပ်ပေးဖို့ ရွံတတ်ရင်တော့ အရပ်က အဘယ်မှာ ကြည့်နေပါမည်နည်း။ နှုတ်၏ စောင်မခြင်းဖြင့် ဝိုင်း၍ တားမည်သာ။

"မမွေးပါနဲ့ မောင်ရင်ရယ် ကြက်တက်စူးတတ်တယ်" ပေါ့။

ကံချွန်

မြန်မာ့ဓနု၊ ၁၉၉၁၊ စက်တင်ဘာလ။


❑



www.burmeseclassic.com

www.burmeseclassic.com

# စားရက်ကြုံတော့





(၁)

ဦးကောင်းဇံ၏ ရုံးခန်းသည် မန္တလေးမြို့လယ်မှ နောက်ဆုံးပေါ် ဒီဇိုင်း ရှစ်ထပ်တိုက်ကြီး၏ အပေါ်ဆုံးထပ်မှာ ရှိသည်။ ရုံးခန်း၏ ပတ်ပတ်လည်မှာ မှန်များ ကာထားခြင်းကြောင့် မန္တလေးမြို့ကို အပေါ်စီးမှ မြင်နေရသည်။ မလှမ်းမကမ်းနေရာများမှာ ထိုးထိုးထောင်ထောင်နှင့် ဆောက်လက်စ တိုက်မြင့်မြင့်ကြီးများကိုလည်း တွေ့နေရသည်။

ဂျင်းဘောင်းဘီ။ ဂျင်းအင်္ကျီ ပေတူးတူးနှင့် လူငယ်သည် သူ့ရှေ့မှာ ချပေးထားသော နက်(စ)ကော်ဖီကို တစ်ကျိုက်တည်း မော့လိုက်သည်။ သူ့အင်္ကျီ အိတ်ကပ်ထဲမှ အိပ်(စ)ပို့ဒ္ဓးယား တစ်လိပ်ကို ထုတ်ယူ မီးညှိလိုက်သည်။

“မင်း ထိုင်နေတဲ့ ကုလားထိုင်လက်တန်းရဲ့ အောက်မှာ ဆေးလိပ်ပြာခွက် ကပ်ထားတယ်။ ရှေ့တွန်းထုတ်လိုက်”

လှည့်ကြည့်တော့ အသား ဖြူဖြူဝဝ လူကြီးတစ်ယောက်။

“ငါ့နာမည်က ဦးကောင်းဇံတဲ့။ ထိုင်ပါ ထိုင်ပါ”

ဦးကောင်းဇံသည် ရောမစားပွဲကြီး၏ တစ်ဖက်ထိပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်ပြီး လူငယ်ကို သေသေချာချာ ကြည့်လိုက်သည်။ သူ့ဒူးပေါ်မှာ တင်ထားသော တံဆိပ်မျိုးစုံ ကပ်ထားသည့် ဦးထုပ်ကြောင့် တတိယထပ်မှ သူ့ကားဂိုဒေါင်မှာ တွေ့ခဲ့ရသည့် ဆယ့်တစ်ကောင်ခွဲအား ဟာလေဒဗစ်ဆန် ဆိုင်ကယ်ကြီးကို သတိရသွားသည်။

"မင်းနာမည် ဘယ်သူတဲ့လဲ"

"ဥက္ကာ"

"မင်းက ဝတ္ထုတွေထဲက ဇာတ်လိုက်တွေကို အားကျပုံရတယ် ထင်တယ်"

"ဟုတ်ကဲ့။ နိုင်ငံခြားဝတ္ထုထဲက ဇာတ်လိုက် မဟုတ်ဘူးပေါ့"

"ကျွန်တော်တို့ အဓိကကျတာကို စပြောရအောင်လား။ ဦးကောင်းဇံရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို လေးစားသောအားဖြင့်ပါ"

"မင်း ငါ့ဆီ ရောက်လာပုံကို စပြောစမ်းပါ"

"ဦးကောင်းဇံက စီးပွားရေးလုပ်ငန်းတွေ အများကြီးလုပ်တဲ့ မြန်မာသူဌေး။ လုပ်ငန်းတိုးဖို့ အမြဲ စိတ်ဝင်စားတယ်ဆိုတဲ့ သတင်းကြောင့် ရောက်လာတာပဲ"

"အဲဒီသတင်း ဘယ်က ကြားတာလဲ"

"သတင်းထောက် နတ်မောက်ဦးထွန်းရှိန်ဆီက"

"ကောင်းပြီ တို့စကားစပြောရအောင်"

ဥက္ကာက စီးကရက်ကို ပြာခွက်ထဲ ထိုးချလိုက်ပြီး–

"စမပြောခင် ကျွန်တော် လေ့လာခဲ့ရတဲ့ စရိတ်အတွက် ငွေနှစ်ထောင် အရင်လိုချင်ပါတယ်"

"မင်းပြောမယ့်စကားက ငွေ နှစ်ထောင်တန်မယ်လို့ ငါက ဘယ်လို ဆုံးဖြတ်ရမှာလဲ"

"ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့က အရေးကြီးပါတယ်။ ကျွန်တော့်စကား ကျွန်တော်ယုံတယ်။ မယုံဘဲ ဒီနေရာထိ တက်လာ





စရာအကြောင်း မရှိပါဘူး။ အကျိုးမဲ့အလုပ် ကျွန်တော် လုပ်လေ့မရှိဘူး"

တစ်ယောက်မျက်နှာတစ်ယောက် စူးစိုက်၍ ကြည့်လိုက်သည်။

"မင်း ပြောမယ့်အကြောင်းအရာဟာ နှစ်တောင်တန်ပဲထားပါဦးတော့ အဲဒီအကြောင်းအရာကို ငါ စိတ်ဝင်စားမယ်လို့ မင်း ထင်သလား"

"ဦးကောင်းဇံ စိတ်ဝင်စားမှာပါ။ ဒီအလုပ်က ငွေနံ့သင်းနေတဲ့ အလုပ်ပဲ"

ဦးကောင်းဇံ အကြံအိုက်နေသည်။

"အင်း...မင်းကတော့ တကယ့်ကို နိုင်ငံခြား ဝတ္ထုတွေထဲက ဇာတ်လိုက်ပါပဲ"

ငွေနံ့သင်းနေသော သတင်းကိုလည်း သိချင်စိတ်က ဖျောက်ရ၏။ သို့ဖြင့်–

"ကဲ...ရော့..."

ဥက္ကာသည် ငွေများကို လှမ်းမယူ။ ပြုံးလိုက်ပြီး–

"ကျွန်တော့်စကား ဆုံးတဲ့အခါမှာ ဦးကောင်းဇံက ယူပါဆိုမှ ကျွန်တော် ယူပါ့မယ်။ ခုလောက် လိုက်လျောရင် ကျွန်တော် ပြောလို့ရပါပြီ"

ဥက္ကာက သူ့ထံမှ အသင့်ပါလာသော ဓာတ်ပုံနှစ်ဆယ်ခန့်ကို ဦးကောင်းဇံရှေ့ ချပေးလိုက်သည်။ ဦးကောင်းဇံသည် ဓာတ်ပုံများကို ယူပြီး ကြည့်လိုက်သည်။ သေတ္တာပုံများ။ ဖွင့်ထားပုံများ။ လေးထောင့်သောင်များ။ သေသေချာချာ ကြည့်လိုက်သည်။ ပျားများ။

"ပျားမွေးမြူရေးက ဓာတ်ပုံတွေ မဟုတ်လား"

ဥက္ကာက စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရင်း ခေါင်းညိတ်ပြလိုက်သည်။ ဦးကောင်းဇံသည် သူ့နောက်ရှိ ဗီရိုကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဖိုင်အထပ်လိုက်ကို တွေ့ရသည်။ ဖိုင်အနောင့်တွင် အက္ခရာစဉ်အလိုက် လုပ်ငန်းအမည်များက ရှိနေသည်။ "ပ"အက္ခရာ ထိုးထားသော ဖိုင်ကို ဆွဲထုတ်ကာ "ပုလဲ"များနှင့် ပတ်သက်၍ သူ စုဆောင်းထားသော စာမျက်နှာများကို လှန်လိုက်သည်။

* * *

(၂)

ပုလဲမွေးမြူရေးလုပ်ငန်းကို မြန်မာပြည်တွင် ၁၉၇၉ ခုနှစ် ခန့်မှ စတင်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာန၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန တို့၏ လက်အောက်မှာ စတင်ခဲ့သည်။

ပုလဲ ပညာသင် အများအပြား စေလွှတ်ခဲ့သည်။ နိုင်ငံခြားမှ သင်တန်းဆင်းများက ထပ်ဆင့်သင်တန်းများ ပြည်တွင်းမှာ ဖွင့်ခဲ့ သည်။

ဘိန်းတိုက်ဖျက်ရေးတွင် အသုံးပြုရန် ရည်ရွယ်ခဲ့သည်။ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးနှင့် တွဲဖက်၍ ပုလဲမွေးမြူရေး လုပ်စေခြင်းဖြင့် ဘိန်းစိုက်ပျိုး၍ ရရှိမည့်ငွေကို အစားထိုးပေးနိုင် မည်။

ပုလဲမွေးမြူရေးကို ၁၉၈၆ ခုနှစ်ခန့်ထိ စမ်းသပ်ကာလဟု သတ်မှတ်ရမည်။

၁၉၈၆ ခုနှစ်(ခန့်)တွင် "ပုလဲမွေးမြူရေးဌာန"ဟု သီးခြား ပေါ်လာသည်။ "စီးပွားရေးပုံစံ"နှင့် ဖြစ်သည်။ ထိုသို့ ပုလဲမွေးမြူရေး ဌာန ပေါ်လာသောအခါ မွေးမြူရေးမှာ "မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန"လက်အောက်သို့ ရောက်သွားသည်။

ထို့နောက် ပုလဲမွေးမြူရေး စခန်းများ ပေါ်လာသည်။

* * *

ဦးကောင်းဇံသည် ဖိုင်ကို ပြန်ပိတ်လိုက်သည်။





"ပုလဲမွေးမြူရေးကို အစိုးရက လုပ်နေတာမဟုတ်လား"

"ဘယ်သူ လုပ်လုပ်ရပါတယ်။ ပုဂ္ဂလိကတွေကို ခွင့်ပြု လိုက်တာ သုံးနှစ်လောက် ရှိသွားပြီ။ အမရပူရက တရုတ်ကြီး ဦးထောဆိုရင် ပုလဲအုံနှစ်သိန်းဖိုး ဝယ်ပြီး မွေးတယ်။ ပုလဲတစ်အုံ ကို တစ်ထောင်နဲ့ ဝယ်ရတယ်။ သုံးနှစ်အတွင်း ပုလဲအုံတွေ ပွားယူ လိုက်တာ အုံငါးရာလောက် ဖြစ်နေပြီ။ ပုလဲအုံချည်း သုံးသိန်းဖိုး လောက် တိုးသွားပြီ။ ပုလဲရည်ဖိုးရတာ မပါသေးဘူး"

"ပုလဲရည်ကို ဘယ်မှာ သွင်းရသလဲ"

"လောလောဆယ်တော့ အစိုးရဆီပဲ သွင်းရတယ်။ နောက် ပိုင်းမှာတော့ နိုင်ငံခြားငွေ ရှာပေးတဲ့လုပ်ငန်းဖြစ်တဲ့အတွက် သီးခြား အခွင့်အရေး ရလာစရာ အကြောင်းရှိတယ်။ ဒီလုပ်ငန်းကို ကျွန်တော် တို့ မြန်မာတွေက စိတ်ဝင်စားမှု သိပ်နည်းနေတယ်"

ဦးကောင်းဇံက လက်ကာပြသည်။ အလွန် ကြီးပွားနိုင်သော လုပ်ငန်းကြီး တစ်ခုကို မြန်မာ့မြေ မြန်မာ့ရေမှာ လုပ်ခွင့်ရနေပါ လျက် မြန်မာတို့ စိတ်မဝင်စားခဲ့ခြင်းအတွက် အားမလိုအားမရ ဖြစ်နေသော ဥက္ကာ၏ ဆန္ဒကို သူ မြင်နေရသည်။

"ဦးလေးနဲ့ မင်းနဲ့ တစ်ဆင့်ချင်း ပြောရအောင်။ ပုလဲရည်ကို နိုင်ငံခြားပို့ရတယ်လို့ မင်း ပြောလိုက်တယ်နော်။ သေချာရဲ့လား"

ဥက္ကာက ဂျင်းဘောင်းဘီနောက် အိတ်ထဲမှ စာအုပ်လေးကို ထုတ်လိုက်ပြီး ကြည့်ကာ–

"၁၉၉၀ ခုနှစ်က ဂျပန်ကို တန်လေးဆယ် ပို့ခဲ့တယ်။ ၁၉၉၁ ခုနှစ် နှစ်ဦးပိုင်းမှာ ဂျာမနီကို တန်ငါးဆယ် ပို့ခဲ့တယ်။ ပုလဲရည်ရဲ့ အရည်အသွေးကို 'အရောင်'။ 'ပျစ်ချွဲမှု'။ 'အနံ့'သုံးမျိုးနဲ့ အဆင့် သတ်မှတ်တယ်။ ဒီနေ့ နိုင်ငံခြားဈေးကွက်မှာ အရောင်း သက်ဆုံးကတော့ စိမ်း(ဆီး)ပုလဲရည်နဲ့ နေကြာပုလဲရည်ပဲ"

"စိမ်းပုလဲရည်နဲ့ နေကြာပုလဲရည်ဆိုတာက..."



www.burmeseclassic.com

www.burmeseclassic.com



"စက်တင်ဘာ။ အောက်တိုဘာ။ နိုဝင်ဘာဆိုရင် ဓီး(ဆီး) ပွင့်တဲ့ ရာသီပဲ။ အဲဒီလတွေမှာရတဲ့ ပျားရည်က ဓီးပျားရည်ပေါ့။ ဩဂုတ်လမှာဆို။ နေကြာရာသီ။ နောက် ဖေဖော်ဝါရီနဲ့ မတ်မှာ နေကြာတစ်ကြိမ်။ အဲဒီလတွေမှာ ရတဲ့ပျားရည်က နေကြာ ပျားရည်ပေါ့။ ရာသီအလိုက် ပေါ်တဲ့ရာသီကို လိုက်လို့ ပျားရည်ရဲ့အရောင် အရသာ ကွဲပြားသွားတာပဲ။ ဇွန်။ ဇူလိုင် နမ်းယဉ်ပေါ်တဲ့ အချိန် ရတဲ့ ပျားရည်ကျတော့ နည်းနည်းလေး ခါးသက်သက် အရသာ ရှိတယ်။ ဒီဇင်ဘာ။ ဇန်နဝါရီ ပန်းနှမ်းရာသီရတဲ့ ပျားရည်နဲ့ တူတယ်"

"ပျားရည်ရဖို့အတွက် ရာသီပင်တွေကတော့ နှစ်ပတ်လည် ရှိနေတာပဲလား"

"ရှိပါတယ်။ ပျားစာပေါတဲ့ ရာသီ။ ရှားတဲ့ရာသီတော့ ရှိတာပေါ့။ နောက်ပြီး ဖေဖော်ဝါရီ။ မတ်မှာ တောင်ငူဝန်းကျင် ဆိုရင် နေကြာရှိသလို။ ပုသိမ်ကြီး။ နှောင်ချို။ မြစ်ကြီးနားတွေမှာ လိုင်ချီးရှိတယ်လေ။ လေချူလို့လဲ ခေါ်တယ်။ ပုဂ္ဂလိက ပျားသမား တွေကတော့ ပျားစာပေါရာနယ်ကို ပျားအုံတွေ ရွှေ့ပြောင်းပေးကြ တာပဲ။ ဦးကြာထောဆိုရင် ပြီးခဲ့တဲ့ လကတည်းက တောင်ကြီး ရောက်နေတာ။ ဇူလိုင်။ ဩဂုတ်။ နေကြာရာသီလေ။ စက်တင်ဘာ အောက်တိုဘာ။ နိုဝင်ဘာဆိုရင် ဓီးခြံတွေရှိတဲ့ ပုသိမ်ကြီး ရောက်လာ တော့မယ်။ စစ်ကိုင်းတိုင်းက ပျားအုံတွေဆို ခုကတည်းက ပုသိမ် ကြီးဘက် ရောက်နေပြီ။ ပျားမွေးမြူရေးမှာ နယ်မြေကန့်သတ်ချက် မရှိဘူး။ မြန်မာပြည်အတွင်း ကိုယ်သွားချင်ရာ သွားလို့ရတယ်"

"ပျားရည်ကတော့ ဘယ်လောက်ထိ ရနိုင်သလဲ"

"ပျားစာပေါလို့ကတော့ ပျားတစ်အုံဆို ပေါင်ငါးဆယ် ဝန်းကျင်ရမယ်။ အဲ–စက်တင်ဘာ။ အောက်တိုဘာ။ နိုဝင်ဘာလို ဓီး(ဆီး)ရာသီ ကာလရှည်ရှည်ဆိုရင် ပျားတစ်အုံမှာ သုံးလထုတ်ရင်





ပေါင်တစ်ရာ့ငါးဆယ် နှစ်ရာထိ ရနိုင်တယ်။ ပျားအုံ ငါးရာဆို ပျားရည်ပေါင်းတစ်သိန်း။ ပိဿာချိန် နှစ်သောင်းခွဲလောက် ပျမ်းမျှ တစ်ပိဿာတစ်ရာနဲ့ပဲ တွက်ကြည့် ပိဿာချိန်နှစ်သောင်းခွဲဆိုရင် နှစ်ဆယ့်ငါးသိန်းဖိုး"

ဦးကောင်းဇံ၏မျက်လုံးမှာ အရောင်လက်နေသည်။

"မင်း တောင်းတဲ့ နှစ်ထောင်ဆိုတာ တန်ပါတယ်။ ဦးလေး မင်းကို ပေးဖို့ဆုံးဖြတ်လိုက်ပါပြီ။ ဒီတော့ ဆက်ပြီး အေးအေးဆေးဆေး ပြောရအောင် ခဏနော် မောင်ဥက္ကာ"

ဦးကောင်းဇံသည် တယ်လီဖုန်းဖြင့် အစားအသောက်များ မှာလိုက်သည်။ ပြီးမှ ဖုန်းကို ချပြီး–

"မင်းပြောသလို ပျားတစ်အုံမှာ ပျားရည်အများကြီးရအောင် ဘယ်လို စုနိုင်သလဲ။ ဒီဓာတ်ပုံတွေဟာ ပျားမွေးထားတဲ့ ပုံတွေ မဟုတ်လား"

"ဟုတ်ပါတယ်။ သေတ္တာပုံးတစ်ခု ပျားတစ်အုံပဲ။ အဲဒီ သေတ္တာမှာ (ပေါင်)ဘောင် ၆ ဘောင် ၇ ဘောင် ထည့်တယ်။ ရှင်းအောင် ပြောရရင် သစ်သားဘောင် တစ်ဘောင်မှာ နန်းကြိုးလေး တန်းထားတယ်။ အဲဒီ နန်းကြိုးလေးမှာ ဖယောင်းအခြေခံပြား အသင့် ကပ်ပေးထားတယ်။ ပျားအုံတွေကို အဲဒီထဲထည့်လိုက်တာနဲ့ သူတို့က အဲဒီ အခြေခံပြားပေါ်မှာ သူတို့နေလို့ရအောင် ပျားအိမ် ဆက်လက်တည်ဆောက်တယ်။ အခြေခံပြားဟာ သူတို့ မပင်ပန်း အောင် လူက ကူထားတဲ့ သဘောပါပဲ။ အခြေခံပြားဆိုတာ ပျား ဖယောင်းပါပဲ။ ခြောက်ထောင့်ကွက်ကလေးတွေ ပုံဖော်ပြီးသား။ ပျားတွေက သူတို့နေဖို့လုပ်သလို ဘောင်တန်းတစ်ခုကိုတော့ ပျားရည်စုဖို့ သက်သက်လုပ်တယ်။ ဒီတော့ လေးငါးရက်တစ်ခါ ပျားရည်ဘောင်ကို ထုတ်ယူ။ ဘောင်အသစ် ထည့်ပေး။ တစ်လမှာ လေးကြိမ်ကနေ ခြောက်ကြိမ်ထိ ပျားစာပေါရင် ပေါသလို ပျားရည်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လို့ ရတယ်။ ပျားရည်တစ်ဘောင်မှာ ၇ ပေါင် ၈ ပေါင် ပါတယ်။ ဒီနေ့ ပုဂ္ဂလိက ပျားမွေးမြူရေးတွေက ပျားရည်ကို စံချိန် ပြည့် ရတယ်"

"ဘာလို့လဲ"

"ပျားအတွက် အစာရေစာပေါရာကို အမြဲ ရွှေ့ပြောင်း ပေးနိုင်လို့ပဲ။ သူ့ရာသီအလိုက် စိုက်ခင်းတွေရှိတဲ့ နယ်မြေတွေ လိုက်ကြည့်။ စိုက်ခင်းများရှိတဲ့ နေရာကို ပျားအုံတွေ ရွှေ့ပြောင်း ပေး။ တစ်နေရာကတစ်နေရာ ရွှေ့ဖို့ ဆုံးဖြတ်ရတာ မြန်တယ်။ အစာရေစာ ကောင်းတဲ့နေရာတွေကို ချက်ချင်း ရွှေ့ပေးနိုင်တယ်။ ဒီတော့ ပျားရည်ပိုရတာပေါ့"

ဥက္ကာက သူ့ထိုင်ခုံမှာ ချိတ်ထားသော ကျောပိုးအိတ်ထဲမှ စာရွက်ခေါက်တစ်ထပ်ကို ထုတ်ယူပြီး ဦးကောင်းခံလျှက်ထို့ ပေး လိုက်သည်။

"အဲဒါက ပျားနဲ့ပတ်သက်ပြီး ကျွန်တော် ပြုစုထားတဲ့ အချက်အလက်တွေ"

"ခု ပြောပြီးသွားတဲ့ ထင်မြင်ချက်တွေ။ ယူဆချက်တွေ။ တွက်ကိန်းတွေ ပါသလား"

ဥက္ကာက ခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ်မှာပင် အသား ညှပ်ပေါင်မုန့်။ ကြက်ဥကြော်။ အိုဗာတင်းတို့ ရောက်လာသည်။

"ပျားတစ်အုံဆို ပျားကောင်ရေ ဘယ်လောက်ပါသလဲ"

"ငါးထောင်နဲ့ ခုနစ်ထောင်ကြား ပါတယ်။ ဖယောင်းပြား ၅ ဘောင်လောက်နဲ့ အုံစဖွဲ့ပေးရတယ်။ ပျားက အမြဲပွားနေတာ ဆိုတော့ ရာသီတစ်ခုမှာ နှစ်သောင်းခွဲ သုံးသောင်းထိ ဖြစ်လာတယ်။ အဲဒီတော့ ဘောင်ကလဲ ဆယ်ဘောင်လောက်ထိ တိုးတိုးပေးရတယ်။ ဆယ်ဘောင်ကတော့ အင်အား အကောင်းဆုံးအနေအထားပဲ။ အဲဒီထက် များလာရင် အုံအသစ်ဖွဲ့ပေးရတယ်"





"ပွားလှချည်လား"

"ဘုရင်မက တစ်နေ့ကို ဥ ၂၀၀၀ (နှစ်ထောင်) ဥတယ်လေ။ ဥတွေက ၂၁ ရက်ဆို အကောင်ပေါက်တယ်။ ဒီတော့ အုံအသစ် ဖွဲ့ပြီးလို့ ၂၁ ရက်ရဲ့ နောက်ပိုင်းဆို နေ့စဉ် ပျားအကောင်ရေ ၂၀၀၀ လောက် ပေါက်နေတော့တာပေါ့"

"မျိုးပွား ပျားအုံအသစ်တွေ ပွားယူတဲ့နည်းလေး နည်းနည်း လောက် ပြောစမ်းပါဦး"

ဥက္ကာသည် စီးကရက် နောက်တစ်လိပ်ထုတ်၍ မီးညှိပြန် သည်။ ပြီးမှ ဓာတ်ပုံများကို ဖြန့်လိုက်ကာ သူ လိုချင်သောပုံကို ထုတ်ပြလိုက်သည်။ တန်းပေါ်တွင် ဖယောင်းခွက်ကလေးများ။

"အဲဒါ ပျားဘုရင်မ မွေးတာ။ ပျားအုံ အသစ်ဖွဲ့ပေးဖို့ အတွက် ပျားဘုရင်မ လိုတယ်မဟုတ်လား။ ပျားအုံတစ်အုံမှာ လုပ်သားများ ငါးထောင်လောက်နဲ့ ပျားဘုရင်မ တစ်ကောင် လိုတယ်မဟုတ်လား။ လုပ်သားပျားတွေကတော့ အများကြီး ပွား နေတော့ ပျားဘုရင်မကို မွေးယူရတာပေါ့။ ပျားဘုရင်မရဖို့အတွက် လုပ်သားပျားလောင်း တစ်ရက်ခွဲသားကို ယူပြီး သီးသန့် မွေးမြူ ခွက်ကလေးထဲ ထည့်ရတယ်။ ပျားဖယောင်းနဲ့ လုပ်ထားတာပါပဲ။ ဒီပုံပေါ့။ တန်းတစ်တန်းပေါ်မှာ ခွက်ကလေးဆယ်ခွက် ပါတယ်။ ဒီဟာဆို ခွက်ကလေးနှစ်ဆယ်။ သုံးဆယ်လုပ်ချင်လဲ ရတယ်။ တန်းတိုးခွက်တိုးရဲ့ ခွက်ကလေးတစ်ခွက်မှာ တစ်ကောင်နှုန်းနဲ့ ခွက်နှစ်ဆယ်ဆို ပျားဘုရင်မနှစ်ဆယ် မွေးမြူလို့ ရတယ်"

"အစောက ပြောတဲ့ တစ်ရက်ခွဲသား လုပ်သားပျားကို ခွက်ကလေးထဲမှာ ထည့်ပြီးတော့ ပျားနို့နဲ့ ရေနဲ့ ထည့်ပေးထားလိုက်။ ၅ ရက်ဆိုရင် ပျားဘုရင်မလောင်းဟာ သူ့ခွက်ကလေးကို အလုံ ပိတ်လိုက်ရော။ ၁၆ ရက်ဆိုရင် ဘုရင်မဖြစ်ပြီး ထွက်လာတယ်။ အဲဒီအချိန်မှာ မျိုးပွားပျားအုံအသစ် ဖွဲ့စည်းထားတဲ့ လုပ်သား



www.burmeseclassic.com

www.burmeseclassic.com



ပျားတွေချည်းရှိတဲ့ အုံအသစ်ထဲကို ပျားဘုရင်မ ထည့်ပေးလိုက်ရတယ်။ ဘုရင်မက အုံမှတ်မိတယ်။ အနီးနားဝန်းကျင် ပျံလိုက်။ နားလိုက်နဲ့ သုံးရက်လောက် အပျံသင်တယ်။ ရက်တစ်ပတ်ကျော် ၁၀ ရက်ဆိုရင် မိတ်လိုက်ထွက်ရော။ ဒါ ပျားအုံအသစ် ပွားယူတဲ့နည်းပဲ"

ဦးကောင်းဇံက တယ်လီဖုန်း ဆက်ပြန်ပါသည်။

"ကိုစိန်ကို လွှတ်လိုက်ပါ"

ဦးကောင်းဇံက ဖုန်းကို ပြန်ချပြီး အသားညှပ်ပေါင်မုန့်နှင့် ကြက်ဥကြော်ကို စားလိုက်သည်။

"မောင်ဥက္ကာပြောသွားတဲ့ အထဲမှာ ပျားနို့ဆိုတာ ပါတယ်နော်။ အဲဒီ ပျားနို့ဆိုတာက..."

"ဒီလိုရှင်းမှ ရမယ်။ ပျားအုံတစ်အုံမှာ ပျားဘုရင်မ တစ်ကောင် ပါမယ်။ အစာရှာတဲ့ လုပ်သားပျား။ ပျားမတွေ လေးငါးထောင် ပါမယ်။ ပျားထီးတွေကလဲ သုံးထောင်လောက် ရှိနိုင်တယ်။ ဒီသုံးမျိုးရဲ့ တာဝန်ကို အရင်ခွဲလိုက်ရင် ပျားဘုရင်မက မျိုးပွားဖို့။ ပျားထီးက မိတ်လိုက်ဖို့။ ပျားမတွေ လုပ်သားပျားတွေက ဝတ်ရည်ရှာဖို့ ထားလိုက်တော့။ ဒါက ပထမအဆင့်"

"ဆက်ပါဦး"

"အဲဒီလို ဖွဲ့စည်းထားတဲ့ အုံထဲမှာပဲ ပျားဘုရင်မက တစ်နေ့ကို ဥ ၂၀၀၀ ဥနေတယ်။ ၂၁ ရက်ရဲ့ နောက်ပိုင်းမှာ ပျားလေးတွေ ပေါက်နေတယ်။ အဲဒီပျားငယ်လေးတွေ အဆိပ်ဝင်လာတဲ့အခါမှာ အစာရှာပျား ဖြစ်သွားတယ်။ အစာရှာပျား မဖြစ်ခင် အုံတွင်း ပျားဘဝမှာ ပျားငယ် ရက်သား ပျားဘဝမှာ အစာရှာပျားတွေ သယ်လာတဲ့ ဝတ်ရည်ကို သူတို့က စားသုံးတယ်။ ပျားငယ်တွေက ဝတ်ရည်ကို စားပြီးတဲ့အခါ သူတို့ရဲ့ ကိုယ်ထဲမှာရှိတဲ့ (အင်ဇိုင်း)အရည်တစ်မျိုးနဲ့ ပျားရည်အဖြစ် အသွင်ပြောင်းလိုက်





တယ်။ ရတဲ့ပျားရည်ကို ပျားရည်စုရမယ့် ခွက်ထဲ ထည့်တယ်။ ပျားရည်ဖြစ်ဖို့အတွက် ဝတ်ရည်မှာ ပါဝင်တဲ့ ရေပါဝင်နှုန်းကို ၁၇ ရာခိုင်နှုန်းထိ လျှော့ချပစ်ရတယ်။ ရေငွေ့တွေ လျှော့သွားဖို့အတွက် အုံတွင်းပျားတွေက အတောင်နဲ့ခတ်ပြီး ရေငွေ့ကို လျှော့ချတယ်။ ဒါက ဒုတိယအဆင့်။ တတိယအဆင့်က ဆက်ပြောမယ်"

"အုံတွင်းပျားတွေရဲ့ နောက်ထပ် တာဝန်တစ်ခုက အစာမရှာနိုင်ခင် ကာလမှာ လူက ထည့်ပေးထားတဲ့ ဖယောင်းအခြေခံများမှာ နေလို့ဖြစ်အောင် အိမ်ဆောက်ရတယ်။ နောက်ပြီး ဝတ်မှုန်နဲ့ ဝတ်ရည်ကို စားပြီးတော့ ပျားနို့ဆိုတာမျိုးကို ပြန်အန်တယ်။ ရက်သားပျားငယ်လေးတွေနဲ့ ပျားဘုရင်မကို ကျွေးဖို့ အဲဒီ ပျားနို့ကို ထုတ်လုပ်နိုင်လောက်အောင်ထိ မွေးမြူရေး ကျယ်ပြန့်ပြီဆိုရင် တကယ်သူဌေးဖြစ်ပြီ။ ကမ္ဘာမှာပြောတာ"

"တို့နိုင်ငံက မထုတ်လုပ်နိုင်သေးဘူးလား"

"ကြိုးစားနေတုန်းပဲ။ အင်အားကောင်းတဲ့ ပျားအုံတွေ အများကြီး ရှိဖို့လိုတယ်။ အင်အားကောင်းတဲ့ ပျားအုံဆိုတာ လုပ်သားပျား သုံးသောင်းနဲ့ ငါးသောင်းကြား ရှိရမယ်။ ပျားထီး သုံးထောင်လောက် ရှိမယ်။ အဲဒီ ပျားထီးတွေကတော့ အစာရေစာ ပေါချိန်မှာပဲ ပျားအုံမှာ တွေ့နိုင်တယ်။ အစာရေစာရှားသွားတာနဲ့ လုပ်သားပျားတွေက ပျားထီးတွေကို အပြင်ဆွဲထုတ်ကြတယ်။ ပျားအုံထဲ အဝင်မခံတော့ဘူး။ ဒါနဲ့ပဲ အစာငတ်ပြီး သေကုန်ကြတာ။ အစာရေစာပေါချိန်ရောက်မှ နောက်မှ ပေါက်လာတဲ့ ပျားငယ်လေးတွေထဲက ပျားထီးတွေကို မျိုးပွားဖို့အတွက် တစ်ခါ ပျားအုံမှာ ဆက်ထားတယ်"

"ဒီမှာ မွေးမြူရေးလုပ်ငန်းကို အလုပ်နဲ့တူအောင် ပြီး ကျယ်ကျယ် လုပ်တဲ့လူတွေ ရှိနေပြီလား။ တို့မြန်မာထဲက ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိသေးဘူး။ ပျော်ဘွယ်။ ချောင်းကြီးဘက်မှာ ဒီနှစ်မှစတယ်။ မိတ္ထီလာ၊ အမရပူရ၊ ပျဉ်းမနား၊ စစ်ကိုင်း၊ ပြင်ဦးလွင်မှာတော့ ရှိတယ်။ ပျားအုံကိုင်တာ နည်းတယ်။ တောင်သူတွေထဲကပဲ အနည်းအကျဉ်း အစပျိုးပြီး စမ်းမွေးတဲ့အဆင့်ပဲ ရှိသေးတယ်။ ပျားမွေးမြူရေးကို စနစ်တကျ ကြီးကြီးကျယ်ကျယ်လုပ်တဲ့ မြန်မာတွေ မရှိသေးဘူး"

"တောင်သူတွေကတော့ ဘယ်လို လေ့လာပြီး မွေးစပြုလာကြတာလဲ"

"ပျားအုံတွေ၊ ပျားစခန်းတွေသွားထားတဲ့ နေရာတွေမှာ လုပ်ငန်းသဘောကို နီးစပ်တော့ သိသွားပြီး စိတ်ဝင်စားလာကြတာပဲ။ ပျားစခန်း မလုပ်ဘူးသေးတဲ့ နေရာတွေမှာတော့ သိပ်စိတ်မဝင်စားကြသေးဘူး။ ပျားစခန်းတွေကတော့ တောင်သူတွေရဲ့ သားသမီးတွေကို သင်ပေးနေတာပဲ။ မြန်မာစာ ရေးတတ်ဖတ်တတ်လောက်ဆို သင်လို့ရတာပဲ။ ဒီနေ့ စီးပွားရေးလာဘ်မြင်တဲ့ လူတွေကတော့ အဲဒီ ပျားမွေးမြူရေးအကြောင်း သိတဲ့လူကို လခ ကောင်းကောင်းပေး ခေါ်ပြီး အသုံးချလိုက်တော့တာပဲ။ ပျားအုံ သုံးရာလောက် မွေးထားတဲ့လူဆိုရင် သူ့ဆီက အဓိက အလုပ်သမားဦးဆောင်တဲ့လူကို တစ်လတစ်လ သုံးထောင်ထိ ပေးထားနိုင်တယ်။ ဆိုင်ကယ်ပေးထားသေးတယ်။ သူ့တာဝန်က ပျားစာပေါမယ့်နေရာ အမြဲရှာ၊ ပျားအုံတွေကို ရွှေ့ပေး၊ ပျားရည် ထုတ်ရပြီဆိုရင် သူ့ဌေးကို အကြောင်းကြား။ ပျားရည်သိမ်း။ ပျားရည်သိမ်းတဲ့အခါမှာ ကားနဲ့ ပလတ်စတစ်ပေပါတွေနဲ့ သယ်ရတာ။ ပျားအုံသုံးရာဆို ပျမ်းမျှတစ်လ ပျားရာသီမှာ ပိဿာ ၁၀၀ တော့ အနည်းဆုံးရမယ်။ ပျားရာသီရောက်ဖို့ စောင့်ရတာ နှစ်လထားဦး သုံးလမှာ ပျားအုံသုံးရာက ပိဿာ ၁၀၀ ပဲရ၊ ငွေတစ်သောင်း။ အဲဒီအချိန်မှာ ပျားအုံ တစ်ရာလောက် မျိုးပွားလို့ ရပြီ။ အဲဒါကိုက





တစ်အုံတစ်ထောင်နဲ့တွက် တစ်သိန်းဖိုး။ အဲ–နောက်တော့ အုံများလေလေ"

ဦးကောင်းခံ၏ အနီးသို့ လူတစ်ယောက် ရောက်လာသည်။

"သြော်–ကိုစိန်။ ဒီမှာ ပျားလုပ်ငန်းအကြောင်း။ ခင်ဗျား လေ့လာပြီး ဖြည့်စွက်ရမယ့် အချက်အလက် လိုအပ်နေတာရှိရင် ရှိအောင်ရှာပြီး ဖြည့်စွက်ပါ။ ပြီးရင် စာတမ်းပြုစုပါ။ ပျားဖိုင်တစ်ခု ဖွင့်ပါ။ သက်ဆိုင်ရာကို ပျားအုံ ငါးသိန်းဖိုးလောက် ဝယ်ချင်တယ်ဆိုတာ ဆက်သွယ်ပါ။ ဘယ်တော့ရမလဲမေး"

"လုပ်ငန်း ဦးစီးဖို့ရောက"

"ခင်ဗျား အဲဒါတွေ သွားပြီးလုပ်ပါတော့။ ဦးစီးပေးမယ့်လူ ကျွန်တော် လွှတ်လိုက်မယ်"

"ဟုတ်ကဲ့"

ကိုစိန် ပြန်ထွက်သွားသည်။ ဥက္ကာသည် ပိုက်ဆံနှစ်ထောင်ကို ယူကာ အိတ်ထဲ ထည့်လိုက်သည်။

"နေပါဦး မောင်ဥက္ကာ။ ပျားမွေးမြူရေးလုပ်ငန်းကို မင်း ဦးစီးပေးနိုင်မလား။ မင်းအတွက် မနစ်နာရအောင် ဦးလေး ပေးမယ်။ ဦးလေး ကူညီနိုင်တာကတော့ မင်းကိုယ်ပိုင် ပျားကို ငါးဆယ်ရင်းနှီးပေးမယ်။ ဦးလေး အလုပ်လုပ်ရင်း မင်းကိုယ်ပိုင်အလုပ်ကိုပါ တွဲလုပ်ပါ။ အဲဒီ အရင်းအနှီးအတွက် မင်းရဲ့ ပျားရည်ဖိုးနဲ့ နှိမ်သွားမယ်လေ။ အရင်းကျေဖို့ဆိုတာ မင်းတွက်ပြသလိုဆို အလွန်ကြာလှ တစ်နှစ်ပါပဲ"

* * *

(၃)

ဥက္ကာသည် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်သည်။ ဦးကောင်းခံသည် သူ့ထံမှ စကားပြန်ကို စောင့်နေသည်။ သူတို့နှစ်ယောက်စလုံးပင် မြန်မာစကားပုံ တစ်ခုကို သတိရလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နှစ်ယောက်လုံး ပြုံးလိုက်မိသည်။ သူ့ကို သတိရသော စကားပုံမှာ–

"စားရက်ကြံ့တော့
မှတ်ဆိတ်ပျားစွဲတာပဲ"
ဆိုသော စကားတည်း။

*(**စကားချပ်။** ။သာမန်အရပ်သားတစ်ယောက် ပျားလုပ်ငန်းအကြောင်း လုံးဝ နားမလည်သူကို နာရီပိုင်းမျှအတွင်း "အကြမ်းသဘော"သိနိုင်သလောက် စိတ်ရှည်လက်ရှည် ရှင်းပြခဲ့သော ညီငယ် မောင်ဝင်းမောင်(ဦးဝင်းမောင်ဦးစီးအရာရှိ၊ ပုသိမ်ကြီးမြို့နယ် ပျားမွေးမြူရေး)ကို ကျေးဇူးတင်ပါသည်။ **ကံချွန်**)*

**ကံချွန်**

**မြန်မာ့စနေ၊ ၁၉၉၁၊ အောက်တိုဘာလ။**

❑



www.burmeseclassic.com

www.burmeseclassic.com

# အသစ်ရဲ့အစ

ဆရာမောင်သစ်ပိုင်၊ ကူးရေး၊




အသစ်ရဲ့အစ

(၁)

ကျွန်တော် စိန်စိန်ဦးကို သိနေတာ ကြာပါပြီ။ မသိဘဲ နေမလား။ ...ခင် စာရေးဆရာ၊ ကာတွန်းဆရာကံချွန်နဲ့ ကျွန်တော်က ...ကြသကိုး။ သူတို့အိမ်ကို ဝင်ထွက်နေကြ။ တစ်ခါတလေ ...င်းစားချင် ဝင်စားနေကြ။ ဒီလို ခင်ကြလေတော့ ကံချွန်ရဲ့သမီး ...နဲ့ဦးကို သိရုံသာမက ခင်လို့လည်း နေခဲ့ကြတယ်။

စ–သိကစက ဒီကလေးမလေး ဂါဝန်ကလေးနဲ့။ သူတို့ ...အလည်ရောက်တဲ့အခါ ကလေးမကို စာဖတ်နေတာ မကြာခဏ ...ခဲ့ရတယ်။ သူတို့အိမ်မှာ စာအုပ်အငှားဆိုင်လည်း ရှိတော့ ...လေးမ စာဖတ်တာ မဆန်းပါဘူးလေလို့ပဲ အမှတ်ထားခဲ့တယ်။

ဒီလိုနဲ့ ကလေးမ ၈ တန်းရောက်လာတယ်။ ဂါဝန်မချွတ် ...ဘူး ငယ်သေးတာကိုး။ အဲဒီ ငယ်သေးတဲ့အချိန်မှာပဲ တစ်နေ့ ...တော့ ကံချွန်က "ရော–ဆရာသစ် ဖတ်ကြည့်စမ်းပါ။ စိန်စိန်ဦး ...တာ"ဆိုပြီး စာမူတစ်ထပ်ကျွန်တော့်ကို ပေးတယ်။ "အေး... ...မယ်ယူပြီး ဖတ်မယ်"လို့ ပြောပြီး ယူလိုက်တယ်။ ကံချွန်က ...တ်သေးတယ်။ "ဆရာသစ် ပြင်စရာရှိ ပြင်ပေးပါ"တဲ့။

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ ကျွန်တော် စိန်စိန်ဦးရဲ့ စာမူကို ဖတ်ကြည့်တယ်။

"ရေခဲရေ"တဲ့။

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ၈ တန်း ကျောင်းသူကလေး စိန်စိန်ဦး ပထမဆုံးရေးတဲ့စာ။ ကျွန်တော် ဘာမှ ပြင်စရာ မရှိပါဘူး။ သူ့စာက ချောလို့။ အကြောင်းအရာက ရိုးရိုးကလေး ဒါပေမယ့် စာက သွက်နေတယ်။ ဆွဲဆောင်မှုရှိတယ်။ စာဖတ်သူကို သူ့စာဆုံးတဲ့အထိ ဆွဲဆောင် ခေါ်ယူသွားနိုင်တယ်။ အဲဒါ ဘာကြောင့်လဲ။ သူ့တင်ပြပုံက ရုပ်ပုံတွေ မြင်ရရုံမက အသံတွေပါ ကြားနေရလို့ပါပဲ။ သူမြင်တာ ကြားတာကို အရေးသွက်သွက်နဲ့ ရေးဖွဲ့တင်ပြသွားတာပါပဲ။ ရေးဖွဲ့တဲ့အခါမှာလည်း အပိုအလိုမရှိ ကွက်တိ။ ပြီးတော့ သူ့ခေါင်းစဉ်ရောက်အောင် ပုံဖော်သွားနိုင်တာကို တွေ့ရတယ်။ အဲဒါကိုက သူ့မှာ စာရေးတဲ့ အတတ်ပညာ တစ်ခုကို သူ ရရှိထားတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒါတွေ အားလုံး ခြုံလိုက်ရင် သူ မြင်တတ် ကြားတတ် တွေးတတ်တာ သေချာနေပါတယ်။

* * *

(၂)

ဒီလိုတွေ့ရတာ ကျွန်တော် အတော့်ကို ဝမ်းသာသွားပါတယ်။ ပီတိဖြစ်ရပါတယ်။ ဒီလို ပီတိမျိုး ဟိုအရင်က ကျွန်တော် ရရှိခံစား ရဖူးတယ်။

ကျွန်တော်တို့ငယ်စဉ် ဝါသနာပါစဉ်က ဆရာကြီးများရဲ့ စာတွေ အများကြီး ဖတ်ခဲ့ရတယ်။ ဆရာမကြီးများရဲ့ စာတွေကိုလည်း အများကြီး ဖတ်ခဲ့ရတယ်။ သူတို့စာတွေ ဖတ်ပြီး သူတို့ကို ကြည်ညိုလေးစားခဲ့ရတယ်။ ဒီလိုရှိရာက ဆရာ ဆရာမကြီး များရဲ့ သားသမီးများ စာရေးလာတဲ့အခါ အလွန် ပီတိ ဖြစ်ခဲ့ရ





တယ်။ မျိုးဆက်သစ်တွေ ပေါ်လာပြီပေါ့။ ကြည့်လေ။ ခင်ဆွေဦးတဲ့။ မောင်သိန်းတန်တဲ့။ ရွှေမဝမှာ သွေးသောက်မှာ သူတို့ လက်ရာ ကလေးတွေ တွေ့ရတယ်။ ဖတ်ရတယ်။ နောက် မစန္ဒာတဲ့။ ညီပုလေးတဲ့။ ဖိုးချိုသင်းတဲ့။ မျိုးမြတ်သူတဲ့။

သူတို့တတွေလည်း စာစရေးကြတော့ သူတို့မြင်တာ ကြားတာ ထိတွေ့ရတာလေးတွေကို ရေးဖွဲ့ခဲ့ကြတာပါပဲ။ သူတို့ တတွေ ကလေးအရွယ်က စရေးခဲ့ကြတာကိုး။ သူတို့က စာရေး ကောင်းသူလေးတွေဆိုတော့ ဖတ်လို့ အားမရနိုင်လောက်အောင် ကောင်းခဲ့ကြပါတယ်။ ပြောချင်တာက သူတို့စာတွေကို စောင့်ပြီးကို ဖတ်ခဲ့ရတာပါ။

သူတို့အားလုံးကို ကြည့်လိုက်တော့ သူတို့ ကိုယ်ပိုင်ဟန် လေးတွေနဲ့ ရေးကြတာကို တွေ့ရတယ်။ ကိုယ့်ဟန်နဲ့ကိုယ်ပါ။ ခုဆို ကိုယ့်တက်လမ်းကိုယ်လျှောက်လို့ ဘယ်လောက်များ ပီတိ ဖြစ်စရာကောင်းလဲ။

* * *

(၃)

ခုလည်း စိန်စိန်ဦးတဲ့။ သူမရဲ့စာက ကျွန်တော့်ကို ပီတိ ဖြစ်စေပြန်ပါတယ်။ မျိုးဆက်သစ် ပေါ်ထွန်းလာပြီကိုး။

ကံချွန်နဲ့တွေ့တဲ့အခါ "ဘယ်နဲ့လဲ"တဲ့။ ကျွန်တော်က "အေး ကြိုက်တယ်။ ပို့ကွာ မဂ္ဂဇင်းတစ်ခုခုကို"လို့။

"ဟာ...ဖြစ်ပါ့မလား။ ကျွန်တော်က စာရေးနေတဲ့သူ ဆိုတော့"

"ဟော့ကောင်... မဟုတ်ဘူး။ သူ့လက်ရာက မင်းနဲ့ တခြားစီပဲ။ သူ့ပင်ကိုယ်က သီးခြားထွက်လာတာ။ သိသာတယ် ပို့သာပို့ကွာ"

"ဟုတ်ပါ့မလား။ ကလောင်သစ်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ပို့သာပို့စမ်းပါကွာ။ ငါလဲ အယ်ဒီတာ လုပ်ဖူးပါတယ်ဟ"

မကြာပါဘူး။ ၁၉၈၆။ ဩဂုတ်လ မြတ်လေးမဂ္ဂဇင်းမှာ စိန်စိန်ဦးရဲ့ "ရေခဲရေ"ဝတ္ထုလေး ဖော်ပြခံရတယ်။

နောက်တော့လည်း စိန်စိန်ဦးရဲ့ ဝတ္ထုတိုလေးတွေ မဂ္ဂဇင်း စာမျက်နှာများပေါ်မှာ တွေ့လာရပါတယ်။

စိန်စိန်ဦး စွဲစွဲလမ်းလမ်းဖတ်တဲ့ စာရေးဆရာကြီးတွေကတော့ "သိပ္ပံမောင်ဝ"နဲ့ ဆရာ"မောင်ထင်"တဲ့။ ဆရာကြီးများရဲ့ ကျေးဇူးကဖြင့် ကြီးမားပါရဲ့ အောက်မေ့ပါရဲ့။

* * *

(၄)

ခုတော့ စိန်စိန်ဦးရဲ့ ဝတ္ထုလေးများနဲ့ ကံချွန်ရဲ့ ဝတ္ထုတိုများ ပေါင်းပြီး တစ်စုတစ်စည်းထဲ စာအုပ်ထုတ်မလို့တဲ့။ ကံချွန်က လာပြောတယ်။ အမှာစာလေးလဲ ရေးပေးပါဦးတဲ့။

ကျွန်တော်က ကံချွန်ကို ပြောလိုက်ပါတယ်။

"အေး…စိန်စိန်ဦးက ရိုးရိုးလေးကွ။ သူ မြင်တာ ကြားတာ သူထိတွေ့ရတာတွေကို ကလေးအတွေးကလေးနဲ့ ရေးတာ။ ဆိုးပေလို့ အတွေးမျိုးအရေးမျိုးလဲ မဟုတ်ဘူး။ ဒါမျိုး တို့မဖတ်ရတာကြာပြီ။ သူ့ကို စာဆက်ရေးခိုင်းကွာ"

မောင်သစ်လွင်(လှထု)

❑




www.burmeseclassic.com

www.burmeseclassic.com

# ရေခဲရေ





## ရေခဲရေ

ဖြူဉသည် လွယ်အိတ်စုတ်ကလေးကို လည်ပင်းတွင် ချိတ်ကာ ဈေးဘက်သို့ ထွက်လာခဲ့သည်။ ဖြူဉ၏ အဘွားက ဈေးဝယ်ခိုင်းလိုက်သောကြောင့် ဖြစ်သည်။

ဖြူဉသည် ဘိုးဘိုး၊ ဘွားဘွားနှင့် နေရသူကလေး ဖြစ်သည်။ ဖြူဉ၏ ဖေဖေနှင့်မေမေတို့သည် အစိုးရဝန်ထမ်းများ ဖြစ်သည်။ အစိုးရက လွှတ်သော နေရာတွင် လှည့်လည်နေထိုင်ရသဖြင့် ဖြူဉကို အဘိုး၊ အဘွားနှင့် ထားရခြင်းဖြစ်သည်။

ယနေ့တွင် စနေနေ့ ဖြစ်သောကြောင့် ဖြူဉတို့ ကျောင်းပိတ်သည်။ ထို့ကြောင့် ဘွားဘွားက ဈေးဝယ်ခိုင်းသည်။ ငါးကျပ်တန် အနွမ်းကလေးတစ်ရွက်ကို ဖြူဉလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အဘွားကြီးပီပီ ဗျစ်တောက်ဗျစ်တောက်နှင့် မှာစရာရှိသည်တို့ကို မှာသည်။ ဖြူဉကလေးသည် ကလေးပီပီ ဂျစ်ကန်ဂျစ်ကန်နှင့် ပြန်ပြောလေသည်။

"သေချာနားထောင်စမ်း ဖြူဉ။ ငါ ပေးလိုက်တာ ငါးကျပ်တန်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် ဘွားဘွားရဲ့ ဒါချည်း ခဏခဏပြောနေတာပဲ။ ကဲ–ဘာဝယ်မှာလဲ"

"အေး ဒါပဲ ပြောမလို့ဘဲ။ တော်က ကျုပ်ပြောတာကို နားမထောင်ဘဲ ပြန်ပြောနေတာကိုးတော့။ ချဉ်ပေါင်ရွက် နှစ်စည်း။ နံနံပင်တစ်စည်း။ ဆန်က ငစိန်ဆန်နှစ်လုံး"

"လာပြန်ပြီ ဘွားဘွားကလဲ နေ့တိုင်း ငစိန်ဆန်ချည်း ချက်နေတာပဲ။ ဟင်းကလဲ"

"မိဖြူဥ အသက်ကဖြင့် နှမ်းစေ့လောက် ရှိသေးတယ်။ သူ့အမေလိုပဲ ဇာတိပြလာပြီ။ မစားချင်နေ ငါမှာတာ သုံးမျိုးရှိပြီ။ နောက်ပြီး ခရမ်းချဉ်သီး တစ်ဆယ်သား"

"ဟင်"

"မဟင်နဲ့။ ကြက်သွန်နီ တစ်မတ်ဖိုး။ ကြက်သွန်ဖြူ တစ်မတ်ဖိုး။ ချင်းစိမ်းဆယ်ပြားဖိုး။ ငရုတ်သီးမှုန့် ဆယ့်ငါးပြားဖိုး"

"ဟာ–ဘွားဘွားကလဲ ပိုက်ဆံကဖြင့် ငါးကျပ်။ မှာနေတာက မပြီးတော့ဘူး။ ဈေးကြီးပါ အိမ်ကို မသယ်ခဲ့မယ်။ ကဲ–ဟုတ်တယ်"

"အံမလေးတော်။ အခုမှာတာက ဘယ်နှစ်မျိုး ရှိသေးလို့တုန်း"

"အင်း...ဟိုမယ် ရှစ်မျိုးရှိပြီနော်။ နောက်ထပ် လာဦးမယ်။ ငရုတ်သီးစိမ်းတို့။ မဆလာတို့ နနွင်းမှုန့်တို့"

အေး–အဲဒါပဲ မှာရမယ်။ တော်တို့မိဘက အဲသလောက် ပိုက်ဆံပဲ ပေးတာဥစ္စာကိုး"

"သွားတော့မယ် ဆယ်မျိုးဝယ်ခဲ့မယ်"

ဖြူဥသည် လွယ်အိတ်အပေါက်ကို လက်နှင့်နှိုက်ကာ ဟိုငေးဒီငေးနှင့် ဈေးရှိရာဘက်ကို ချီတက်၍ လာနေသည်။ ဖြူဥသွားသော ဈေးသည် မြို့ဟောင်းဈေး ဖြစ်သည်။ မြို့ဟောင်းဈေးဟု ခေါ်ရခြင်းမှာ–





"ဟိုးရှေးရှေးတုန်းက အဲဒီ ဈေးပတ်ပတ်လည်မှာ မြို့အကြီးကြီး ရှိသတဲ့။ တဖြည်းဖြည်းဟောင်းပြီး မြို့ပျက်ကြီး ဖြစ်သွားပါလေရော၊ နောက်ထပ် လူတွေရောက်လာပြီး မြို့သစ် တည်ဆောက်ကြတယ်။ ပျက်စီးသွားတဲ့ ဈေးနေရာမှာပဲ နောက်ထပ် ဈေးသစ်ကလေးတစ်ခု တည်ထောင်လိုက်တယ်။ အရင်တုန်းက မြို့ဟောင်းကြီးကို အစွဲပြုပြီး မြို့ဟောင်းဈေးလို့ ခေါ်တာကွယ့်"

ဘွားဘွားက ပြောပြဖူးလေသည်။ ထိုအကြောင်းကို ဖြူဥကြားယောင်ပြီး အရင်တုန်းက မြို့ကြီးတွင် ဘယ်လိုလူတွေ နေထိုင်သလဲ မသိဘူးနော်ဟု တွေးတောလာသည်။ ထိုစဉ် ဖြူဥ၏ အိမ်ဘေးမှ မိန်းမကြီးတစ်ယောက်က–

"ဟော ဖြူမရေ ဒါလေး မန်ကျည်းမှည့် မေ့လာလို့ တစ်မတ်ဖိုးလောက် ဝယ်ခဲ့စမ်းပါနော်"

"ဟုတ်ကဲ့ ပိုက်ဆံပေးလိုက်လေ"

"ဩော်–အေးအေးရော့"

ဖြူဥသည် ဇာဒ်ရွာကလေးတွင် နေထိုင်သူကလေး ဖြစ်သည်။ ဖြူဥတို့အိမ်မှ မြို့ဟောင်းဈေးသို့ ရောက်အောင် ကားစီး၍လည်း မရ။ မီးရထားစီး၍လည်း မရ။ ဖြူဥတို့အိမ်မှာ စက်ဘီးလည်း မရှိ ကိုယ့်ခြေထောက်ကိုယ်အားကိုးကာ ဈေးသို့ ရောက်အောင် သွားရ၏။

ဖြူဥနေထိုင်သော ဇာဒ်ရွာကလေး၏ လမ်းမှာကား မိုးနန်းချုံများ။ ဇာဒ်ပင်များ။ ဆူးပင်များ ရှိကြသည်။ မန်ကျည်းပင်တွေကတော့ ဗရပွ။ ကန္တာရဆူးပင်တွေ အများဆုံးရှိသည်။ လမ်းက မြက်ဖုတ်ထဲက လျှောက်ရသည်။ လမ်းဘေးတွင်ကား ရေပုပ်မြောင်းက အော်ကလီဆန်အောင် နံနေလေ၏။

ရွာနံဘေးလမ်းဖြစ်သောကြောင့် နွားချေးများ။ မြင်းချေးများလည်း ပုံထားကြသည်။ အိမ်တွင် အိမ်သာမရှိသော လူများကလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းနံဘေးရှိ ချုံဖုတ်များကို အိမ်သာအဖြစ် အသုံးပြုကြသည်။ ထိုလမ်းဆုံးလျှင် ရန်ကုန်။ မန္တလေး။ မီးရထားလမ်းကို ကျော်ဖြတ်ပြီး ဆက်လျှောက်သွားပါက ပြည်သူပိုင် ဂိုထောင်ကြီးများ ရှိသည်။ ဂိုထောင်များကြားမှ ဖြတ်လျှောက်လိုက်လျှင် မြို့ဟောင်းဈေးသို့ ရောက်လေသည်။

ဖြူဥသည် ဗာဒံလမ်းတွင် လျှောက်လှမ်းလာစဉ်–

"အား"

ဆူးစူးလေသောကြောင့် အော်လိုက်ခြင်း ဖြစ်သည်။ သွေးများထွက်နေသော ခြေထောက်ကို ကြည့်ပြီး–

"သြော်– ဒီတစ်ခါ မေမေလာရင် ခုံဖိနပ်ဝယ်ပေးစမ်းပါလို့ ပြောရဦးမယ်"

ဖြူဥသည် သွေးများ ညှစ်ထုတ်ပြီး ဘေးတွင် တွေ့ရသော အရွက်များကို ခူးယူ၍ ချေပြီး အရည်ညှစ်ကာ သွေးထွက်နေသော နေရာထဲသို့ သိပ်ကာ ထည့်သည်။

ပြီးသော် ဆက်ပြီး လျှောက်လာရာ မီးရထားလမ်းသို့ ရောက်၏။ မီးရထားတစ်စင်း ရှမ်တိုန်(ရှေ့တိုးနောက်ဆုတ်) လုပ်နေသောကြောင့် ဖြူဥ ခဏမျှ စိတ်မရှည်စွာဖြင့် ရပ်စောင့်နေရသည်။ မီးရထားကြီး ခပ်ဝေးဝေးသို့ ရောက်သွားလျှင် မီးရထားလမ်းကို မြန်မြန်ကူးပြီး ဂိုထောင်နံဘေးမှ ဖြတ်လျှောက်လာသည်။

ထိုအခိုက်တွင် ဖြူဥရှေ့မှ ဖြတ်လျှောက်လာသော သူဌေးကတော်သည် လက်ဆွဲခြင်းကို လွှဲကာလွှဲကာ ရမ်းလာစဉ် လက်ဆွဲခြင်းထဲမှ အကြွေဆယ်ပြားသည် ခုန်ဆင်းနေခဲ့လေသည်။ သူဌေးကတော်ကတော့ မသိ။ ရှေ့သို့သာ ဆက်၍သွားသည်။

ဖြူဥသည် ထိုဆယ်ပြားစေ့ကို ကောက်ယူပြီး–

"ရေခဲရေ သောက်မယ်"ဟု တစ်ယောက်တည်းပြောရင်း လျှောက်လာရာ ဈေးထဲသို့ ရောက်လာ၏။





"နီမာတွေ့ရမယ်။ နီမာတွေ့ရမယ်နော်"

ခရမ်းချဉ်သီးသည်၏ အသံကို ပထမဦးဆုံး ကြားလိုက်ရသည်။

ဖြူဥသည် ခရမ်းချဉ်သီးဗန်းထဲသို့ လှမ်းကြည့်လိုက်ရာ တစ်လုံးတည်းပင် တစ်ဆယ့်ငါးကျပ်သားလောက် ရှိနေသည်ကို တွေ့ရသည်။ ဟန်မကျတော့။ ဘွားဘွားမှာလိုက်သော တစ်ဆယ်သားလျှင် ဆယ်လေးငါးလုံး ရမည့်ဆိုင်ကို ရှာရပြန်ပါသည်။

ဈေးသည်တွေကလည်း ရောင်းရရေးအတွက် အပြိုင်အဆိုင် တကြော်ကြော်နှင့် အော်နေကြသည်။ ဈေးသယ်ထဲမှ အချို့က အလေးမပြည့်သဖြင့် ပြန်လဲပြောဆိုနေသည်။ တချို့ မိန်းမကြီးတွေကတော့ ဈေးခြင်းကြီးကို မိမိခင်ပွန်းနှင့် အတူ တစ်ယောက်တစ်ဖက်ဆွဲကာ တပြုံးပြုံးနှင့် ပြန်သွားသည်ကို ဖြူဥ မြင်တွေ့ရသည်။ တစ်နေရာတွင် မိန်းမနှစ်ဦး စကားများ ရန်ဖြစ်နေသည်။

ဖြူဥကတော့ ဂရုမစိုက်နိုင်။ မိမိလိုချင်သော ပစ္စည်းရရန် ဈေးသည်များဘက်သို့ သွားကာ ဈေးဝယ်လေသည်။ ချဉ်ပေါင်ရွက်ရောင်းနေသော အဘွားကြီးဆီသို့ ရောက်သောအခါ–

"အမေကြီး ချဉ်ပေါင် ဘယ်လောက် ရောင်းသလဲ"

"တစ်စီးဆယ်ပြားကွယ် ဘယ်နှစ်စီးယူမှာလဲ။ ယူကွယ်"

"နှစ်စီးထဲပါ။ နှစ်စီးကို ဆယ့်ငါးပြားရမှာလား"

"အေး...ယူယူ"

"ရော့–အမေကြီးပိုက်ဆံ"

"အေးကွယ်၊ နောက်လဲ လာဝယ်နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန်ဝယ်ရန် ကြက်သွန်ဆိုင်ဘက်သို့ ဖြူဦး ရောက်လာသည်။ ကြက်သွန်ရောင်းသော မိန်းမနှစ်ယောက်သည် ညီအစ်မဖြစ်ဟန်တူ၏။ စကားပြောနေသဖြင့် ခဏမျှ ဖြူဦး စောင့်နေရသည်။

"အမလေး မမရေ။ ဈေးဝယ်တွေက ဒူးလောက်တင်မှ ရင်လောက်ကျတာ။ ဘာသိလို့လဲ"

"ဟဲ့ဟဲ့ မိဝါ ရင်လောက်တင်မှ ဒူးလောက်ကျတယ် လုပ်စမ်းပါ"

"အင်း–ဟုတ်သားပဲ ဟဲဟဲ"

သူတို့စကားအဆုံးတွင် ဖြူဦးကို လှမ်း၍ မေးလိုက်သည်။

"ဟိတ်ကောင်မလေး။ ဘာဝယ်မလို့တုန်း။ လာလေ"

"ကြက်သွန်အနီက တစ်ပုံဘယ်လောက်တုန်း အစ်မ"

"တစ်ပုံတစ်မတ်။ ဘယ်နှစ်ပုံလဲ"

"တစ်ပုံထဲပါ။ ကြက်သွန်ဖြူလဲ တစ်မတ်ဖိုးပေးပါ"

ဖြူဦးသည် မရဲတရဲနှင့် ဆက်၍ပြောလိုက်သည်။

"ချင်းစိမ်းတော့ ကျွန်မကို ဆယ်ပြားဖိုးပေးပါ"

"ဟဲ့–ဆယ်ပြားဖိုးတော့ မရောင်းဘူး။ ဒါပေမယ့် နင့်ကိုတော့ သေးသေးလေးတစ်တက် ရောင်းလိုက်မယ်ယူမှာလား"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဖြူဦးသည် လျှင်မြန်စွာ ခေါင်းညိတ်လိုက်ပြီး ပိုက်ဆံပြားခြောက်ဆယ်ကို နှစ်ခါလောက် ထပ်ခါထပ်ခါရေပြီး ကြက်သွန်သည်မိန်းမအား ပေးလိုက်သည်။ ထို့နောက် ဆန်ဝယ်ရန် ငါးတန်းဘက်ကို ဖြတ်လျှောက်လာစဉ်–

"ကဲ–ဒီဘက်က ပုစွန်တွေ ပေါတယ်တော့"

နောက်တစ်ယောက်က–

"ဆလားဗီးယားတွေလတ်တယ်။ ပြန့်ချင်လို့ လျှော့ရောင်းနေတာ လာကြလာကြ"ဟု ခေါ်နေသည်။





ထိုအချိန်တွင် အသက်ကြီးကြီး အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။ သူ့ခေါင်းပေါ်တွင် ရေစစ်တွေ တစ်ထပ်ကြီး မှောက်ဘင်ထားလျက် လည်ပင်းတွင် ကြိုးနှင့်ချည်ထားသော ဗန်းတစ်ချပ်ကို ဆွဲထားသည်။ ထိုဗန်းထဲတွင် အပ်ချည်လုံး။ အပ်ချိတ်။ ပရုပ်လုံး။ ဆံညှပ်။ သနပ်ခါးမှုန့်။ မိတ်ကပ်ဘူးသေးသေးလေးတွေနှင့် ယောက်ျားအသုံးအဆောင်ပစ္စည်းတွေ။ မိန်းမအသုံးအဆောင်ပစ္စည်းတွေ စသဖြင့် စုံလင်စွာ ထည့်ထားသည်။ လက်ထဲတွင်ကား ရုပ်ရှင်စာစောင်။ ရွှေသွေး။ တေဇ။ လုပသည့် စာစောင်မျိုးစုံကို ကိုင်ကာ–

"ဟောဟော ဒီမှာ ကောင်မလေးက ကောင်လေးလက်ကို ဆွဲလို့ ဘာလုပ်နေကြတာလဲ မသိဘူး။ သိချင်ရင်ဝယ်ဖတ် ငွားရင်ဘစ်ကျပ်။ ဝယ်ရင်တစ်ကျပ်ခွဲ။ လိုချင်ရင်ဝယ်ထား ပရုတ်လုံးပါတယ်။ အပ်ချည်လုံးပါတယ်။ အပ်ချိတ်ပါတယ်။ ခေါင်းပေါ်ကတော့ မြင်တဲ့အတိုင်းပဲ။ ဝယ်ထား။ ဝယ်ထား။ အရေးကြီးတာက ဈေးကြီးသွားမယ်"

စသည်ဖြင့် မမောနိုင် မပန်းနိုင် အော်၍အော်၍ ရောင်းနေသည်။ ဖြူဦးကတော့ မြေကြီးပေါ် ပုဆိုးခင်းပြီး ပုဆိုးပေါ်တွင် ဆန်ပုံရောင်းသော ဆန်သည်အနားသို့ ရောက်နေလေပြီ။ သောနားတွင် ဆန်ဝယ်သော မိန်းမကြီးတစ်ယောက်အား–

"အဒေါ် ကျွန်မကို ငစိန်ဆန် နို့ဆီဘူးနှစ်လုံးလောက် ဝယ်ပေးစမ်းပါနော်။ ကျွန်မဘာသာဝယ်ရင် ဘူးမပြည့်မှာ စိုးလို့ပါ"

ဟုဆိုကာ ဝယ်ခိုင်းလေသည်။ ဆန်ဖိုးက တစ်ကျပ်ပေးလိုက်ရသည်။ ဖြူဦးသည် လက်ထဲတွင်ကျန်သော ပိုက်ဆံများကို–

"ဆယ်ပြား။ ပြားနှစ်ဆယ်။ တစ်မတ်။ ဒီဟာက သုံးကျပ်။ ကိုက်တယ်။ ကိုက်တယ်။ ဒီဆယ်ပြားက ငါ ကောက်ရတာ"ဟု ဆိုရင်း ဈေးဆုံးသည့်နေရာထိ လျှောက်သွားသည်။ ထိုစဉ် နံ့ပင်တစ်စည်း မည်သူ ကျကျန်ခဲ့သည်မသိ။ ဖြူဦး မြင်တွေ့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကောက်က လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်လေသည်။ ထို့နောက် ဈေးတန်းကို ကွေ့ကာ ဟင်းသီးဟင်းရွက် ရောင်းသည့်ဘက်သို့ ပြန်လှည့်လာကာ ငရုတ်သီးစိမ့် ထုပ်ကလေးများကို ဝယ်သည်။

"အဲဒီ ငရုပ်သီးက တစ်ထုပ် ဘယ်လောက်တုန်း"

"သုံးဆယ့်ငါးပြား"

"ဟိတ်ကောင်မလေး။ ဒီမယ် ဈေးရောင်းစားလာတာ အသက်ပဲ နှစ်ဆယ်ကျော်နေပြီ။ ဘယ့်နယ်တော် ကြိုက်ရင်ဝယ်။ မကြိုက်ရင် မဝယ်နဲ့။ ဒါ ငါးစိမ်းတန်း မဟုတ်ဘူး"

"ရှင် ဟုတ်ကဲ့ပါ ရှေ့ရှေ့ သုံးဆယ့်ငါးပြား။ ဒီမှာနော်။ တစ်ထုပ်ထဲ"ဟု ဆိုကာ ခပ်ကြောက်ကြောက်ဖြင့် ခြေလှမ်းသွက်သွက်ဖြင့် ရှေ့သို့ ထွက်လာခဲ့၏။ ဒါကိုပင် ဟင်းရွက်သည် မိန်းမ၏ အော်ကာပြောလိုက်သော အသံကို ဖြူဉ မပီတပီ ကြားလိုက်သဖြင့်–

"ဟုတ်တယ်။ ကလေးတွေလာဝယ်ရင် ကလေးပဲဆိုပြီးလို့ မျက်နှာသာမပေးရဘူး၊ အဲဒီကလေးတွေ လစ်ရင်လစ်သလို..."

ဖြူဉ ရင်ထဲတွင် ဒိန်းကနဲဖြစ်ပြီး ဒေါသထောင်းကနဲထကာ မျက်နှာလေး နီရဲလာသည်။ ဝယ်လာခဲ့သော ငရုတ်သီးစိမ်းထုပ်ကြီး ကို လွှင့်ပစ်ချင်သည်။ ဒီမိန်းမကြီးကို ပြန်၍ အော်ဟစ်ချင်သည်။ သို့သော် အချိန်ကြာမည်။ ကြောက်လည်းကြောက်သည်။ ငရုတ်သီး စိမ်း မပါလျှင် ဘွားဘွားက နားညည်းအောင် ဗျစ်တောက်ဗျစ်တောက် နှင့် ပြောကာ ခေါင်းခေါက်မည်ကိုလည်း ကြောက်ရသေးသည်။ စိတ်ကို လျှော့လိုက်သည်။ ဟိုဟိုသည်သည် အကြာကြီးရှာမနေ တော့။ တွေ့သောအသည်ဆီကသာ အဘွားမှာလိုက်သည်တို့ကို ၁၀ မျိုးပြည့်အောင် ဝယ်။

အိမ်ပြန်ခါနီးတွင် ဖြူဉသည် အိမ်ဘေးမှ အဒေါ်ကြီးမှာလိုက် သော မန်ကျည်းမှည့်ဝယ်ရန် သတိရသဖြင့် လက်ထဲတွင်ရှိသော ပိုက်ဆံကို ကြည့်လိုက်သည်။ တစ်မတ်သာ ကျန်တော့သဖြင့်





မန်ကျည်းမှည့်ကိုသာ ဝယ်ခဲ့ရ၏။ သူ့ ကောက်ရသော ဆယ်ပြား လည်း ဈေးဝယ်သည့်အထဲ စိုက်ခဲ့ရသည်။ ဘွားဘွားထံ ပြန်တောင်းဖို့ ကလည်း မလွယ်လှ၊ ဖြူဉသည် ရေခဲရေမပြောနှင့် ရေပင် မသောက်ခဲ့ရဘဲ အိမ်သို့ ပြန်ရလေသည်။

စိန်စိန်ဦး

❒



www.burmeseclassic.com

www.burmeseclassic.com

# အဝယ်တော်



## အဝယ်တော်

"ဒုန်း...ဒုန်း...ဒုန်း"

"ဟဲ့...ဖြူဥ ဖြူဥရေ။ အောင်မယ်လေးတော် နေဖင်ထိုးအောင် အိပ်တယ်ပဲ ကြားဖူးပါတယ်။ တစ်ကိုယ်လုံး နေပူနေတာတောင် မထသေးဘူး။ ညကလဲ အစောကြီးအိပ်တယ်။ မနက်ကျတော့လဲ နောက်ကျမှ ထတယ်။ လွန်ကို လွန်လွန်းပါတယ်တော်"

အိမ်ပေါ်ထပ်မှာ အိပ်နေသော ဖြူဥအား အဘွားက အောက်မှနေ၍ ကြမ်းပြင်ကို ဝါးလုံးနှင့် တဒုန်းဒုန်းထိုးကာ အော်ဟစ်နေခြင်းဖြစ်ပါသည်။ ဖြူဥသည်ကား သတိရ၍မမဟုတ်။ သတိရလျက်အပြင်း ထူနေခြင်းသာ ဖြစ်သည်။ ဖြူဥ ခြင်ထောင်ကို ဖြုတ်ကာလုံးထွေးပြီး ကြိုးတန်းပေါ်သို့ တင်လိုက်သည်။ ဆောင်ကိုခြထောက်နှင့် ပိတ်ကန်ကာ ဝုန်းဝုန်းဒိုင်းဒိုင်းဖြင့် အောက်သို့ပြေးဆင်းလာ၏။ ထို့နောက် ရေစဉ့်အိုးကို ငေးနေသည်ကအတော်ကြာသည်။ အတန်ကြာလျှင် ရေခွက်ကို စဉ့်အိုးထဲသို့ ပစ်ထည့်ပြီး မတ်တပ်ရပ်ကာ ဝတ်ထားသော ဘောင်းဘီအိုအပေါ်ဆွဲတင်၏။ အင်္ကျီကို အောက်သို့ ဆွဲချသည်။

ဖြူဥ၏ အမူအရာကို ကြည့်ကာ အဘွားက စိတ်မရှည်။

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခေါင်းကို ခေါက်ကနဲမြည်အောင် ခေါက်လိုက်၏။ ဖြူဥ စိတ်တိုသွားကာ နှုတ်ခမ်းစူထွက်လာ၏။ မျက်မှောင်ကို ကုတ်ထားကာ အဘွားကို "ဂျိ"ကြည့် ကြည့်ပြီး–

"အင်း...ခိုင်းလဲခိုင်းဦးမယ်။ လုပ်လဲ လုပ်သေးတယ်။ ဘိုးဘိုး အလုပ်ပြန်လာရင် တိုင်ပြောမယ် ဟင်း"

"အောင်မယ်...မယ်...မယ်... ကိုယ်လုပ်တာကိုတော့ ထည့်မတွက်ဘူး။ ကလေးနဲ့မလိုက်အောင် အပြင်းကဲလဲ ကြီးပါပေ့"

ဖြူဥ ဘာမှ ပြန်မပြောတော့။ မီးဖိုဘေးတွင် ထိုင်နေသော ဒေါ်ဒေါ်လေးဆီသွားကာ ရှေ့သို့ရောက်လျှင် လက်ဝါးဖြန့်၏။ အဒေါ်က ပိုက်ဆံငါးကျပ်နှင့် ချိုင့်ကို လက်ထဲ ထည့်ပေး၏။ ဖြူဥ ပို၍ စိတ်တိုလာကာ...

"ဟိုနေ့က အကြွေးတွေကရော..."

"နောက်တော့ပေးမယ်လို့ ပြောလိုက်"

"ဒါပဲ အိမ်ထဲမှာနေပြီး ဟိုအကြွေးခံခိုင်း ဒီအကြွေးခံခိုင်းနဲ့။ တောင်းတော့ မပေးချင်ဘူး။ ဟိုကပြောရင် ဖြူဥကိုပဲ ပြောမှာ။ သိလဲမသိဘဲနဲ့"

"မုန့်ကြွပ်တစ်ခုပါ ယူခဲ့ဦး။ ဟိုကျန်တဲ့အကြွေးနဲ့ ပေါင်း ပေးမယ်လို့ ပြောလိုက်"

"မယူဘူးအေ မယူဘူး။ စားချင်ရင် ဟိုဟာကိုယ် သွား ဝယ်ကြ။ မဝယ်ချင်ရင် မစားနဲ့။ ဘာမှန်းလဲမသိဘူး။ အကြွေးက ခိုင်းသေး"

ဒေါ်လေးသည် ဘာမှ ပြန်မပြော။

ငြိမ်၍ နေလိုက်၏။ အဘွားကတော့ ဆေးလိပ် မီးညှိနေသည်။ အဘွား၏ဘေးတွင် ယပ်တောင်ရိုးရှိနေသည်ကို ဖြူဥ မသိ။ ဖြူဥသိသည်က ဂျစ်ကပ်ကပ် ကလန်ကဆန်လုပ်ဖို့။ ဖြူဥ





သက်ထဲက ချိုင့်ကို အောက်သို့ချကာ ခြေထောက်နှင့် ပိတ်ကန် လိုက်သည်။

"ဂလွမ် ဂလွမ် ဒေါင်"

ချိုင့်သည် နှစ်လိမ့်မျှလိမ့်ပြီး ကျောက်ခဲနှင့် တိုက်မိကာ ရပ်သွား၏။ ဖြူဥနောက်ထပ် ထပ်ကန်၏။

"ဂလွမ် ဂလွမ် ဂလွမ် ဂလွမ်"

ချိုင့်က အိမ်ဝင်းပြင်သို့ ချီတက်သွားလေပြီ။ ဖြူဥ နောက်သို့ လှည့်မကြည့်၊ ချိုင့်ရှိရာသို့ တည့်တည့်မတ်မတ်သွား၏။ ချိုင့်က အိမ်ဘေးတွင် ရောင်းသော အကြော်ဆိုင်နံဘေးတွင် တည်ရှိနေ၏။ ဖြူဥ နောက်ထပ် ကန်မည်အလုပ် အကြော်ဆိုင်တွင်ထိုင်သော မိန်းမကြီးများက–

"လိုက်လာကြပြီ လိုက်လာကြပြီ"ဟု ပြောသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်၏။ လက်ထဲတွင် ယပ်တောင်ရိုး ကိုင်ထားသော ဖြူဥဆီသို့ လာနေသော အဘွားကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ချိုင့်ကို ကောက်ကိုင်ကာ ဆောင့်ဆောင့်နှင့် ဖြူဥ ပြေးသွားလေတော့သည်။ အိမ်နီးနားချင်းတွေကတော့ ဖြူဥ အကြောင်း သိပြီးသားမို့ ရယ်နေကြ၏။ အချို့က ဖြူဥကို ကြည့်ကာ ပြုံး၏။ အချို့က ဖြူဥကိုကြည့်ကာ အလွန်ဆိုးသော ကောင်မလေးဟု ဆို၏။ ဈေးဝယ်ရန် ဈေးသို့ သွားနေဟန်တူသော မိန်းမကြီးများကတော့ ခေါင်းလေးတွေ စောင်းငဲ့ကာ ကြည့်သွား သည်။

ဖြူဥကတော့ ဘယ်သူကြည့်ကြည့်မကြည့်ကြည့် ဂရုမစိုက် အား။ ရွာလယ်ရှိ မုန့်ပစ်သလက်ဆိုင်ရှေ့အရောက်တွင် မုန့်ရောင်း သော အဒေါ်ကြီးက–

"ဟဲ့ဖြူဥ...မနေ့က ယူထားတဲ့ မုန့်ပစ်သလက်ဖိုး တောင်း ခဲ့ဦးနော်"ဟု အော်လေသည်။ ဆိုင်ဘေးတွင် လူတွေအုံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဥကတော့ ဘာမျှ ပြန်မပြော။ မျက်စောင်းထိုးကြည့်ကာ ဆက်လာခဲ့၏။ နောက်တစ်ခါ ဒေါ်မယ်မဆိုင်ရှေ့ အရောက်တွင် ကြက်ဥဖိုးပေးရန် သတိရလာပြန်သည်။ ဆိုင်တွင်းသို့ လှမ်းကြည့်လိုက်၏။ ဒေါ်မယ်မ ဟိုဘက်က တောင်းတွေ ဒီဘက်ရွှေ့။ ဒီဘက်က တောင်းတွေ ဟိုဘက်ရွှေ့နှင့် အလုပ်ရှုပ်နေ၏။ ဖြူဥ မသိချင်ယောင်ဆောင်ပြီး ခပ်မြန်မြန်ထွက်လာခဲ့သည်။

ဖြူဥ ဝယ်သော လက်ဖက်ရည်ဆိုင်နှင့် နေသောအိမ်အကြားတွင်ကား အိမ်နှစ်ဆယ်မျှ ကွာခြားသည်။ ထိုထဲတွင် တိုက်အိမ်နှစ်လုံး ပါ၏။ တိုက်နှစ်လုံးကြားတွင် ရေပုပ်မြောင်းကြီး ရှိပြီး ရွာထိပ်မှာ နွားခြံတစ်ခု ရှိသည်။ နွားခြံရှေ့ ရောက်လျှင် ဖြူဥ ခြေထောက်ကို ဆောင့်အောင့်၍ မသွားရဲတော့ပါ။ ထိုနွားခြံတွင် အလွန် အင်မတန် အကိုက်သန်သော ခွေးပိန်တစ်ကောင်ရှိ၍ ဖြစ်ပါသည်။ ထိုခွေးကိုတော့ ဖြူဥ ကြောက်၏။ ခြေထောက်ကို ဖွကာ ခပ်မြန်မြန် လျှောက်၏။ ပြေးလည်းမပြေးရဲ။ ထိုထဲမှပင် ခွေးပိန်က ဘယ်လိုဘယ်လို မြင်သည်မသိ။ နောက်မှ အသံမပေး ဘာမပေးနှင့် ပြေးလာသည်။ ဤသည်ကိုမြင်သော ဖြူဥကား...

"အောင်မယ်လေး လုပ်ကြပါဦး ခွေးလိုက်ဆွဲနေတယ်"ဟု အသံပြဲကြီးနှင့်အော်ကာ တအားကုန် ပြေးတော့သည်။

လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ လေးငါးယောက် နောက်တွင် တန်းစီရလေသည်။ ဖြူဥသည် သဘောကောင်းသလောက် အလွန် စိတ်တိုသည်။ မိမိရှေ့ လူဘယ်နှစ်ယောက်ရှိသလဲဟု ခဏခဏလှမ်းကြည့်ရသည်က အမော။ ခေါင်းကို ဗျစ်ဗျစ်ပါအောင် ကုတ်၍ နှုတ်ခမ်းစူကာ စောင့်နေလိုက်သည်။

ပိုက်ဆံပေးရမည့်နေရာသို့ ရောက်သောအခါ ပိုက်ဆံကို ထိုးပေးလိုက်ပြီး–

"လက်ဖက်ရည်တစ်ခွက်။ မုန့်ကြွပ်တစ်ခု"





"ဟ...ပိုက်ဆံက လိုသေးတယ်လေ"

"ဟိုရက်က ကျန်တာရယ်။ အခုယူတာရယ်။ နောက်ရက်ကျ ပေါင်းပေးမယ်"

ဖြူဥကို သေချာစွာ ကြည့်လိုက်ပြီး–

"နောက်ရက်တော့ အရင်ပိုက်ဆံတွေပါ တောင်းခဲ့နော်"ဟု ပြောကာ မုန့်ကြွပ်တစ်ခုနှင့် တံကင်တစ်ခု ပေးလိုက်၏။ လက်ဖက်ရည်ဖျော်ခုံနားရောက်သော် ချိုင့်နှင့် တံကင်ကို ထိုးပေးရင်း–

"ချိုချိုလေး နို့ဆီများများ အဖန်ရေများများ နွားနို့လည်း ထည့်ပေးပါ"

လက်ဖက်ရည်ဖျော်သော ဦးလေးကြီးက သူ့ထုံးစံအတိုင်း ဖျော်ကာ ဖြူဥ ချိုင့်ထဲ လောင်းထည့်ပေးလိုက်သည်။

အပြန်တွင် ဖြူဥသည် ရွာနောက်လမ်းမှ ပြန်ခဲ့သည်။ ထိုလမ်းမှာ ညစ်ပတ်၏။ အရပ်ထဲတွင်နေသော အိမ်များမှ ပစ်သော အမှိုက်များ။ အမှိုက်ကားများမှ လာရောက် သွန်ချထားသော အမှိုက်များကြောင့် ရှုပ်ပွန်းစော်နေပြီး ကောက်ကွေးနေသော လမ်းဖြစ်၏။ ဤလမ်းက လူသွားလူလာ နည်း၏။ ဖြူဥသည် အကြွေးဝယ်ခဲ့သော မုန့်ကြွပ်အပေါ်မှ အညိုရောင်တင်နေသည်များကို ရှေ့သွားများနှင့် ကိုက်ပြီး တဖြည်းဖြည်းချင်း ဝါးစားလာသည်။

စားရင်းစားရင်း မတင်းတိမ်နိုင်သောကြောင့် မုန့်ကြွပ်ကို ဘေးပတ်ပတ်လည်မှ ကိုက်၍ကိုက်၍ စားလာသည်မှာ အဝိုင်းသေးသေးသာ ကျန်တော့သည်။ အိမ်နှင့် မနီးမဝေးနေရာသို့ ရောက်ရှိလာသောအခါ လက်ထဲရှိ မုန့်ကြွပ်ကို ချိုင့်ထဲသို့ ထည့်လိုက်ပြီး၏။

ဖြူဥသည် မိမိဘာမှ မလုပ်ခဲ့သည့် ပုံစံဖြင့် အိမ်ဝင်းအတွင်းသို့ လိမ်ဖယ်လိမ်ဖယ်နှင့် ဝင်လာခဲ့သည်။ ချိုင့်ကို စားပွဲပေါ်တင်လိုက်သည်။ မသိမသာနှင့် ဘေးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အဘွားသည် ဆေးလိပ်တိုကို နှစ်ဖွာလောက်ဖွာကာ မတ်ခွက်ကိုကိုင်ကာ စားပွဲဆီသို့ လျှောက်လှမ်း၍ လာနေသည်။ အခုအချိန်ဆိုလျှင် ဖြူဥအဒေါ်လေးမှာ မှန်တင်ခုံရှေ့ အလှပြင်နေလောက်ပေပြီ။ ဖြူဥသည် အိမ်သာဆီသို့ ခပ်သွက်သွက်လျှောက်ကာ အိမ်သာထဲတွင် ထိုင်နေလိုက်၏။ အပြင်မှ အဘွား၏ တဗျစ်တောက်တောက် ရေရွတ်သံကိုမူ အတိုင်းသား ကြားနေရသည်။

"မှန်ကြွပ်ကို ချိုင့်ထဲ မထည့်ခဲ့ပါနဲ့လို့ ဝယ်တိုင်း ပြောတယ်။ အတန်တန်ပြောတဲ့ ကြားထဲကကိုပဲ ဒီလိုချည်း လုပ်လုပ်လာတယ်"

အဘွား မည်မျှပင် ပြောစေကာမူ ဖြူဥသည် နှာခေါင်းကို လက်နှင့်ပတ်ပြီး ဆက်၍ ထိုင်နေ၏။ အလှပြင်ပြီးသော ဒေါ်လေးသည် အိမ်သာရှေ့မှ လာအော်လေပြီ။

"ဟဲ့-ဖြူဥ မပြီးသေးဘူးလား။ မြန်မြန်လုပ် ငါနဲ့ ဈေးလိုက်ခဲ့ဦး"

ဖြူဥ အိမ်သာပေါ်မှဆင်းလာ၍ ဒေါ်လေးအား မျက်စောင်းထိုးကြည့်ကာ လက်ဆွဲခြင်းကို ဆွဲယူလိုက်သည်။

စိန်စိန်ဦး

❑



www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်မိ



## ဒေါ်မိ

ဖြူဖြူသည် ဆရာမ ဒေါ်မိကို အလွန် မုန်းပါသည်။ ဒေါ်မိသည် ဖြူဖြူကို နေ့တိုင်း စာမေးသည်။ ဖြူဖြူကလည်း နေ့တိုင်းမရ။ ထို့ကြောင့် ဒေါ်မိက ဖြူဖြူကို နေ့တိုင်းရိုက်သည်။ စာမေးပွဲများ ဖြေပြီးသော နောက်ဆုံးနေ့က ဒေါ်မိက ကျောင်းအပေါက်ဝမှာ ရပ်နေသည်။ ဖြူဖြူက မျက်မှောင်ကို ကုတ်ကာ နှုတ်ခမ်းကိုစူ၍ ဆရာမဒေါ်မိ ရှေ့မှ ဖြတ်လျှောက်ထွက်ခဲ့သောအခါ ဆရာမ ဒေါ်မိက ပြုံး၍ ကြည့်နေသည်။

စာမေးပွဲများပြီး၍ နွေကျောင်း နှစ်လခွဲပိတ်သောအခါ ဖြူဖြူတစ်ယောက် ဖြောင်းဆန်အောင် ဆော့လေတော့သည်။ ဆော့ရန် အဖော်များ မရှိပါက မေမေ့ထံမှ မုန့်ဖိုးတောင်းမည်။ မုန့်ဝယ် စားမည်။ ယခုလည်း ဖြူဖြူ ပြင်းနေသည်။ ကစားရန် အဖော်လည်း မရှိ။ တစ်ယောက်တည်းက ဘယ်လို ကစားရမှန်းလည်း မသိ၊ ထို့ကြောင့် သူ့မေမေ့နား ကပ်သွားကာ–

"မေမေ မိန့်ဖိုးပေး"

"သမီးမမဆီ သွားတောင်းချည်"

"မမနီရေ မိဖြူကို မုန့်ဖိုးပေးလိုက်တဲ့ မုန့်။ ဟိုမယ်



www.burmeseclassic.com

www.burmeseclassic.com



မယုံရင် မေမေ့ကို မေးကြည့်ပါလား"

"ဒါပဲ မုန့်စားဖို့နဲ့ ကစားဖို့လောက်ပဲ တတ်တယ်"

"ဒီအရွယ်က မုန့်စားတဲ့အရွယ်နဲ့ ကစားတဲ့အရွယ်ပဲဟာ"

"လျှာမရှည်နဲ့ ရော့တစ်ကျပ်"

ဖြူဥသည် ပိုက်ဆံတစ်ကျပ်ကို ယူ၍ မုန့်ဆိုင်သို့ ထွက်ခဲ့သည်။ မုန့်ဆိုင်သွားရာလမ်းတွင် ကွင်းကျယ်ကြီးတစ်ခု ရှိပြီး ထိုကွင်းကျယ်ကြီးထဲတွင် ကလေးများ ကစားလေ့ရှိသည်။ ဖြူဥ ဖြတ်လာစဉ် ကွင်းကျယ်ကြီးထဲမှာ ထုပ်စီးတိုးရင်း ရန်ဖြစ်နေသော ကလေးငယ်တစ်စုကို ဖြူဥ မြင်ရလေသည်။ ဖြူဥသည် မုန့်ဆိုင်သို့ ဆက်မသွားဘဲ ရန်ဖြစ်နေတာ သေချာရဲ့လားလို့ ထိုင်ကြည့်လေ၏။ တစ်ယောက်နှင့်တစ်ယောက် ခုန်ပေါက်ဟစ်ကာ ရန်ဖြစ်နေတာ သေချာလည်း သေချာရော ဖြူဥသည် ရန်ဖြစ်သော နေရာသို့ ဒုန်းစိုင်း ပြေးလေပြီ။

ဖြူဥသည် ရန်ဖြစ်နေသည်ကို ခဏမျှ ရပ်ကြည့်နေပြီးမှ လှမ်း၍ မေးလိုက်သည်။

"နင်တို့ ဘာက စဖြစ်ကြတာတုန်း"

"မဟုတ်ပါဘူး ဖြူဥရယ်။ ငါက ဌေးဌေးတို့ဘက်က ကောင်မ ထိလိုက်ပါတယ်ဆိုတာကို ဌေးဌေးက သူလဲမမြင်ဘဲနဲ့ အတင်းငြင်းတယ်လေ။ မထိဘူးဆိုပြီး ကဲ"

"အောင်မယ် အောင်မယ် ဖြူဥ နင် အေးအေးပြောတာ ယုံသလား။ မယုံနဲ့။ အေးအေးညစ်ပတ်အိုးဆိုတာ ဖြူဥ သိတယ် မဟုတ်လား။ ခု ဆော့ကစားပြီးလို့ အိမ်ပြန်ရင်လည်း ရေချိုးမှာ မဟုတ်ဘူး။ အဲသလောက်ညစ်ပတ်တာ"

ဖြူဥသည် အေးအေးနှင့်ဌေးဌေးကြားမှာ ရပ်ကာ ဟိုဘက်ကြည့်လိုက်။ ဒီဘက်ကြည့်လိုက်နှင့်။ အခြားကလေးများက ဖြူဥကို ဝိုင်းကြည့်နေကြသည်။





အေးအေးသည် ဖြူဥကို တစ်ချက် လှမ်းကြည့်လိုက်ပြီး–

"ဟော့...ဒီမယ်ဌေးဌေး။ အဲသလို လာမပြောနဲ့နော်။ အေးအေးတို့ကသာ နာမည်သာအေးတာ။ လူက အေးမယ်များ ထင်နေသလား"

"ဒါဖြင့်ရင် ဟော့ကောင်မ မိအေး။ နင်နဲ့ငါ ချမလား"

"ချတော့မချချင်ဘူး။ နင်နဲ့အပြိုင်ငြင်းမယ့် နိုင်တဲ့လူ ဆက်တိုး၊ ဒါပဲ"

"ငြင်းမယ်"

"ငါကတော့ မငြင်းဘူး။ ငါ့ဘက်က ဖြူဥ အငြင်းခိုင်းမှာ ငြင်းရဲလား"

"ဟော့ ဌေးဌေးတို့က စိန်ခေါ်ရင် မိုးပေါ်ထိတောင် တက်လိုက်မယ် မှတ်ထား"

အေးအေးသည် ဖြူဥဘက် လှည့်ကာ–

"ဖြူဥ ငါ့ကို ငြင်းပေးပါလား။ နင့်ကို မုန့်ကျွေးမယ်"

"နင့်မှာ ပိုက်ဆံရှိလို့လား"

"ရှိတယ် ဒီမယ်"

အေးအေးက ငါးမူးတန်ကို ထုတ်ပြသည်။

"ငါးမူးတည်းရယ်။ နင် ငါ့အကုန်ပေးမှာလား"

"အကုန်တော့ မယူပါနဲ့ဟာ။ ဒီ ငါးမူးနဲ့ မုန့်ဝယ်လေ။ ငါ့ကိုလဲ နည်းနည်းကျွေး"

"ဒါဖြင့် အဲဒီငါးမူး ငါ့ကိုပေးထား"

"ရော့"

"ငါက ပိုက်ဆံလိုချင်လို့ မဟုတ်ဘူး။ နင် ရှုံးမယ်မှန်း သိလို့ နင့်ဘက်က ဝင်ငြင်းပေးတာ"

"အေးပါဟာ"

ဖြူဥက အေးအေးထံမှ ရသော ငါးမူးတန်ကို သူ့ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ကျပ်တန်နှင့်ရော၍ ကိုင်လိုက်ပြီး ဆော့ကစားပွဲတွင် သူလည်းမပါ။ သူနှင့်လည်းမဆိုင်။ ဘုမသိဘမသိနှင့် ပိုက်ဆံ ရသည်ကို ကြည့်ပြီး ဖြူဥ လှုမိုက်လုပ်လေတော့သည်။

ဖြူဥသည် ဋ္ဌေးဋ္ဌေးဘက်သို့ မျက်နှာကို လှည့်ကာ မျက်နှာထားတင်းတင်းနှင့် တောင့်တောင့်ကြီးရပ်ပြီး လက်နှစ်ဖက် ကို ခါးရှင် ထောက်ခါ ဖြူဥ စ၍ ပြောလေတော့သည်။

"ဒီမယ် ဋ္ဌေးဋ္ဌေး။ မဟုတ်မခံဆိုတာ နင် ကြားဖူးတယ် မဟုတ်လား။ အေး ဖြူဥတို့က ခံမယ့်မျိုးအစား မှတ်နေလား။ အမြဲ မှန်တဲ့ဘက်က ရပ်တည်တယ်၊ မှန်တာကိုပြောတယ်။ မှန်တာကို လုပ်တယ်ဆိုတာ မြဲမြဲမှတ်ထား။ အမြဲတမ်း လိမ်မပြောဘူး။ တစ်ခါတလေမှ ပြောတာ။ မဟုတ်ရင်လဲ မခံဘူး။ ထွက်ပြေးတာ ကဲ–ခုလဲ အေးအေးမှန်တယ်။ နင်မှားတယ်။ နင် ငါ့ကို ဘာမှ ပြန်မပြောနဲ့ မကြားချင်ဘူး"

ဖြူဥက ခုန်ဆွခုန်ဆွလုပ်ရင်း အော်သည်။

"ဖြူဥ နင်ညစ်ပတ်တဲ့ဘက် ဝင်မပါနဲ့။ နင်ပါ ညစ်ပတ် တာ ဖြစ်လိမ့်မယ်"

"ဘာညစ်ပတ်ရမှာလဲ၊ ဘာညစ်ပတ်ရမှာလဲ။ ငါတို့က ပိန်ပိန်လေး။ နင်ကသာ ဝလို့ ငါတို့ထက် ပိုညစ်ပတ်တာ"

"ဟာ ဟ မဆိုင်လိုက်တာ"

"ဘာလို့မဆိုင်ရမှာလဲ ဆိုင်တယ် ဆိုင်တယ်။ နင်က ဝလို့ ဗိုက်ထဲမှာ ချေးတွေ ပိုများတာပေါ့။ ဆိုင်တယ်။ ကဲ–သိပြီလား"

ဋ္ဌေးဋ္ဌေးမှာ ဘာပြန်ပြောရမှန်းမသိ။

ထို့ကြောင့်–

"လုပ်မနေနဲ့ ဒီမှာ ဖြူဥရော။ အေးအေးရော နှစ်ယောက်လုံး ပေးတယ် ချမလား"

"အေးချမယ်။ အေးအေး နင် ဋ္ဌေးဋ္ဌေးကို ကြောက်သလား"





"မကြောက်ပါဘူး။ ဘာလို့ ကြောက်ရမတုန်း"

"ဒါဖြင့်ရင် ချပဟာ။ အေးအေးကိုထိရင် ဖြူဥ မခံဘူး"

"တကယ်နော်"

"အေး"

ဋ္ဌေးဋ္ဌေးက အေးအေးကိုလဲထိရော ဖြူဥတစ်ယောက် ပြေး လိုက်သည်မှာ လုံးနေတော့သည်။ ရန်ဖြစ်သံများဆူညံ၍ ကျန်ခဲ့ လေသည်။

ထိုသို့ ရန်ဖြစ်ပြီးကတည်းက ဖြူဥသည် အေးအေးကို မတွေ့အောင် ရှောင်နေခဲ့သည်။ ဋ္ဌေးဋ္ဌေးက ကိုက်လိုက်၍ အေးအေး လက်မောင်းမှာ အနာကြီးဖြစ်သွားသည်ဟုတော့ ကြားရသည်။

"မမလေး ဖြူဥ ရှိလားဟင်"

"ရှိတယ် ရှိတယ်။ ဝင်သွား အိမ်နောက်မယ်"

"ဟုတ်ကဲ့"

အိမ်နောက်သို့ ရောက်သောအခါ–

"ဟယ် အေးအေး နင် တို့အိမ်ကို အလည်လာတာလား ဟင်"

"အေးပေါ့။ နက်ဖြန် အောင်စာရင်းတွေ ထွက်တော့မယ်လေ။ နင် သိလား"

"သိသားပဲ။ ဒါနဲ့ နင့်လက် အမာရွတ်ကြီးက ဘာဖြစ် တာလဲ"

"ဋ္ဌေးဋ္ဌေးနဲ့ ရန်ဖြစ်တုန်းကလေ။ ဖြူဥက ကူလဲလုပ်မပေး ဘူး။ ထွက်ပြေးတာ။ အေးအေး တစ်ယောက်တည်းဆိုတော့ ခံလိုက် ရတာပေါ့"

"ဟာ အဲဒီတုန်းက ဖြူဥပြောသားပဲ။ အေးအေးထိရင် ဖြူဥ မခံဘူးလို့။ နင့်အမာရွတ်ကြီးကို ကြည့်ပြီး စိတ်မကောင်း လိုက်တာ ဟီဟိ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီလို ပြောလိမ့်မယ်ဆိုတာ သိသားပဲ။ နက်ဖြန် အောင်စာရင်းကြည့်ဖို့ လိုက်မှာလား ငါလာ ခေါ်မယ်"

အောင်စာရင်းများ ထွက်လေပြီ။

ဖြူဥတစ်ယောက် စာမေးပွဲကျ၏။ သူငယ်ချင်းတွေ အားလုံး နီးနီး အောင်ကြလေသည်။ ဖြူဥသည် စာမေးပွဲကျသော်လည်း မငို။ ပြုံးရွှင်စွာဖြင့် အိမ်သို့ ပြန်လာသည်။ အိမ်ရောက်သော်လည်း ရယ်ရယ်မောမောပင်။

"ညီမလေး စာမေးပွဲအောင်လား"

"ကျတယ် ကျတယ် ကိုကိုတို့မမတို့ရေ။ ကဲ-သိပြီလား၊ ဟုတ်တယ် မေးချင်နေကြတာပဲ"

"မေမေရေ ယောဒီမှာ ဖြူဥ စာမေးပွဲကျတယ်တဲ့။ ကျတယ် သာ ဆိုတယ် ပြန်လာတာ ပျော်လို့ ငိုလဲမငိုဘူး"

"ဟဲ့ဟုတ်လား။ သူက ငိုလဲမငိုဘူး။ ဝမ်းနည်းပုံလဲ မရဘူး။ ဘယ်လိုဟာမလေးပါလိမ့်။ တော်မငိုပေမယ့် ကျုပ်ကတော့ ငိုရမယ်တော့်။ တစ်နှစ်လုံးကုန်ကျခဲ့တဲ့ ပိုက်ဆံတွေလဲ နှမြောတယ်။ ရှင့်အသက်လဲ တစ်နှစ်ကြီးလာပြီ။ မရှက်ဘူးလား တော်ပြီတော်ပြီ တော့်ကို ကျောင်းက ထုတ်ပစ်မယ်"ဟု ဆိုကာ မေမေ ငိုလေတော့သည်။

သို့ဖြင့် ညရောက်သော်-

"ဟဲ့ အကြီးမတွေ ဖြူဥတစ်ယောက် ညစာလဲ မစားသေးပါလား။ ဘယ်များ ရောက်နေပါလိမ့် ရှာကြစမ်း"

"ဟုတ်တယ်မေမေ။ မနက်က သမီးတို့နဲ့ ထမင်းစားတုန်းကလဲ နည်းနည်းလေး စားရသေးတယ်။ တော်ပြီဆိုပြီး ထထွက်သွားတာ။ သူ့ကို ကျောင်းမထားတော့ဘူးဆိုလို့ ဝမ်းနည်းနေတာနေမှာ။ ကျောင်းပြန်ထားပေးလိုက်ပါ မေမေရယ်။ ခုမှ ငါးတန်းရှိသေးတယ်။ သူ့အသက်ကလဲ ငယ်ပါသေးတယ်"





"ထားတာပေါ့အေ။ သူ့ ရှာစမ်းပါဦး"

ဖြူဥသည် တံခါးချောင်တွင် ကပ်ခါ ငိုနေပါသည်။ ကျောင်းထွက်ရမည်ကိုလည်း ဝမ်းနည်းသည်။ ကျောင်းတက်၍ သူငယ်ချင်းများနှင့် တွေ့ရမည်ကိုလည်း ရှက်ပါသည်။ ပြီးတော့ ဆရာမ ဒေါ်မိက အတန်းထဲဝင်လာကာ နှစ်ကျတွေ ထစမ်းဆိုပြီး ရိုက်မှာကိုလည်း ကြောက်နေသည်။

သို့ဖြင့် ကျောင်းများ ဖွင့်ရက်သို့ ရောက်လာသောအခါ ဖြူဥသည် ကျောင်းသို့ မသွားချင်သွားချင်နှင့် သွားရပြန်လေသည်။ ကျောင်းနားသို့ ရောက်သောအခါ အခြား ကျောင်းသားသစ်လေးများကိုလည်း တွေ့ရသည်။ လေးတန်းအောင်၍ ငါးတန်းသို့ တက်လာသော ကျောင်းသား၊ ကျောင်းသူအသစ်လေးများအား ဖြူဥ သဝန်တိုနေသည်။ ထို့ကြောင့် မျက်မှောင်ကို ကုတ်နေမိသည်။

ကျောင်းနားသို့ရောက်သောအခါ ဘယ်အပေါက်က ဝင်ရမည်လဲဟု ကြည့်ရင်း လူရှင်းသော ဘေးပေါက်မှဝင်ကာ အတန်းထဲသွားပြီး ထိုင်နေကြနေရာမှာ ထိုင်နေလိုက်သည်။ ထိုအချိန်မှာ ဆရာမ ဒေါ်မိနှင့် အောင်သွားသော သူငယ်ချင်းများ အတန်းထဲဝင်လာသည်ကို ဖြူဥ မြင်လိုက်သည်။ ဖြူဥ ခေါင်းကို ငုံ့ထားလိုက်သည်။ သူ ဝမ်းနည်းလာကာ သူ့မျက်လုံးမှ မျက်ရည်များကို ဆရာမဒေါ်မိက ယုယုယယ သုတ်ပေးလိုက်သည်။

ဖြူဥသည် ပို၍ ဝမ်းနည်းသွားကာ ဆရာမဒေါ်မိကို ဖက်ပြီး ရှိုက်၍ရှိုက်၍ ငိုလေတော့သတည်း။

စိန်စိန်ဦး

❑



www.burmeseclassic.com

www.burmeseclassic.com

# ရဟတ်ပေါ်ကလူ



## ရဟတ်ပေါ်ကလူ

ညနေစောင်း လေအဝှေ့တွင် စိမ့်ကနဲ အေးတက်လာပြီး ကြက်သီးခုံတို့ ဖြန်းကနဲ ထသွားသည်။ "အေးလိုက်တာတော်" ဟူ ပါးစပ်မှ တီးတိုးပြောလိုက်ပြီး စခေါင်းတောင်းထဲမှ အနွေးထည်ကို ယူဝတ်လိုက်သည်။ ပြီးတော့–

"လာနော်...ချဉ်ငန်စပ်တွေရမယ်။ အမျိုးမေ့သွားစေရမယ်"

သူ့အော်သံကြောင့် ပွဲဈေးလာသူတချို့ လှည့်ကြည့်သွားကြ၏။ တချို့က ဘာမုန့်ရောင်းသည်ကို သိချင်၍ ရှေ့နားတိုးကပ်၍ ကြည့်သည်။ ဆီးသီး။ ဇွေးသီးတို့ကို ပါးပါးလှီးပြီး ငါးပိ။ ငရုတ်သီးတို့ဖြင့်နယ်ကာ ရောင်းတာပါကလား။

"လာလာ ချိုတယ်။ မွှေးတယ်။ ပူပူလေးတွေ ရမယ်၊ ပြောင်းဖူးဖုတ်တွေနော်"

အလွတ်ရနေ၍ ပါးစပ်က တန်းစီအော်လိုက်ခြင်း ဖြစ်သည်။ ချိုမာမျက်လုံးနှင့် စိတ်အစဉ်တို့က ဖြူဥရှိသည့် နေရာသို့သာ ရောက်နေသည်။

"အဘွား–ဘယ်နှစ်ဖူးရောင်းရပြီလဲ။ မုန့်ဖိုးယူလို့ မရသေးဘူးလား"

စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မီးတွေတဖွားဖွား ပေါက်နေသည်ကို ကြည့်ရင်း မျက်နှာကို နောက်ဆုတ်ကာ မီးညှပ်ဖြင့် ပြောင်းဖူးတစ်ဖက်သို့ လှည့်ပေးလိုက်သည်။

"ပွဲက လူစည်ပြီး ဈေးရောင်းမကောင်းလို့ စိတ်ညစ်ရတဲ့အထဲ ကောင်မလေးက တကျီကျီနဲ့ နားပူလိုက်တာ"

အဘွားက စကားဆုံးသည်နှင့် ပြောင်းဖူးတို့ကို ဗန်းထဲသို့ ဆယ်ထည့်လိုက်သည်။

ချိုမာက—

"အဘွားပဲ ဈေးကူရောင်းပေးရင် မုန့်ဖိုးပေးမယ် ဆိုပြီးတော့"

ဒိုမဲ့မဲ့နှင့် ချိုမာတစ်ယောက် အဘွားနားမှာ မှုန်ကုတ်နေသည်။

"ငိုတော့မငိုလိုက်ပါနဲ့ သမီးရယ်။ ဟိုမှာတွေ့လား လက်ဖက်ရည်ဆိုင် လက်ဖက်ရည်သောက်မယ်။ ထပ်တစ်ရာနဲ့ပဲ စားမယ်။ ပြီးတော့မှ မေမေတို့နဲ့အတူ ရဟတ်စီး။ ဟုတ်ပြီလား"

ရှေ့နေကြီး လင်မယားနှစ်ယောက် ကလေးလက်ဆွဲကာ ချော့မော့ပြောနေသည်ကို ချိုမာ ကြားလိုက်ရသည်။ ဟေးကနဲ အော်သံနှင့်အတူ ရဟတ်ကြီးက အပေါ်သို့ လည်တက်သွား၏။ ဖြူဥ စိတ်တိုလာသည်။ ထိုင်လိုက်ထလိုက်နှင့် ရဟတ်ဆီသို့ ပြေးချင်လေပြီ။

ဖြူဥ ဖက်ရွက်ကို ကန်တော့ထိုးကာ မြေပဲပြုတ်ကို ထည့်လိုက်သည်။ ပြီးတော့ လပ်သွားသောနေရာသို့ အစားထိုးလိုက်၏။

"လျှောက်လဲ မေးမနေနဲ့။ ဖောက်သည်ဈေးတွေနဲ့ ယေလိုက်မယ်။ မွေးမြူရေးကြက်ကလေးတွေ သုံးကောင်မှ ငါးကျပ်ထဲ။ အစာမကျွေးရတဲ့ မွေးမြူရေး ကြက်ကလေးတွေ။ ကလောင်လက်ဆောင် ကလေးလက်ဆောင်"





ပလတ်စတစ် ကြက်ရုပ်ကလေးများကို ရောင်းသော ဈေးသည်ကြီး၏ အသံက ကျယ်လောင်လှသည်။ ပို၍လည်း မှောင်စပြုလာပြီ။ ပွဲဈေးတန်း လမ်းလျှောက်သူတွေလည်း ပို၍ များပြားလာသည်။ မုန့်ဟင်းခါးဆိုင်၊ လက်ဖက်သုပ်ဆိုင် စသည့်ဆိုင်များတွင် ကာလသား ကာလသမီးတွေ အထိုင်များကာ စားကြသောက်ကြ ပျော်ကြပါးကြနှင့် ဆူညံနေသည်။ ဖြူဥ မေမေပင် အရောင်းသွက်နေသည်။

"မေမေ ခဏနေကြရင် သမီးလဲ ရဟတ်စီးမယ်နော်"

ဖြူဥ မေမေက ခေါင်းညိတ်ပြလိုက်သည်။ ပွဲဈေးတန်းတွင် ရဟတ်တစ်ခုတည်းရှိသဖြင့် လူစည်နေသည်။ လူကြီး လူငယ် လူလတ်အားလုံး ရဟတ်စီးကြသည်။ အလွှာစုံ အမျိုးစုံ ပွဲဈေးတန်းသို့ လမ်းလျှောက်ကြသည်။ အိမ်ဘေးမှ ဆရာဝန်ကြီးတို့ မိသားစုလည်း လာသည်။

"ဟင့်အင်း...မစားချင်ဘူး"

"ကဲ...ဒါဖြင့် ဖော့နဲ့လုပ်ထားတဲ့ ကုလားအုပ်လေးတွေ မေမေ ဝယ်ပေးနော်"

"အို...မယူချင်ဘူး။ ရဟတ်စီးမှာပဲ"

ဆရာဝန်ကြီး၏ သမီးမှာ ရဟတ်စီးချင်သဖြင့် ပိုက်ဆံတစ်ကျပ်ကို ကိုင်ကာ ရဟတ်ဆီသို့ ပြေးလေပြီ။ ချိုမာ့ကို ခေါ်မယ်ဟု ပြောထားသည်ကိုလည်း သတိမရတော့။ ချိုမာလည်း အဘွားမသိအောင် ပြောင်းဖူးရောင်းခထဲမှ နှိုက်ကာ ပြေးလာနေ၏။ မီးချောင်းတွေ လင်းထိန်နေသော ရဟတ်ကြီးကား လူအပြည့်။ ရဟတ်ကို လှည့်ပေးသူမှာ ဘောင်းဘီအရှည်ကို အပေါ်သို့ ခေါက်တင်ထားသည်။ ခါးကြားတွင် သူ့ကြက်ပေါင်ဖိနပ်ကို ထိုးထည့်ထား၏။ စွပ်ကျယ်အင်္ကျီအနီပေါ်မှ ရုပ်အင်္ကျီကို စလွယ်သိုင်းကာ ရင်ဘတ်တွင် လုံးထားလိုက်သေးသည်။ ရဟတ်အောက် ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ကောက်သည့် လေးဦးမှာ ပုဆိုးကို တိုတိုဝတ်ထားလိုက်သေးသည်။ ရုပ်အင်္ကျီပေါ်မှ ဝိုက်စကုတ်ကို ရင်ဘတ်ထိရှိအောင် လိပ်တင်ထားပြီး သူ့မျက်မှန် အထူကြီးမှာ နှာခေါင်းပေါ်တွင် ချိတ်နေလေသည်။ လွယ်အိတ်တစ်ခုလုံးကို လည်ပင်းတွင် ချိတ်ထား၍ မျက်မှန်ကိုင်းကို လက်မနှင့် ပင့်တင်ကာ ပါးစပ်မှ အော်လိုက်လေသည်။

"တန်းစီကြပါ...တန်းစီကြပါ အလှည့်ကျ စီးရပါလိမ့်မယ်။ ကျော်မတက်ပါနဲ့ ကိုယ့်အလှည့်ရောက်ရင် စီးရမှာပေါ့။ ဟိုနားက ဘာလို့ ကြားဖြတ်ဝင်တာလဲ"

စကားပင်မဆုံးလိုက် ရဟတ်ကား ရပ်သွားလေပြီ။ အရှင် စီးသူများ ဆင်းလာကုန်၏။ နောက်မှရောက်လာသော သူဌေး ကတော် ဒေါ်လုံသည် သူ့ကလေးများကို အရင်ဆုံး တင်ပေးလိုက် သည်။ အလယ်ခေါင်မှ တန်းစီနေသော ဖြူဥသည် ဘယ်အချိန်က နောက်ဆုံး ရောက်သွားသည်မသိ တစ်ယောက်က ထအော်သည်။

"ပိုက်ဆံပေး စီးတာချင်းအတူတူ မျက်နှာမလိုက်ပါနဲ့"

တစ်ယောက်က ထောက်ခံသည်။

"ဟုတ်တယ်ဗျို့"

စသည်စသည်ဖြင့် တစ်ကျပ်ပေးစီးကာ ရဟတ်ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် ထိုင်ကြ၏။ တချို့ကမူ မိမိချစ်သူနှင့် စုံတွဲ ထိုင်ကြ၏။ တချို့က သားသမီးနှင့်မိခင် အတူ ထိုင်သည်။ ကောင်ကလေးအချင်းချင်း ထိုင်သည်လည်း ရှိပြီး ကောင်မလေး အချင်းချင်း ထိုင်သည်လည်း ရှိကြသည်။ တစ်ဖက်လျှင် နှစ်ယောက်။ မျက်နှာချင်းဆိုင် လေးယောက်ထိုင်ရသည့်နေရာကို ကလေးတွေ ကတော့ တစ်ဖက်သုံးယောက်နှင့် နှစ်ဖက်ခြောက်ယောက် ထိုင် ကြရ၏။ တချို့ ကလေးတွေကတော့ လူများများ ထိုင်ရသည်ကို ပျော်သည်။ တချို့ကလေးတွေကတော့ မကျေနပ်။ ပိုက်ဆံပေးစီး





တာများ အလကားပေးစီးတာကျနေတာပဲ။ နေရာကျယ်ကျယ် ထိုင်ရဘူးဟု ဆို၏။

စိတ်တိုသူ ဒေါသဖြစ်သူ ပျော်တတ်သူ စတတ်နောက်တတ် ပြောင်တတ်သူ လူစုံလှ၏။ ဆင်းရဲသူ။ ချမ်းသာသ။ အဝတ်သစ် ဝတ်ထားသူ အဟောင်းဝတ်ထားသူ။ အနွမ်းဝတ်ထားသူ။ အစုတ် ဝတ်ထားသူ လူတွေ လူတွေ များပြားလှသည်။ ပါးနီ နားနီနှင့် မျက်နှာ ပန်းချီကားဖြစ်နေသော ကောင်မလေးတချို့ ပါသလို သနပ်ခါးကွက်ကြားနှင့် ကောင်မလေးများလည်း ပါသည်။ ဘာမှ ခြယ်သထားခြင်းမရှိသော ကောင်မလေးတွေလည်း ရှိသည်။

ရွှေ့တိုးနောက်ဆုတ် လှုပ်ယမ်းနေသော နည်းနည်းမြင့် တက်လိုက်။ အောက်ပြန်ကျလိုက်နှင့် လူတွေကို ခေါ်ယူတင်ဆောင် ပေးသည်။ ရဟတ်ကြီးကား လူပြည့်သွားလေပြီ။ ရဟတ်ကို အရှိန် ရအောင် လွှဲပေးသည့် ကောင်လေးနှစ်ယောက် သုံးယောက်ရောက် လာပြီး တစ်ယောက်ကမူ သောက်စဆေးလိပ်တိုကို လက်ညှိုးဖြင့် တောက်ထုတ်ကာ ဖနှောင့်နှင့် ပေါက်လိုက်၏။ ပြီးတော့ ပုဆိုးကို ခပ်တိုတို ပြင်ဝတ်လိုက်သည်။ ထိုနောက် ပုခက်တန်းများကို တစ်ခုပြီးတစ်ခု လှမ်းလှမ်း ခိုစီးလိုက်၏။

ရဟတ်ကြီးကား အရှိန်ရ၍ လည်စ ပြုနေလေပြီ။ ရဟတ် ဘေးမှ လည်ပေးသော သူငယ်ပင်လျှင် အတည့်ဖြစ်လိုက် ဇောက်ထိုး ဖြစ်လိုက် ဘေးတိုက်ဖြစ်လိုက်နှင့် ပုံစံအမျိုးမျိုး ဖြစ်နေသည်။ ဖြူဥသည် ထိုင်ခုံဘေးတန်း သံတိုင်ကို လက်တစ်ဖက်ဖြင့် ဆုပ် ကိုင်ကာ ကျန်တစ်ဖက်ကမူ အနီးမှ ထိုင်နေသူ၏ အင်္ကျီစကို ဆုပ်ကိုင်ထားလိုက်မိသည်။

မြေပြင်အထက်နားဆီမှ အားယူ၍ ဝေဟင်သို့ ပျံတက်သွား သော ငှက်တစ်ကောင်ပမာ ဖြူဥ ခံစားလိုက်ရ၏။ ဖြူဥ အထက် အမြင့်ဆုံး ရောက်နေချိန်မှာပင် အကျော်သည်ကြီးသမီး။ ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



သားသမီး။ ရှေ့နေသမီးနှင့် သူ့အမေမှာမူ ဖြူဥအောက်ဖက်။ ဘေးတစ်ဖက်တစ်ချက်မှ ထိုင်ခုံတချို့ တချို့က ဖြူဥနှင့် တည့်တည့် အောက်ဆုံးခုံမှာ ရှိနေကြ၏။ ဖြူဥ ပြုံးလိုက်မိသည်။ သူတို့အားလုံး ငါ့အောက်မှာဟူသော အတွေးဖြင့် ပီတိဖြာဝေသွား၏။

ဖြူဥ ခံစားမှုအတွေးအာရုံထဲ ရောက်နေသည့်အချိန်မှာပင် ရဟတ်ကြီးသည် သုံးပတ်မျှ အထက်အောက် လည်ပြီးနေပြီ။ ယခု တစ်ခါ ဖြူဥ အထက်ဆုံးရောက်၍ မြေသို့ ပြန်မကျမီ လေထဲ လွင့်သွားသည့်အချိန်မှာ ရင်ထဲမှ ထိတ်ကနဲဖြစ်သွားပြီး အသည်းထဲမှာ အေးခနဲ ခံစားလိုက်ရသည်။ အောက်ဆုံးသို့ ရောက်သွားချိန်မှာ အမှတ်မထင် အပေါ်သို့ မော့ကြည့်လိုက်မိသည်။ ပေါင်ပေါ်သို့ ကျလာသည့် ပဲလှော်ခွံ နေကြခွံတွေကို ဖယ်ထုတ်ရင်း သူတို့ တမင်ပဲချချ မတော်တဆပဲကျလာကျလာ ငါ့အပေါ်ကိုမှ ကျရ သလားဟု စိတ်ထဲမှ ဒေါသဖြစ်သွား၏။ "သူတို့အားလုံး ငါ့ခေါင်း ပေါ် ရောက်နေတယ်"ဟူသော အတွေးက ဝင်လာသည်။ ဖြူဥ အတွေးတို့ကို ဖြတ်တောက်ပစ်လိုက်ကာ မျက်နှာချင်းဆိုင်လူကို သေချာကြည့်လိုက်၏။ ပြီးတော့မှ "တော်သေးရဲ့ ငါတစ်ယောက် တည်းမှ မဟုတ်။ ဘေးနားကလူ မျက်နှာချင်းဆိုင်ကလူတွေ အဖော်ရှိသေးတာပဲ"ဟု ကျေနပ်မှု ရှိသွားမိသည်။

ရဟတ်သည် အရှိန်လျှော့ကျသွားလေပြီ။ စောစောက လူငယ်ကလေးသုံးယောက်ကား အရှိန်ယူလွှဲပေးသည့်ဘက်မှ မဟုတ်တော့ဘဲ အခြားဆန့်ကျင်ဘက်မှ သွားရောက်ခိုစီးကြပြန်၏။ ရဟတ်ကြီးသည် တဖြည်းဖြည်းရပ်စ ပြုလာပြီ။ နောက်ထပ် စီးမည့်သူများလည်း ပထမနည်းတူ တန်းစီ၍ စောင့်နေကြ၏။ ရဟတ်ပေါ်မှလူတွေ တစ်ယောက်ပြီးတစ်ယောက် ဆင်းကြသည်။ အားလုံး မြေကြီးပေါ်သို့ ရောက်သွားကြလေပြီ။

**စိန်စိန်ဦး**

❑

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com

# လောင်စာ



## လောင်စာ

စနေ။ တနင်္ဂနွေ ကျောင်းပိတ်ရက်ရောက်မည်ကို ဖြူဥ မလိုလား ဆုံးပဲ။ ကျောင်းသွားနေရသည်ကို ပျော်သည်။ မိုးလင်းတာနဲ့ ကျောင်းသွားမည်။ ဆော့မည်။ ကျောင်းတက်ချိန်ရောက်လျှင် အတန်းထဲ ဝင်ထိုင်မည်။ ဆရာမ အိမ်စာပေးလိုက်သည်များကို ဖြူဥ ဘယ်တော့အခါမှ လုပ်သည်မရှိ။ ဆရာမလိုက်စစ်ပါက ဖြူဥ ရှင်းနည်းက လွယ်ပါသည်။ ရှေ့ခုံမှဖြစ်စေ။ နောက်ခုံမှဖြစ်စေ တစ်ယောက်ယောက်၏ စာအုပ်ကို ဆွဲယူကာ သူ့စာအုပ်အဖြစ် ဆရာမကို ပြလိုက်မည် ဖြစ်သည်။ တစ်ခါတစ်ရံ စာအုပ်များကို လာထပ်ရမည်ဆိုလျှင် ဖြူဥ လက်ညှိုးထောင်ကာ အိမ်သာဘက်သို့ လစ်မည်။ ဆရာမ စာသင်နေသည့် အချိန်လောက်မှ အတန်းထဲသို့ ပြန်ဝင်လေ့ရှိသည်။

ထမင်းစား ကျောင်းဆင်းချိန်ဆိုလျှင် အိမ်ကို အမြန်ပြေးမည်။ ရေချိုး။ ထမင်းစား။ မုန့်ဖိုးတောင်း။ ထိုသို့ မုန့်ဖိုးတောင်း၍ လွယ်ကူသည်မှာ ကျောင်းဖွင့်နေ၍ ဖြစ်ပါသည်။

ညနေ ကျောင်းဆင်းချိန်ဆိုလျှင် သူများတကာ အိမ်ပြန်ရောက်ချိန် ဖြူဥ မရောက်သေး။ ကျောင်းဘေးမှ မျက်နှာညို့ပြလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသော မျက်လှည့်ပွဲကြည့်ပြီးမှ ပြီးမှ ဖြူဥ အိမ်ပြန်သည်။ မျက်လှည့်ပွဲမရှိသော ရက်များမှာ ရွာထိပ်ရှိ မန်ကျည်းပင်အောက်မှာ ထိုင်ရင်း ဇယ်ခက်တမ်း ကစားနေမည်။ ဒါမှမဟုတ် မန်ကျည်းစေ့ တောက်နေမည်။ ညနေစာ စားချိန်မှ အိမ်သို့ ပြန်လာသည်။ မည်မျှပျော်စရာ ကောင်းလိုက်ပါသနည်း။

မေမေက မည်မျှဆူစေမူ ဖြူဥ သူ့ကိုပြောသည်ဟု မထင်မှတ်။ ထမင်းစားပြီးသည်နှင့် လွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ အိမ်ပေါ်သို့ တက်သွားသည်။ ဖြူဥမှာ ငါးတန်းကျောင်းသူဖြစ်ပါသည်။ အိမ်ပေါ်ရောက်သည်နှင့် စာအုပ်တစ်အုပ်ကို ထုတ်ကာ ရယ်စရာအရုပ်များကို ထိုင်ဆွဲလေ့ရှိပါသည်။ ထိုအခါမျိုးမှာ ကလေးစာကျက်နေတယ် "မဆူနဲ့"ဟု အော်ငေါက်နေသော ဘိုးဘိုး၏ အသံကို ကြားရလေ့ ရှိပါသည်။

စာမေးပွဲပြီး၍ အဆင့်တွေ ထွက်လာပါက အတန်းထဲတွင် လူခြောက်ဆယ့်ငါးယောက်ရှိသော် ဖြူဥအဆင့် ခြောက်ဆယ်ရလေ့ရှိသည်။ ထိုသည်ကိုပဲ ဝမ်းသာမဆုံး ရှိ၏။ ဖြူဥမှာ အသက်ဆယ်နှစ်ရှိပါပြီ။ ဖြူဥ၏ အတွေးတို့က အလွန် ထက်မြက်သည်ဟု ဆိုနိုင်ပါသည်။ ဖြူဥသည် အဆင့်ခြောက်ဆယ့်ငါးရသူကို စုံစမ်းသည်။ ယောကျ်ားလေးလား။ မိန်းမလေးလား။ မိန်းကလေး ဆိုပါက ထိုအဆင့် ခြောက်ဆယ့်ငါးရသူကို မိတ်ဆွေဖွဲ့၍ ပေါင်းမည်။ ပြီးလျှင် ထိုကောင်မလေးကို သူ့အိမ် ခေါ်လာမည်။ သူ့အိမ်ရောက်သည်နှင့် သူ့မေမေက ထိုကောင်မလေးကို "ဟဲ့–ကလေးမရော အဆင့်ဘယ်လောက်ရသလဲ"ဟု မေးလိမ့်မည်။ ထိုကောင်မလေးက အဆင့်ခြောက်ဆယ့်ငါးရကြောင်း ပြောလိုက်လျှင် "ငါ့သမီးကမှ တော်သေးတယ်"ဆိုသော စကားကြောင့် ဖြူဥမှာ အလိုလိုနေရင်း တော်သွားတော့သည်။





မုန့်ဖိုးကိုလည်း အငြူအစူမရှိ တောင်းလို့နေပြန်သည်။

ကျောင်းပိတ်တာနဲ့ ဖြူဥ စိတ်ညစ်သွားလေပြီ။ ဖြူဥ၏ အခွင့်ရေးမှန်သမျှအားလုံး လက်လွှတ် ဆုံးရှုံးရတော့မည်။ ဤသည်ကို ဖြူဥ မလိုလား။ မေမေ့ကို မကြောက်သော်လည်း မေမေ့ညီမတွေကို ဖြူဥ ကြောက်သည်။ သူတို့စကားပြောလျှင် စကားအဆုံးမှာ မြည်သံစွဲအလက်ာတွေ ကပ်ပါလာတော့သည်။ "ဘုန်း" "ဘင်း..." "အုန်း..." "အင်း"ဟူသော အသံများ ထွက်လာအောင် ဖြူဥ နောက်ကျောကို ဗျောတီးတော့သည်။ ထို့ကြောင့် အဒေါ်များ စကားမဆုံးမီ ခိုင်းသည့်အလုပ်ကို ပြေး၍ လုပ်ပေးရသည်။

စနေနေ့မနက်...

ဖြူဥ အိပ်ရာမှ ထသည်။ အိပ်ရာထသည်နှင့် ရေစဉ်အိုးဘေး သွားထိုင်လိုက်ပြီး မီးသွေးခဲတွေ့လျှင် သွားတိုက်သည်။ မီးသွေးခဲ မတွေ့လျှင် အိုးတိုက်ဖွဲပြာနှင့် သွားတိုက်မည်။ မျက်နှာသစ်မည်။ ပြီးသည်နှင့် အကျႌအောက်နားကို မကာ မျက်နှာသုတ်ရင်း မီးဖိုချောင်ဆီသို့ ဖြူဥ ချီတက်လေတော့သည်။ မီးဖိုချောင်တွင် မေမေရှိသည်။ မေမေသည် ဖြူဥအတွက် ထမင်းရည်ပန်းကန်ကို ဖြူဥ ဝင်လာသည်နှင့် လှမ်းပေးတော့သည်။ ဖြူဥသည် ထမင်းရည်ပန်းကန်ထဲမှ ဇွန်းကို လက်ဆေးရေအင်တုံထဲသို့ ပစ်ချကာ ထမင်းရည်ကို မော့သောက်လိုက်သည်။ ထိုအချိန်သည် ဖြူဥအတွက် အရေးကြီးဆုံးအချိန် ဖြစ်ပါသည်။ ထမင်းရည်သောက်ပြီးသည်နှင့် ရွာလယ်သို့ အရောက်ပြေးနိုင်ပါက ကလေးများနှင့် လွတ်လွတ်လပ်လပ်ကစားရပေမည်။ ထိုအချိန်တွင် သူ့အဒေါ်များနှင့် ဆုံလိုက်ရပါက တစ်နေကုန် အလုပ်လုပ်ရပေမည်။ ဖြူဥ ထမင်းရည်ပန်းကန်ကို ထားပြီး မီးဖိုထဲမှ လှည့်အထွက် ခါးထောက်ရပ်နေသော သူ့အဒေါ်ကို တွေ့လိုက်ရသည်။

"ဖြူဥ ...အိမ်ရှေ့က အပင်အောက်မှာ ဘမ်းရှိတယ်။ ဘမ်း



www.burmeseclassic.com

www.burmeseclassic.com



ထဲကို နှုတ်ခမ်းပြုတ်နေတဲ့ လင်ပန်းအဝိုင်းထည်။ အနောက်ထိပ်က နွားခြံကိုသွားပြီး နောက်ချီး(နွားချေး)ကျုံးချီ"

ဖြူဥ နှာခေါင်းရှုံ့လိုက်သည်။ သည်အလုပ် လုပ်ရမှာလောက် ရွံသည်မရှိ။ မလုပ်ချင်၍လည်း မရ။ ဘမ်းတစ်ခုတည်း ယူလျှင်လည်း သူ့ခေါင်းတစ်ခုလုံး နွားချေးရေတွေ ပေကုန်မည်။ လင်ပန်းတစ်ခုတည်း ယူသွားပြန်လျှင်လည်း ဆောက ကိုင်စရာ မပါ။ ဖြူဥသည် ဘမ်းနှင့်လင်ပန်းကို ယူ၍ စိတ်မပါ့တပါနှင့် နွားခြံဆီသို့ လျှောက်လာခဲ့သည်။

နွားခြံမှာ ဝါးလုံးတန်းများကို တစ်ပေခွဲခန့် ခွဲ၍ ရိုက်ထားခြင်း ဖြစ်ပါသည်။ ဖြူဥသည် နွားခြံဆီသို့ ရောက်သောအခါ ဝါးလုံးတန်းအောက်မှ ဘမ်းကို ထိုးသွင်းလိုက်သည်။ ပြီးတော့ ဝါးလုံးများပေါ် တက်လိုက်သည်။ အပေါ်ဆုံး ဝါးလုံးတန်းကို ခွကျော်ပြီးသောအခါ အတွင်းသို့ မဆင်းသေးဘဲ ဖြူဥက နွားခြံတွင်းသို့ အကဲခတ်ကြည့်လိုက်သည်။ နွားလေးတွေက ဟိုပြေးသည်ပြေး လုပ်နေ၏။ နွားသိုးများကိုတော့ တိုင်တွင် ကြိုးနှင့် ချည်ထားသည်။ နွားမကြီးတွေက မြေပေါ်မှာလဲလျောင်းရင်း ခေါင်းကိုထောင်ထားကာ မျက်လုံးက မှိတ်ထားသည်။ နွားချေးပုံ တော်တော်များများကိုလည်း မြင်ရသည်။

ဖြူဥသွား၍ ကျုံးထည့်လျှင် ရမှန်းသိသော်လည်း လက်ပေမည်ကို စိုးသည်။ လက်ပေမခံချင်ပါ။ ထို့ကြောင့် နွားခြံထိပ်က ဝါးလုံးတန်းပေါ်မှာ ခြေတွဲလောင်းချထိုင်ကာ နွားများအား တစ်ကောင်ပြီးတစ်ကောင် အကဲခတ်နေသည်။ သိပ်မကြာလိုက်ပါ။ ဖြူဥ ဝါးလုံးတန်းပေါ်မှ အောက်သို့ ဖုတ်ကနဲ ခုန်ဆင်းပြီး ဘမ်းကို ယူကာ နွားချေးများကို တက်မနင်းမိစေရန် ကျော်လွှား ရှောင်ရှား၍ ပြေးသွားပြီး အမြီးထောင်နေသော နွားမကြီးတစ်ကောင်၏ နောက်နားမှာ ချထားလိုက်သည်။ ဖြူဥလိုချင်သော နွားချေး





များ ဘမ်းထဲသို့ အံကျလာသည်ကို ကြည့်၍ ဖြူဥ ပီတိဖြာဝေနေပါသည်။ စိတ်ရှည်ရှည်နှင့် စောင့်လိုက်ရာ နောက်ထပ်နှစ်ကောင် သုံးကောင်လောက် အမြီးထောင်ချိန်တွင် ဖြူဥအိမ်သို့ တစ်ခေါက် ပြန်ပို့၍ ရသွားသည်။

အိမ်ရောက်သည်နှင့် ဒေါ်ဒေါ်မဲ၏ အော်သံကို ဖြူဥ ရင်ဆိုင်ရတော့သည်။

"ဟဲ့ ခုမှ တစ်ခေါက်ပဲရသေးတာလား"

"ဟုတ်တယ်။ နွားတွေ မယိုသေးလို့ ထိုင်စောင့်နေတာ"

ဖြူဥသည် နွားချေးများကို ကသစ်ပင်ခြေတွင် ပုံလိုက်သည်။

"နွားခြံထဲမှာ ဒီလောက်အများကြီးရှိနေတာကို မြန်မြန်ကျုံးပြီး မြန်မြန်ပြန်လာတာတော့ မဟုတ်ဘူး"

ဖြူဥ မျက်စောင်းထိုးကြည့်လိုက်သည်။

"ကဲ...သွားပါ။ ဒါနဲ့သူများတွေ လာကျုံးနေမှဖြင့်"

ဒေါ်ဒေါ်မဲ စကားမဆုံးခင်မှာပင်–

"မြန်မြန်ပြီးချင် ကိုယ့်ဟာကိုယ်လုပ်ပါလား"ဟု ပြန်အော်ရင်း ဖြူဥသည် အထမ်းကို ယူကာ ထွက်သွားလေတော့သည်။ သို့ဖြင့် သုံးခေါက်ခန့် သယ်ပြီးနောက် ဖြူဥ၏ ပထမတာဝန်က ပြီးသွားလေ၏။ အလုပ်ပြီးသည်နှင့် ရွာပြင်ရှိ ဘုန်းကြီးကျောင်း နံဘေးတွင် ရောင်းသော မီးသွေးဆိုင်သို့ ဒေါ်ဒေါ်မဲက လွှတ်ပြန်သည်။

"ဟင်း... မနိုင်ရင် နှစ်ခေါက်သယ်တဲ့။ ဘယ်သူက နေပူကြီးထဲ နှစ်ခေါက်သယ်ချင်မှာတုန်း၊ သူ့ဟာသူတော့ သွားမဝယ်ဘဲနဲ့"

ဖြူဥတစ်ယောက်တည်း ပွစိပွစိနှင့် ပြောကာ မျက်နှာကလည်း ရှုံ့မဲ့ထားသည်။ ဖြူဥမှာ မီးသွေးမည်းမည်းများကိုလည်း ရွံပါသည်။ မီးသွေးဆိုင်သို့ ရောက်သည်နှင့် ဆိုင်ရှေ့တွင် ပုံထားသော မှုန့်ညက်နေသည့် မီးသွေးအမှုန့်များကို ဝယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအိတ်ထဲထည့်ပြီး ဒီကြိုးနဲ့ခိုင်အောင် ချည်ပေးပါ"

"အေး...အေး"

ဖြူဉသည် ကြိုးနှင့် ခိုင်ခိုင်ချည်ထားသော မီးသွေးမှုန့်အိတ်ကို တရွတ်တိုက်ဆွဲကာ အိမ်သို့ ယူခဲ့လေသည်။ ဒေါ်ဒေါ်မဲသည် ဖြူဉ ဤသို့ လုပ်လာမည်ကို သိသဖြင့် ဘာမှ မပြောတော့။ မေမေက...

"လက်တွေပြောင်အောင်ဆေး။ ထမင်းစားမယ်"

ဖြူဉသည် အိုးထဲမှရေကို ခပ်၍ အင်တုံထဲ ထည့်လိုက်သည်။ လက်နှစ်ဖက်ကို အင်တုံထဲမှာနှစ်၍ နာနာပွတ်ဆေးနေသည်။ သူ့စိတ်ထဲမှာ နံနေသည်ဟုသာ ထင်နေသည်။ ထို့ကြောင့် ဖွဲပြာခွက်ထဲမှ ဆပ်ပြာနှင့်လက်ကို ဆေးပြန်သည်။

"ဟဲ့ လက်ဆေးနေတာ မပြီးသေးဘူးလား"

"ပြီးပါပြီ"

ဖြူဉသည် ရေများကို သူ့အင်္ကျီနှင့်သုတ်ရင်း ထမင်းစားပွဲသို့ လာထိုင်လိုက်သည်။ ထမင်းမှာ ပဲဟင်းဆမ်းထားပြီး ပန်းကန်နှုတ်ခမ်းပေါ်တွင် ငါးဖောင်ရိုးခြောက်ကြော်တစ်ကောင် ရှိသည်။ ဖြူဉသည် ခေါင်းကို ဖုံ၍ သူ့အမေ မမြင်ရန်ကွယ်ပြီး လွှင့်ပစ်လိုက်သည်။ ပြီးတော့မှ ငါးဖောင်ရိုးကို လက်နှင့်ဖဲ့ပြီး အရိုးများကို ထွင်နေလိုက်သည်။ ထိုသို့ လုပ်နေသည်ကို ဒေါ်ဒေါ်မဲ မြင်သွားပြီး ဖြူဉ ခေါင်းကို "ဒေါင်"ကနဲမြည်အောင် ခေါက်လိုက်သည်။

"အကုန်ဝါးစားရတယ်ဟဲ့။ ကြားမကြားဖူးဘူး။ ငါးဖောင်ရိုး အရိုးထွင်တယ်လို့"

ဖြူဉ နှုတ်ခမ်းရှုကာ ထမင်းကို မြန်မြန် မြန်မြန် စားလိုက်ပြီး အိမ်ပေါ်တက်ရန် ဟန်ပြင်လိုက်သည်။

"အံ့မယ်မယ်မယ်...ဒါက ဘယ်တုန်း။ ကိုယ့်အလုပ်ပြီး မပြီး မသိဘူးလား"





ဒေါ်ဒေါ်မဲအသံကြောင့် ဖြူဉက သစ်ပင်အောက်သို့ ထွက်ခဲ့သည်။ မေမေသည် ရေပုံတစ်ပုံးဆွဲ၍ ဘေးနားမှာ လာချပေးသည်။ နွားချေးနှင့် မီးသွေးမှုန့်တို့ကို ရေနည်းနည်းရော၍ နယ်ကာ အလုံးကလေးများလုပ်ပြီး နေပူသွားလှန်းရသည်။

"ဖြူဉ နည်းနည်းကြီးလုံးနော် သေးရင် မီးဆိုက်မခံဘူး"

ဖြူဉ နည်းနည်းကြီးလုံးပေးလိုက်သည်။ အိမ်အောက်ထပ်တစ်ခန်းတွင်မူ ခြောက်နေသော နွားချေးခြောက်လုံးများနှင့် ပြည့်နေလေသည်။

ဒေါ်ဒေါ်မဲသည် လက်နှစ်ဖက်ကို ရေဆွတ်ကာ နွားချေးများကို ယူလျက် အလုံးရှည်ရှည်ကြီးလုပ်ပြီး အိမ်နောက်ဝင်းထရံကို သွားကပ်ကာ ပြားနေသည်။ ပြီးတော့ လက်ချောင်းရာများနှင့် အပေါက်လုပ်ထားလိုက်သည်။ ဒေါ်ဒေါ်မဲလုပ်သွားသော နွားချေးများမှာ မြင်းလှည်း။ ပန်းပဲဖိုပို့ရန်ဖြစ်ပြီး ဖြူဉလုံးနေသော နွားချေးလုံးများမှာ အိမ်တွင်သုံးရန်ဖြစ်ပါသည်။ နွားချေးခြောက်ကို မီးသွေးထက် ပို၍ ကြိုက်ကြသည်။ အပူရှိန်ကို ပိုပြင်းပြီး မီးသွေးထက် ဈေးသက်သာ၍ ဖြစ်သည်။

ဖြူဉ နွားချေးလုံးပြီးသောအခါ ရေချိုးလိုက်သည်။ [illegible] သနပ်ခါးလိမ်းလိုက်သည်။ တစ်နေ့လုံး မကစားရသေးသော[illegible] ကစားရန် စောင်နေခြင်း ဖြစ်သည်။ ညနေရောက်မှ က[illegible] မည်။ ဖြူဉမှာ နွားချေးလုံးများကို သိမ်းရန် တာဝန်ကျနေ[illegible]

"ဟဲ့ နွေးချေးလုံးတွေ သိမ်းနေတာ ခြောက်လို့လား"

"ဒီနေ့တော့ ဘယ်ခြောက်မှာလဲ။ နက်ဖြန်မှ [illegible] လှမ်းရမှာပေါ့"

ဒေါ်ဒေါ်မဲ ဆက်မပြောတော့ဘဲ အိမ်ပေါ်တက်[illegible] ဖြူဉပျော်သွားသည်။ ဒေါ်ဒေါ်မဲ အိမ်ပေါ်တက်သွားသည်[illegible] သည် သူ၏ စကတ်ထဲသို့ နွားချေးလုံးများကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘေးနားမှ အိမ်သို့ ပြေးပို့လိုက်သည်။ နွားချေးလုံးတစ်ရာကို ရှစ်ကျပ် ရောင်းရသည်။ ဖြူဥအတွက် နှစ်ကျပ်တော့ ရတော့မည်။

ဒေါ်ဒေါ်မဲ လှမ်းအော်လိုက–

"ဟဲ့...ခုထိ မသွင်းရသေးဘူးလား"

ဒေါ်ဒေါ်မဲ လှမ်းအော်လိုက်သော်လည်း ဖြူဥ စိတ်မဆိုးတော့ပါ။ ပြုံးနေသည်။ နွားချေးလုံးတို့သည် ဖြူဥအတွက် အဖိုးတန်သော လောင်စာ ဖြစ်သွားလေပြီ။

စိန်စိန်ဦး

❑



www.burmeseclassic.com

www.burmeseclassic.com

# သတိတွေရနေတယ်



## သတိတွေရနေတယ်

ဖြစ်ပျက်နေသော သဘာဝလောကကြီးထဲမှာ ဘယ်ဟာမှ မဆန်းပေ။ ဆန်းသည်ဟု ထင်ပါက အဆန်းတို့သည် ကုန်နိုင်ဖွယ် မရှိပြီ။

"တစ်ယောက်ယောက်ကများ သတ်လိုက်တာများလား"

"သူ့ဟာသူ သေတာလဲ ဖြစ်နိုင်တာပဲ"

"မဟုတ်သေးပါဘူး ဖေဖေ သူများတွေ ဖမ်းခေါ်သွားသလားမှ မသိတာ"

"အေး...ဒါလဲ ဖြစ်နိုင်တယ်"

မရေမရာ ထင်ကြေးများပေးကာ သားအဖနှစ်ယောက် ငူတူတူနှင့် ငိုင်နေကြသည်။

"ဘာတတ်နိုင်မှာလဲ။ တို့ကိုက သူ့ကို ပေတေးလို့ နာမည်ပေးမိတာကိုး။ အဲဒီတော့ သွားချင်ရာသွား။ လုပ်ချင်ရာလုပ် ဖြစ်နေတာပေါ့"

ထိုသို့ စကားပြောနေကြစဉ် အပြင်မှ အသံကြားလိုက်ရသည်။

"ဖြူဉရေ ဧည့်သည်လာတယ်ဟေ့"

"ဟုတ်ကဲ့ဖျို့။ လာ...လာ..."

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၏မိတ်ဆွေ ကဗျာဆရာနီမောင် ဖြစ်ပါသည်။

"ဟာ...မင်းတို့သားအဖနှစ်ယောက် ဘာဖြစ်နေကြတာတုန်း မျက်နှာလဲမကောင်းဘူး"

"ကျွန်တော်တို့အိမ်က ကြောင်ကလေးပူစီ ပေတေး ပျောက်သွားလို့"

"ဘယ်အရွယ်လောက် ရှိပြီလဲ"

"တစ်နှစ်သားလောက် ရှိပြီ"

"စိုးရိမ်စရာမရှိပါဘူး။ အဲဒါဆို တောထွက်သွားတာနေမှာ ငါ့တို့အိမ်က ကြောင်တွေလဲ ဒီလိုပဲဟ။ နေပါဦး။ နင်တို့အိမ် အရင်က ကြောင်မမြင်ပါဘူး။ အဲ ကြောင်က ဘယ်က ရောက်လာတာလဲ"

"သူ့ဟာသူ ရောက်လာတာဗျာ။ မိုးတွေရွာတဲ့နေ့ မိုးဝင်ခိုပြီး နောက်ရက်ကျ မောင်းထုတ်လို့မရတာနဲ့ မွေးထားရင်းက သံယောဇဉ် ဖြစ်နေတာ"

"ဘာရောင်လဲဟ"

"အဖြူလေး။ အဝါပျောက်ကလေးတွေလဲ ပါတယ်။ သနားစရာလေး။ လူစိမ်းဆိုရင်လဲ သိပ်ကြောက်တတ်တာ။ သူ ပြန်မလာတာ သုံးရက်တောင်ရှိသွားပြီဆိုတော့ သတိတွေရနေတာပေါ့"

ဖြူဉသည် ဆော့လိုက် ပြေးလိုက် ခုန်လိုက်နှင့် ကစားနေသော ပူစီပေတေးကို မြင်ယောင်နေသည်။

မင်္ဂလာဆောင်ဖိတ်စာ ရသည်။ ဖိတ်စာရကတည်းက ဖြူဉ ပျော်နေသည်။ မင်္ဂလာဆောင်ဆိုလျှင် သူ့ဖေဖေက သွားလေ့မရှိ ဖြူဉသာ သွားရသည်။

"သမီး မင်္ဂလာဆောင်သွားမှာလား"

"ဟုတ်ကဲ့။ သွားလိုက်မယ်"

ဖြူဉသည် အဝတ်အစားလဲကာ အရပ်ထဲမှ မင်္ဂလာဆောင်





သို့ သွားလိုက်သည်။ မင်္ဂလာဆောင်မှ အပြန်တွင် ဆွေမျိုးများအိမ်သို့ ဝင်နှုတ်ဆက်လိုက်သည်။ ငါးသင်နေသည့်ဘေးတွင် ကြောင်ကလေးတစ်ကောင် ထိုင်နေသည်ကို တွေ့ရသည်။ ကြောင်လေးသည် ချစ်ရာကောင်းနေသည်။ ဖြူဉ စိတ်က မနေနိုင်တော့။ ကြောင်ကလေးကို ပွေ့ချီကာ နမ်းလိုက်တော့သည်။

"ပူစီ"

"ဝေါင်"

"ဟယ်...လိမ္မာလိုက်တာ။ ထူးတယ်။ သူ့အသံကလဲ တစ်မျိုး"

ဖြူဉ ထပ်၍ ခေါ်ကြည့်ပြန်သည်။

"ပူစီ"

"ဝေါင်"

ကြောင်ကလေးက ထူးပြန်သည်။ ကြောင်ကလေးကို ကြည့်၍ ဖြူဉ တအားချစ်သွားသည်။

"ဒေါ်ဒေါ် ဒါ...ဘယ်သူ့ကြောင်လေးလဲ"

"ဘယ်ကကြောင်မှန်း မသိပါဘူး။ ဒီကို လာနေတာကြာပြီ"

"ဒါဆို ကျွန်တော် ခေါ်သွားလိုက်ဦးမယ်"

"သဘော...သဘော"

ဖြူဉသည် ပူစီကို ထည့်ရန် "ဆာလာအိတ်တစ်လုံး" တောင်းပြီး အိတ်ထဲထည့်သည်။ အိတ်ကို ကြိုးချည်၍ စက်ဘီးရှေ့မှ ခြင်းထဲထည့်ယူကာ အိမ်သို့ ပြန်ခဲ့လေပြီ။ ပူစီကလည်း အစတော့ နှစ်ခွန်းသုံးခွန်း အော်လိုက်သေးသည်။ နောက်တော့ ငြိမ်ပြီး ပါလာခဲ့သည်။

အိမ်ရောက်သော်...

"ဖေဖေရေ...တံခါးဖွင့်ပါဦး။ ဒီမယ် ပူစီလေးလဲ ပါတယ်"

"ဘယ်နားက မိလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က ပူစီပေတေး မဟုတ်ဘူး။ သူများကြောင် တောင်း လာတာ"

အိမ်ထဲအရောက် အိတ်ကို ဖွင့်ပေးလိုက်တော့–

"လှ လှချည်လား။ ဝဝပုပု ဗိုက်တွဲလေးနဲ့"

ဖြူဥတို့ ဖေဖေလည်း ကြောင်လေးကို မြင်မြင်ချင်း ချစ် သွားသည်။ မွေးဆွတ်ပြီး အမွေးတွေက အရှည်ကြီးတွေ။ အဖြူပေါ် မှာ အဝါနှင့်အနက် ရောနေသည်။ အကွက်လေးတွေက ဟိုနား တစ်ကွက်။ မျက်နှာပေါ်မှာ အနက်လေးတစ်ကွက်ပါပြီး အမြီးကျ တော့ အဝါတစ်ရစ် အနက်တစ်ရစ် အရစ်အရစ်ကလေးတွေ ဖြစ်နေရော။ အမြီးဖျားရောက်တော့ နက်မှောင်သွားပြီး အမြီးထိပ် မှာက အဖြူပြောက်ကလေး။ သူ့ကို ဖြူဥက အမွေးရှည်မျိုးဟု လွယ်လွယ်သတ်မှတ်လိုက်သည်။ သေသေချာချာ ကြည့်လေလှလေ။

သူ့ခေါင်းမှာ အနက်ဝိုင်လေး ပါတာတွေ့လား။ အဲဒါ ဦးထုပ်ကလေးနဲ့တူတယ်တော်။ သူ့နှုတ်ခမ်းမွေးကို တိုတိုကလေး ညှပ်ပေးလိုက်ရင် ချာလီချက်ပလင်ဖြစ်သွားမှာ ပုလည်း ပုပုလေး ဆိုတော့။

ဖြူဥဖေဖေက ဖြူဥကို ပြုံးကြည့်နေသည်။ ဖြူဥမှာ အဝတ် အစားပင် မလဲနိုင်ပေ။ ပေတေးအတွက် စိတ်ညစ်နေရာမှ စိတ်ဖြေ စရာ ရသွားသည်။

"ဒါဆို သူ့နာမည်ကို ချာလီချက်ပလင်လို့ ပေးမယ်နော်"

ချာလီက ရောက်ရောက်ချင်းပဲ နေရာတွေကို လိုက်မှတ်ပါ တော့သည်။ ဖေဖေ့ရဲ့ စာအုပ်စင်ကို လိုက်နမ်းကြည့်။ လက်နှင့် တို့ကြည့်၊ အဝတ်အထည်တွေ လိုက်နမ်းကြည့်။ အခန်းပတ်ချာလည် လှည့်ကြည့်။ ပြီးတော့ လူတွေပေါ် တက်လိုက် ဆင်းလိုက်နှင့် မျက်နှာတွေကိုလည်း မော့မော့ကြည့်နေသေးသည်။ ဖြူဥက သူ့





ခေါင်းကို သွားပုတ်လိုက်တော့ လက်ကိုဆွဲပြီး သူ့ ပါးစပ်နှင့် ငုံထားလိုက်သည်မှာ ချစ်စရာလေး။

ချာလီ အမြီးကို ဖွာလိုက်တော့ ရှဉ့်မြီးလိုလို။ အမြီးကို ထောင်ကာ ဖွာထားလိုက်ပြီး ဘေးတိုက် ခုန်ဆွခုန်ဆွနှင့် ဆော့တတ် သည်။ ချာလီရောက်လာပြီး နှစ်ရက်လောက်နေတော့ ညမှာ မိုးတွေ တအားရွာပြန်သည်။ မိုးရွာနေစဉ် ရောက်လာသော ပေတေး ကို သတိရနေစဉ် အပြင်မှ ကြောင်အော်သံကို ကြားလိုက်ရသည်။ ဖြူဥ အိပ်ရာမှ လူးလိမ့်ထကာ တံခါးကို ပြေးဖွင့်လိုက်သည်။

"ပေတေး"

"ပူစီပေတေး မိုးတွေရွဲလို့"

"ပေတေး"

"ညောင်..."

ပူစီပေတေးက အိမ်ထဲဝင်လိုက်သည်။ ဖြူဥက သူ့ဖေဖေ ၏ လုံချည်ဟောင်းများနှင့် ရေများကို သုတ်ပေးလိုက်ရင်း–

"ဖေဖေ ဒီမှာ ပူစီပေတေး ပြန်ရောက်လာပြီ။ ပေတေးရယ် ဘယ်တွေလျှောက်သွားတာလဲ။ ငါဖြင့် စိတ်ပူလိုက်ရတာ။ စိတ် မကောင်းလွန်းလို့ မျက်ရည်တောင် ကျမိတယ်"

ပေတေးက တညောင်ညောင်အော်ရင်း ရေသုတ်သည်ကို ငြိမ်ခံနေသည်။ ဖေဖေ၏ အိပ်ရာထဲမှာ အိပ်သော ချာလီကလည်း ဆတိုင်ကာ မျက်လုံးအပြူးသားနှင့် ကြည့်နေသည်။ ပေတေးက ဖေဖေ့အပေါ်တက်သောအခါ ချာလီက ဖြီးခနဲလုပ်သည်။ ချာလီ က ပေတေးထက် ငယ်သည်။ ပေတေးက ဂရုမစိုက်ဘဲ ဖေဖေ့အပေါ် တက်သည်။

"ချာလီကို ပြန်ပို့လိုက်ရမလားဟင်"

"မလို့မပါဘူး။ မွေးထားမှာပေါ့"

"နှစ်ကောင် တည့်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ တည့်သွားလိမ့်မယ်"

ဖြူဉတို့ဖေဖေ ပြောတာ ဟုတ်ပါသည်။ ရက်တစ်ပတ်လောက် ကြာတော့ နှစ်ကောင်ပြောင်းဆန်ပါလေရော။ ပထမ တစ်ကောင်နှင့်တစ်ကောင် တစ်ခွီးခွီးနှင့် မာန်ဖီနေလိုက်ကြတာ ခုတော့ ဖျာလိပ်တွေဆွဲလဲ။ ဖျာလိပ်ခေါင်းထဲဝင် တဝုန်းဝုန်းနှင့် ပြေးကြလိုက်ကြ။ အိမ်ရှေ့ မန်ကျည်းပင်ပေါ်တက်လိုက်။ သူတို့နှစ်ကောင် ကစားနေသည်ကို ကြည့်ရသည်မှာ ဂျပန်နပန်းသမားတွေကို ကြည့်ရသည်နှင့်ပင် တူနေသည်။

သူတို့ကို အော်ခေါ်လိုက်လျှင် ချာလီကတော့ အပြေးလာတတ်ပြီး ပေတေးကတော့ အော်ထူးသံသာ ကြားရသည်။ ပြေးမလာ။ အတော်ကြာမှ လူနားရောက်လာသည်။ ပေတေးက လူတွေကြောက်တတ်သလောက် ချာလီက လူတွေကို တအားခင်လာသည်။ အိမ်ရှေ့လမ်းမှ ရေခပ်လာသည့် ကောင်မလေးများကို ထိုင်ပြီး စောင့်နေတတ်သည်။ ရေအိုးရွက်ပြီး ပြန်လာသည့် ကောင်မလေးများကို နောက်မှ လိုက်ပြီး ခြေသလုံးကို လက်နှင့် ပုတ်တတ်သည်။ တချို့က ခွေးလိုက်ဆွဲသည်မှတ်၍ ထွက်ပြေးကြသည်။ ကြောင်မှန်း သိ၍ ပြန်လှည့်လိုက်လျှင် သစ်ပင်ပေါ် တက်ပြေးကာ ခွကြားမှ ထိုင်၍ ကြည့်နေတတ်သည်။ လူတိုင်း ချာလီကို မြင်သည်နှင့် ခင်သွားကြသည်။

ဖြူဉတို့ အပြင်ထွက်လျှင် ချာလီသည် ခွေးများကဲ့သို့ နောက်မှနေ၍ လမ်းထိပ်ထိ လိုက်လာတတ်သည်။ ထိုကြောင့် ချာလီအတွက် စိုးရိမ်သဖြင့် ချာလီကို အိမ်ထဲထည့်ပြီး တံခါး များအလုံပိတ်၍ သော့ခတ်ထားခဲ့ရသည်။ သို့မဟုတ်လျှင် ချာလီ အဖော်ရရန်အတွက် တစ်ယောက်မဟုတ်တစ်ယောက် အိမ်စောင့်ရင်း ချန်နေခဲ့ရသည်။

ချာလီမှာ သတ္တိအလွန်ကောင်းသည်။ မကြောက်။ အိမ်ဝင်း





အတွင်းသို့ ခွေးများဝင်မှာလည်း မစိုးရိမ်ရပါ။ တံခါးဝကို ခွေးများ ကပ်လာပြီဆိုသည်နှင့် ချာလီက လက်သည်းထုတ်ကာ မျက်နှာကို ပုတ်လွှတ်တတ်သည်။ ထိုအခါ ခွေးများ အမြီးကုတ်ကာ တကိန်ကိန်နှင့် အော်ပြေးတော့သည်။ ဖြူဉတို့ မြို့သစ်ပြောင်းသော အခါမှာလည်း ချာလီကို အားကိုးရပြန်သည်။ ချာလီမှာ အသက် ငယ်သော်လည်း ပေတေးထက်ပင် ဝလည်းဝ ထွားလည်း ထွားနေပြီ။ ချာလီသည် ဖြူဉတို့ ခြံဝိုင်းထဲမှ မြွေများကို မကြာခဏ ဖမ်းပေးတတ်သေးသည်။ မြွေမည်မျှကြီးကြီး မည်သို့သော မြွေကိုမျှ ချာလီ မကြောက်။ နိုင်အောင်သတ်သည်။ သူ မြင်လိုက်ပြီဆိုလျှင် မတွေ့မချင်း စောင့်သည်။ အလွန် စိတ်ရှည်သည်။

ချာလီနှင့် ပေတေးမှာတော့ ဆန့်ကျင်ဘက် ဖြစ်သည်။ ပေတေးမှာ အိမ်မကပ်။ ပြန်ချင်သည့်အချိန်ပြန်။ တွေ့ရာစား။ ရှေ့ပေါက်ကဝင်။ နောက်ပေါက်ကထွက်။ သွားချင်ရာသွားနေတတ်သည်။ ငယ်ငယ်တုန်းကလို ချာလီနှင့် မနေတော့။ ဖြူဉသည် ချာလီအဖော်ရရန် ကြောင်မလေးတစ်ကောင်လောက် လိုချင်နေသည်။ တစ်ရက်မှာ မမျှော်လင့်ဘဲ ကြောင်မကြီးတစ်ကောင်နှင့် ကြောင်လေး သုံးကောင်ကို ခြင်းထဲထည့်ကာ လိုက်ပေးနေသော မိန်းမကြီးကို ဈေးထဲမှာ တွေ့ရသည်။ ဖြူဉသည် ထိုကြောင် မိသားစုကို ချာလီအတွက် အဖော်ရရန် တောင်းယူခဲ့လေသည်။

ကြောင်မလေးက ငယ်ငယ်ပဲ ရှိသေးသည်။ စွာလိုက်တာလည်း လွန်ရော။ ချာလီရော ပေတေးပါ သူ့အနားကို မကပ်ရဲ။ ကြောင် မိသားစုကို အိမ်ရှေ့မှလှေကားအောက်မှာ နေရာချပေးလိုက်သည်။ ပေတေးနှင့်ချာလီသည် အိမ်ပေါ်အတက်အဆင်းကို နောက်လှေကားမှ လုပ်ကြရသည်။ ရှေ့မှလာလျှင် ပူစီက ကိုက်သည်။

အစနောက်သန်သော ချာလီသည် အိမ်နောက်လှေကားမှ တက်ကာ အိမ်ရှေ့လှေကားမှ တဝုန်းဝုန်းနှင့် ပြေးဆင်းတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကြောင်မလေးသည် ချာလီကို မျက်လုံးအဝိုင်းသားနှင့် လှမ်းကြည့်နေတတ်သည်။ ဖြူဥတို့က ကြောင်မလေးကို လွယ်လွယ်ပဲ ပူစီမ ပူစီမဟု ခေါ်လိုက်ကြသည်။ သူ့ကလေးသုံးကောင်ကတော့ အထီးလေးနှစ်ကောင်နှင့် အမလေးတစ်ကောင် ဖြစ်သည်။ အဖြူကြားလေး တစ်ကောင်။ အမည်းလေးနှစ်ကောင်။ ဖြူဥက ဂျင်မီ၊ ဂျက်ကီ။ မင်ကီဟု နာမည်ပေးလိုက်သည်။

နောက်တစ်နေ့ ညနေစောင်းတော့ ပူစီမ ထွက်သွားလိုက်သည်မှာ မိုးအတော်ချုပ်သည်အထိ ပြန်မလာသေး။ မိုးလင်း၍ ကြည့်လိုက်သောအခါ ဂျက်ကီတစ်ကောင်တည်း ခြေကားယား လက်ကားယားနှင့် အော်နေသည်ကို တွေ့ရသောကြောင့် စိတ်ပူသွားမိသည်။ ဟိုနှစ်ကောင် ဘယ်ရောက်သွားပါလိမ့်။ တခြားအိမ်က ကြောင်စုန်းများ လာချီသွားသလား။ ဒါမှမဟုတ် တစ်နေရာကိုများ ခေါ်သွားသလား။ သူ့အမေကပဲ စားပစ်လိုက်သလားနှင့် တွေးမရဘဲ ဖြစ်နေသည်။ မိုးထဲရေထဲမှာ တစ်နေကုန် ထီးဆောင်း၍ လိုက်ရှာသော်လည်း ရှာမတွေ့တော့။ ထိုကြောင့် ဖြူဥသည် ဂျက်ကီကို သူ၏ အခန်းထဲခေါ်၍ သိပ်ထားလိုက်သည်။

တစ်နေကုန်ပေါ်မလာသော ပူစီမသည် ဆယ့်နှစ်နာရီ လောက်မှာ အိမ်အပြင်မှလာ၍ အော်တော့သည်။ တံခါးဖွင့်ပေး လိုက်ပြီး ဂျက်ကီကို ပြလိုက်သောအခါ ပစ်လှဲအိပ်ပြီး နို့တိုက်သည်။ နို့တိုက်ပြီးသည်နှင့် ဂုတ်မှကိုက်ချီကာ အပြင်သို့ ယူထွက်ရန် ဟန်ပြင်တော့သည်။ ဖြူဥတို့မှာ မိုးထဲလေထဲ ဂျက်ကီလေး ဒုက္ခ ရောက်မည်စိုး၍ မပေးချင်သောကြောင့် ပူစီမကို အပြင်ထုတ်၍ တံခါးပိတ်ထားလိုက်တော့သည်။ ပူစီသည် အိမ်ဘေးမှ ပတ်ချာလည် အော်ပြီး ထွက်သွားလိုက်သည်မှာ လုံးဝ ပြန်မလာတော့ပါ။ ဂျက်ကီကို နွားနို့တိုက်။ ဘီစကစ်ကျွေးနှင့် မွေးထားလိုက်ရတော့ သည်။





ချာလီသည် ဂျက်ကီကို အလွန်ချစ်သည်။ ဂျက်ကီလေး လမ်းလျှောက်တတ်ခါစတွင် ချာလီက ကစားပေးသည်။ အသတ် အပုတ် သင်ပေးသည်။ အခုန်အလွှားသင်ပေးသည်။ ပေတေးကတော့ အိမ်ကို သိပ်မကပ်တော့။ ချာလီနှင့် ဂျက်ကီကသာ အိမ်ကပ်၍ ဆော့လိုက်။ စားလိုက်။ အိပ်လိုက်နှင့် အဖွဲ့ကျနေသည်။

ချာလီသည် ဖြူဥကိုလည်း အလွန်ချစ်သည်။ ဖြူဥအိမ်ရှေ့ သွားလျှင် အိမ်ရှေ့လိုက်သည်။ အိမ်နောက်သွားလျှင် အိမ်နောက် လိုက်။ ပန်းပင်လေးတွေ ရေလောင်းနေရင်လည်း နောက်မှ တကောက်ကောက် လိုက်နေတတ်သည်။ ဖြူဥ ဈေးသွားပြီဆိုလျှင် တစ်ဝိုင်းကျော်လောက်မှနေ၍ ထိုင်စောင့်နေတတ်သည်။ ပြန်လာပြီ ဆိုလျှင် ပြေးလွှားကြိုသည်။ ပြီးတော့ စက်ဘီးပေါ် ခုန်တက်ကာ စက်ဘီးရှေ့ခြင်းထဲမှနေ၍ လိုက်လာ တတ်သည်။ ဈေးသွားသည်ကို ချာလီအိပ်ပျော်နေ၍ မသိလိုက်သော အခါများမှာ ဈေးမှ ပြန်လာ ချိန်တွင် အိမ်ရှေ့မှ "ကလင်"သံပေး လိုက်ပါက ခုန်ပေါက်ပြေးဆင်း လာကြိုတတ်သည်။ အစာကျွေးပြီ ဆိုလျှင်လည်း ဂျက်ကီစားပြီးမှ သူ စားသည်။

တစ်ရက်မှာတော့ အိမ်နောက်မှ ချာလီအော်သံကို ကြား သဖြင့် ပြေးကြည့်ရာ ချာလီကို ယိုင်တိယိုင်ထိုးနှင့် တွေ့ရသည်။ ကွပ်ပျစ်ပေါ်သို့ လှမ်းတက်နေသော်လည်း သူ့လက်များက ကွပ်ပျစ် နှုတ်ခမ်းကို မဆွဲမိဘဲ ပြုတ်ပြုတ်ကျသွားသည်။ ပါးစပ်မှလည်း အသံမပြတ် ဆက်တိုက်အော်နေသည်။ ဖြူဥ ပြေးမွေ့ကာ ကွပ်ပျစ် ပေါ်သို့ တင်ပေးလိုက်တော့ အိမ်ပေါ်ဆီသို့ ဦးတည်သွားလေသည်။ သူ့မျက်လုံးများက အနက်ဝိုင်းကြီး ဖြစ်နေသည်။ သူ သွားနေသော် လည်း ခြေလှမ်းများက ရှေ့သို့မရွေ့။ ဖြူဥတစ်ကိုယ်လုံး [illegible] နေပါသည်။ ချာလီဘာဖြစ်နေသည်ကိုလည်း သိချင်နေပါသည်။ သူသာ လူစကားပြောလျှင် ကောင်းမည်။ အိမ်ပေါ်သို့ တင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အိမ်ပေါ်ရောက်တော့ ဖေဖေ့အခန်းဆီသို့ ဒယီးဒယိုင် တိုက်၍ သွားနေပြန်သည်။ ဖြူဥဖေဖေ့ အခန်းဝရောက်သောအခါ အခန်းတွင်းသို့ ကျွမ်းပစ် ဝင်သွားလေတော့သည်။

အခန်းထဲရောက်တော့ လူးလိမ့်နေသည်။ အမွေးတွေက ထောင်နေပြီး ပါးစပ်မှလည်း သနားစရာကောင်းလောက်အောင် အော်နေသည်။ ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရမှန်း သိသာလှသည်။ ဖြူဥသည် အိမ်ရှေ့သို့ ပြေးဆင်းသွားကာ ကန်စွန်းရွက်များကို ရှုးခဲ့ပြီး အမြန်ထောင်း၍ ချာလီ၏ ပါးစပ်ထဲသို့ အရည်များ ညှစ်ချသည်။ သံပရာသီးကိုလည်း ခြမ်းကာ အရည်ညှစ်ထည့်ပေးသည်။ ချာလီက မသက်သာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လိုက် လူးလိမ့်လိုက်နှင့် တိရစ္ဆာန်ဆေးကုဆရာဝန် သွားခေါ်ရအောင်လည်း အိမ်စောင့်က မရှိ။ ချာလီကိုထားခဲ့ပြီးလည်း မသွားချင်။ မသွားရက်။ တတ်သမျှ ဘုရားစာများကို ရွတ်ကာ ချာလီကို ထိုင်ကြည့်နေလိုက်မိသည်။ ဖြူဥ တအားဝမ်းနည်းနေသည်။ ရင်တွေ ဖိုနေသည်။ ချာလီသည် အော်ရင်းအော်ရင်း အသံတွေ တိုးပျောက်သွားသည်။ အသံမထွက်တော့ပါ။

ဖြူဥ အိပ်ရာပေါ်သို့ ချာလီသည် မသက်မသာ လူးလိမ့်နေသည်။ လိမ့်နေသည်လည်း တဖြည်းဖြည်း အားပျော့လာကာ တအောင့်လောက်ကြာသောအခါ ငြိမ်သွားသည်။ ခြေဖျားလက်ဖျား လေးလောက်သာ တဆတ်ဆတ်တုန်နေသည်။ ခေါင်းကလေး မော့ကာ ဖြူဥကို လှမ်းကြည့်နေသည်။ ဂျက်ကီကမူ ချာလီကို ကြည့်လိုက်။ ဖြူဥကိုမော့ကြည့်လိုက်နှင့် ဟိုပြေးလိုက်ဒီပြေးလိုက်နှင့် ပျာယာခတ်နေသည်။ ဖြူဥ စိုက်ကြည့်နေစဉ်မှာ ချာလီသည် လုံးဝ အသက်ရှုရပ်ကာ ငြိမ်သွားတော့သည်။ ဖြူဥသည် ချာလီကို ကြည့်ရင်း ဆို့တက်လာကာ ငိုချလိုက်တော့သည်။

ဖြူဥဖေဖေ ဈေးချိုမှ ပြန်ရောက်လာတော့ ဖြူဥ ပြော





မထွက်ဘဲဖြစ်နေသည်။ မျက်ရည်များက ထိန်းမရ။ ဆို့နင့်ကာ ငိုချလိုက်တော့သည်။

"သမီး...သမီး ဘာဖြစ်လို့လဲဟင်"

ဖေဖေသည် ပျာပျာသလဲ မေးသည်။ ဖြူဥ မဖြေနိုင်။ အားရပါးရ ရှိုက်နေရာမှ အခန်းထဲသို့ ဆွဲခေါ်ကာ ချာလီကို ပြလိုက်သည်။ ဖြူဥ ဖေဖေလည်း ဘာစကားမှ မပြောတော့။ ဖြူဥကမူ အားရပါးရ ငိုလိုက်ရ၍ ရင်ထဲမှာ ပေါ့သလိုလို။

"သမီးရယ် တစ်နေ့ လူတောင်သေရဦးမှာပဲ မဟုတ်လား"

ဖြူဥ ဖေဖေက စိတ်ဖြေစကားဆိုပါသည်။ ဖြူဥနှင့် ဖြူဥဖေဖေတို့သည် မျက်ရည်များကြားမှ စိတ်တင်းကာ ချာလီကို ခြံထောင့်မှာ မြှုပ်လိုက်သည်။

ကြာပါပြီ။

နှစ်နှစ်ပင် ကျော်ပါပြီ။ ဖြူဥ မမေ့ပါ။

သတိတွေရနေတယ် ချာလီရယ်။

စိန်စိန်ဦး

❑



www.burmeseclassic.com